
mgyoe.com
SAMPLE BOOK

# ဝူဟန်ဒိုင်ယာရီ

ကျော်ကောင်းမင်း

မူရင်းတရုတ်ဘာသာမှ ပြန်ဆိုသည်



FANG FANG

WUHAN DIARY

2020.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com

SAMPLE BOOK



# FANG FANG
# WUHAN DIARY

# ဝူဟန်ဒိုင်ယာရီ

တော်တောင်းမင်း

မူရင်း တရုတ်ဘာသာမှ ပြန်ဆိုသည်

ISBN 978-99971-44-25-6

K0412

9 789997 144256 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇွန်လ၊ ၂၀၂၀ ပြည့်နှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်

တန်ဖိုး - ၅၈၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ဝူဟန်ဒိုင်ယာရီ

တော်ကောင်းမင်း

မူရင်းတရုတ်ဘာသာမှ ပြန်ဆိုသည်



FANG FANG

方方

WUHAN DIARY

武汉封城日记

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

ဖန်းဖန်းသည် ဝူဟန်အခြေစိုက် စာရေးဆရာမ ဖြစ်၏။ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသည့် သူ၏ 'အပျော့မြေမြှုပ်' *(Soft Burial)*ဝတ္ထုရှည်ကို လက်ဝဲစွန်းသမားများက ဝိုင်းဝန်း တိုက်ခိုက်ကြသဖြင့် ထုတ်ဝေတိုက်ခမျာ ထိုစာအုပ်ကို နောက်ထပ် မရိုက်နိုင်တော့ဘဲ ဆိုင်ပေါ် တင်ထားပြီး စာအုပ်များကိုပင် အကုန်ပြန်သိမ်းခဲ့ရသည်အထိ ဖြစ်ခဲ့ရဖူး၏။ ဆိုလိုသည်မှာ ဖန်းဖန်းသည် ခေသူ မဟုတ်ပါ။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် နောင်အခါ ကိုဗစ်-၁၉ (COVID-19) ဟု ဒဗလျူအိပ်ချ်အိုက ကင်ပွန်းတပ်ပေးရသည့်အပြင် အခြေအနေ ထိန်းမနိုင် သိမ်းမရတော့သဖြင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (pandemic) အဖြစ်ပင် ကြေညာပေးလာခဲ့ရသည့် ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေ ဆိုးရွားလာသဖြင့် တရုတ်အစိုးရက ဝူဟန်မြို့ကို လော့ခ်ဒေါင်းချလိုက်ရလေသည်။ ထိုအခါ ဝူဟန်မှာ နေထိုင်သည့် ဖန်းဖန်းက ဇန်နဝါရီ ၂၅ ရက်နေ့ (တရုတ်နှစ်ဆန်း တစ်ရက်နေ့)မှစပြီး ဝူဟန်လော့ခ်ဒေါင်းကာလအတွင်း မိမိ၏ ကြားမြင်တွေ့သိချက်များ၊ ခံစားချက်များကို ဒိုင်ယာရီသဖွယ် ရေး၍ မိမိ၏ စိန'ဝေပေါ်'(sina weibo) အကောင့်တွင် နေ့စဉ် မှတ်တမ်းတင်လာခဲ့လေသည်။ နောက်တော့ 'အမျိုးသားရေး' တက်ကြွ၍ 'မျိုးချစ်စိတ်' ပြင်းထန်သည်ဟုဆိုသော လက်ဝဲစွန်း

mgyoe.com

သမားများ၏ ပိုင်းဝန်းတိုက်ခိုက်မှုကြောင့် သူ့ "ဝေပေါ်" မှာ တင်ထားသည့် ဒိုင်ယာရီကို နေ့စဉ် အချိန်မှန် ဖတ်ရှုသူတွေ များပြားလာလေတော့သည်။ ဒိုင်ယာရီကို အဆုံးသတ်ပြီးနောက် မကြာမီမှာပင် အင်္ဂလိပ်ဘာသာနှင့် ဂျာမန်ဘာသာတို့သို့ အသီးသီး ပြန်ဆို၍ အမေရိကန်နှင့် ဂျာမနီတို့က စာအုပ်တိုက်ကြီးများမှ ထုတ်ဝေကြတော့မည်ဟု ကြားသိရလေသည်။

ဖန်းဖန်း ဒိုင်ယာရီ စရေးသည့် နေ့မှာ တရုတ်ရိုးရာ ပြက္ခဒိန်အရ ကိန်းဇူ နှစ်အဝင် နှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ ဖြစ်၏။ ကောင်းကင်ပင်စည်စာလုံး ၁၀ လုံးနှင့် မြေကြီးခက်ဖြာစာလုံး ၁၂ လုံးတို့ကို အလှည့်ကျ တွဲဆက်၍ သတ်မှတ်သော တရုတ်ရိုးရာပြက္ခဒိန် နှစ်သတ်မှတ်နည်းအရ ထိုကိန်းဇူနှစ် တစ်ပတ်လည်၍ ပြန်ရောက်လာဖို့ နှစ် ၆၀ ကြာလေသည်။ (ကိန်းဇူမှာ ကောင်းကင်ပင်စည်စာလုံး ၁၀ လုံးထဲက ခုနစ်လုံးမြောက်စာလုံး 'ကိန်း' နှင့် မြေကြီးခက်ဖြာစာလုံး ၁၂ လုံး ထဲက ပထမဆုံးစာလုံး 'ဇူ' ကို တွဲဆက်ထားခြင်း ဖြစ်၏။)

အနှီ ကိန်းဇူနှစ်မှာ တရုတ်သမိုင်းတွင် ကပ်ကြီးသုံးပါးထဲက တစ်ပါးပါး ဆိုက်လေ့ရှိသောနှစ် ဖြစ်သည်ဟု အဆိုရှိ၏။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ (၁၉၆၀ ပြည့်နှစ်)တုန်းက ကိန်းဇူနှစ်မှာ တရုတ်ပြည်သည် သုံးနှစ်ကြာ သရောကြီးခိုင်း၍ အငတ်ဘေးဆိုက်သော ဒုဗ္ဘိက္ခန္တရကပ်အတွင်း ကျရောက်နေခဲ့၏။ ၎င်းထက် ပို၍ ရှေးကျသည့် ၁၉၀၀ ပြည့်နှစ်တုန်းက ကိန်းဇူနှစ်မှာတော့ ထိုစဉ်က အင်အား ချည့်နဲ့နေပြီ ဖြစ်သော မန်ချူးမင်းဆက် တရုတ်အင်ပါယာကြီးကို ဂျာမန်အင်ပါယာ၊ ဂျပန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ အီတလီ၊ သြစတြီးယား-ဟန်ဂေရီ အင်ပါယာ တည်းဟူသော အင်အားကြီး ရှစ်နိုင်ငံ မဟာမိတ်တပ်ပေါင်းစုက ကျူးကျော်တိုက်ခိုက်၍ ပီကင်းမြို့တော်ကိုပင် သိမ်းပိုက်ပစ်ခဲ့ကြသဖြင့် သတ္ထန္တရ ကပ် ဆိုက်ခဲ့လေသည်။ နောက်ဆုံးတွင် မန်ချူးမင်းဆက်က လျော်ကြေးတွေ နှင့်နေအောင် ပေးပြီးမှ စစ်ပြေငြိမ်းနိုင်ခဲ့လေ၏။ သူ့ရှေ့က ၁၈၄၀ ပြည့်နှစ်၏ ကိန်းဇူနှစ်မှာလည်း အလားတူ သတ္ထန္တရကပ်ဆိုက်၍ တရုတ်နှင့် အင်္ဂလိပ် ပထမ ဘိန်းစစ်ပွဲ ဖြစ်ခဲ့လေသည်။

ယခုတစ်ကြိမ် ၂၀၂၀ ပြည့်နှစ်၏ ကိန်းဇူနှစ်မှာလည်း နှစ်သစ်ကူးသည် နှင့် လူပေါင်းများစွာ ရောဂါပိုး ကူးစက်ခံရ၍ သေကြေကြရသော ရောဂန္တရကပ်

mgyoe.com

m gyoe.com SAMPLE BOOK

ဆိုက်လာခဲ့လေသည်။ သို့သော် ပီပီပြင်ပြင် ထိန်းချုပ်နိုင်ခဲ့သဖြင့် ယခုအခါ တရုတ်ပြည်မှာ ကပ်ရောဂါအခြေအနေ သိသိသာသာ သက်သာ ကောင်းမွန်လာပြီ ဖြစ်သည်သာမက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများကိုပင် ကပ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အကူအညီအမျိုးမျိုး ပေးလာနိုင်ပြီ ဖြစ်သည်။ သို့ဖြစ်လင့်ကစား ထိုကပ်ရောဂါကြီးမှာ ကမ္ဘာတစ်ဝန်းလုံး ကူးစက်ပြန့်ပွား၍ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားလာခဲ့လေပြီ။ သို့ဖြစ်သောကြောင့် ထိုကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဒဏ်ကို အလူးအလဲ ခံနေရသော အမေရိကန်အမှူးပြုသည့် နိုင်ငံတစ်စုက ဝူဟန်မြို့မှ စတင်ဖြစ်ပွားသည့်အချက်ကို ထောက်ကာ တရုတ်ပြည်အား အရေးယူဖို့ ပြောလာနေကြပြီ။

ဝူဟန်မြို့မှ စတင်ဖြစ်ပွားသောကြောင့် ဝူဟန်ဗိုင်းရပ်စ်ဟု ကနဦးအစက လူသိများခဲ့သည့် 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ ဒဗလျူအိပ်ချ်အိုက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ကျမှသာ Public Health Emergency of International Concern (PHEIC) အဖြစ် ကြေညာပေးနိုင်ခဲ့ပြီး ကိုဗစ်-၁၉ (COVID-19) ဟု ကင်ပွန်းတပ်ထားသော ထိုကပ်ရောဂါကြီးကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့ကျမှသာ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (pandemic) အဖြစ် သတ်မှတ်နိုင်ကြောင်း ကြေညာပေးခဲ့ခြင်း ဖြစ်သည်။

ဖန်းဖန်း သူ့ဒိုင်ယာရီကို အဆုံးသတ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်နှင့် မရှေးမနှောင်း ဖြစ်သည့် မတ်လ ၂၃ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် မြန်မာပြည်မှာလည်း COVID-19 ဓာတ်ခွဲအဖြေ ပိုးတွေ့ရှိသူ ရှိပြီဖြစ်ကြောင်း ဇတင်ကြေညာခဲ့လေသည်။ ထိုမှတစ်ဆင့် သင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း stay-at-home နေကြရ၊ သတိရတိုင်း လက်ဆေးကြရ၊ social distancing လုပ်ကြရ၊ မဖြစ်မနေ အပြင်ထွက်ရလျှင် mask တပ်ကြရနှင့် ဖြစ်လာခဲ့လေပြီ။

ဤ ဖန်းဖန်း၏ ဝူဟန်ဒိုင်ယာရီကို အစောပိုင်းကတည်းက ကြားသိရ၍ ထုံ့ပိုင်းထုံ့ပိုင်း ဖတ်ဖြစ်မိသေး၏။ ဖတ်မိသည့်အလျောက် စိတ်ထဲကလည်း ဘာသာ စမ်းပြန်ကြည့်မိ၏။ သို့သော် အပြည့်အစုံ မရှိသဖြင့် စိတ်တော့ သိပ်မပါခဲ့ပါချေ။ သို့နှင့် နေလာခဲ့ရာ သင်္ကြန်ကာလ ရောက်လာသောအခါ ကံ့ကော်ဝတ်ရည်

mgyoe.com

စာပေမှ အန်တီဝိုင်းက ဖုန်းဆက်လာပြီး ဖန်းဖန်း၏ ဝူဟန်ဒိုင်ယာရီကို ထုတ်ဝေလိုသဖြင့် ဘာသာပြန်ပေးဖို့ ပြောဆိုလာလေသည်။ ကိုဉာဏ်သာကလည်း ဘာသာပြန်ဖို့အတွက် မူရင်း pdf ဖိုင် အပြည့်အစုံကို အချိန်နှင့်တစ်ပြေးညီ ပို့လာပေးလေ၏။ သို့နှင့်ပင် stay-at-home နေနေရမည့်အတူတူ အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရလိုရငြား ပြန်ဖြစ်မိပါသည်။ ဖန်းဖန်း၏ ဝူဟန်ဒိုင်ယာရီမှာ ဝူဟန် လော့ဒေါင်းကာလအတွင်း ထိုမြို့၌ အိမ်တွင်းအောင်းနေခဲ့ရသည့် စာရေးသူတစ်ယောက်၏ ကြားမြင်တွေ့သိချက်များ၊ ခံစားချက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်၍ ကိုဗစ်ကပ်ဆိုးအတွင်း ကမ္ဘာ့ပထမဆုံး ပီပီပြင်ပြင် လော့ဒေါင်းချခံခဲ့ရသည့် မြို့ကြီးထဲက ဘဝတွေအကြောင်းကို ရှုထောင့်တစ်မျိုးမှ လေ့လာခွင့် ရနိုင်မည် ဖြစ်လေသည်။ ဘာသာပြန်ဖြစ်အောင် အားပေးတိုက်တွန်းကြသော ထုတ်ဝေသူ အန်တီဝိုင်းနှင့် ကိုဉာဏ်သာတို့ကို ကျေးဇူးတင်ပါသည်။

*တော်ကောင်းမင်း*

*၂၀ မေ ၂၀၂၀*

mgyoe.com

mgyoe.com

SAMPLE BOOK



# ဖန်းဖန်း

၁၉၅၅ ခုနှစ်ဖွား။ အမည်ရင်း ဝမ်းဖန်း။ နန်ကင်းဇာတိ။ ဟူပေပြည်နယ် ဝူဟန်မြို့၌ ကြီးပြင်း အရွယ်ရောက်။ တရုတ် ခေတ်ပြိုင် အမျိုးသမီး စာရေးသူ။ ယခင် ဟူပေပြည်နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ။

၂၀၁၉ ခုနှစ် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားချိန်တွင် ဝူဟန်သည် တရုတ်ပြည်၏ ကပ်ရောဂါဖြစ်ပွားရာ ဗဟိုချက် (epicentre) ဖြစ်လာခဲ့။ ကပ်ရောဂါကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် တရုတ်အစိုးရက လော့ဒေါင်းချသည့်နည်းကို လက်ခံကျင့်သုံး၍ ၂၃ ဇန်နဝါရီ၊ ၂၀၂၀ တွင် ဝူဟန်မြို့ကို လော့ဒေါင်းချ။ ဝူဟန်၌ နေထိုင်သည့် ဖန်းဖန်းလည်း ၂၅ ဇန်နဝါရီ ၂၀၂၀ မှစ၍ မိမိ၏ 'စီနဝေပေါ်'(sina weibo) အကောင့်တွင် ဖန်းဖန်းဒိုင်ယာရီကို နေ့စဉ် ရေးတင်လာခဲ့ရာ ရက်ပေါင်း ၆၀ ပြည့်အောင် ရေးလာခဲ့ပြီးနောက် မတ်လ ၂၄ ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။

✣

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း တစ်ရက်နေ့ (ဇန်နဝါရီ ၂၅)

## ကပ်ရောဂါကို တစ်စက်မှ မရှုံးတဲ့ အဆင့်မြင့်နည်းပညာရဲ့ ယုတ်မာချက်

ကျွန်မ 'ဝေပေါ်'(weibo) တင်လို့ ရ မရ မသိဘူး။ ဟိုတစ်လောက လူငယ်တွေ လူစုလူဝေးနဲ့ လမ်းပေါ် ထွက်ဆဲကြတာကို ဝေဖန်ခဲ့လို့ ကျွန်မရဲ့ 'ဝေပေါ်' အကောင့် အပိတ်ခံခဲ့ရတယ်။ (ကျွန်မကတော့ မိမိအမြင်ကို ခိုင်မြဲစွာ စွဲကိုင်ထားဆဲပါ။ မျိုးချစ်စိတ်ရှိကြောင်း ပြချင်တယ်ဆိုတိုင်း လူစုလူဝေးနဲ့ လမ်းပေါ် ထွက်ဆဲတာကို ဂုဏ်မယူကြစေချင်ဘူး၊ အဲဒါက လူ့ယဉ်ကျေးမှုပြဿနာ။) ကွန်ပလိန်းတက်လို့လည်း မရ၊ တရားစွဲလို့လည်း မရ။ အဲဒါကြောင့် စိန'ဝေပေါ်'(sina weibo)ကို တော်တော်လေး စိတ်ပျက်မိပြီး နောက်နောင် 'ဝေပေါ်' ဘယ်တော့မှ မသုံးတော့ဘူး အထိတောင် စဉ်းစားလာမိတယ်။

ဒါပေမဲ့ မထင်မှတ်ဘဲ ဒီကနေ့ ဝူဟန်မှာ ဒီလို ဆိုးရွားတဲ့ ဖြစ်စဉ် ဖြစ်လာခဲ့တယ်။ ဝူဟန်ဟာ တစ်နိုင်ငံလုံးရဲ့ ဗဟိုချက် ဖြစ်လာတယ်။ လော့ဒေါင်း (lockdown) ချခံရတယ်။ ဝူဟန်သူ၊ ဝူဟန်သားတွေ နေရာတကာမှာ အပယ်ခံ၊ အနှိမ်ခံ ဖြစ်လာကြရတယ်။ ကျွန်မလည်း မြို့ထဲမှာ ပိတ်မိလာခဲ့တယ်။ ဒီနေ့ အစိုးရက အမိန့်ကြေညာစာ ထပ်ထုတ်တယ်။ ဗဟိုချက် မြို့နယ်တွေမှာ ဒီည သန်းခေါင်ယံ ၀၀:၀၀ နာရီကစပြီး စက်တပ်ယာဉ် မောင်းနှင်သွားလာခွင့်ကို ပိတ်ပင် တားမြစ်လိုက်ပြီတဲ့။ ဖြစ်ချင်တော့ ကျွန်မ နေနေတဲ့ နေရာကလည်း ဗဟိုချက်မြို့နယ်ထဲမှာ။ လူတွေ

mgyoe.com

mgyoe.com
SAMPLE BOOK


အတော်များများ သတင်းမေးကြတယ်။ ပရိုက်ဗိတ်မက်ဆေ့ ပို့တဲ့လူတွေလည်း ရှိတယ်။ အားလုံးရဲ့ ဂရုစိုက်မှုနဲ့ သတင်းမေးမှုတို့က ကျွန်မတို့လို အိမ်ထဲ ပိတ်ခံနေရသူတွေရဲ့ ရင်ကို လွန်စွာမှ နွေးထွေးစေတယ်။ ခုနကပဲ ကောက်သစ်က ချိန်ယုံရှင်း မက်ဆေ့ ပို့လာပြီး 'လော့ဒေါင်းမှတ်တမ်း' လေး ရေးကြည့်ပါလားလို့ ပြောတယ်။ အဲဒါနဲ့ ကျွန်မလည်း စဉ်းစားမိတယ်။ ကျွန်မ 'ဝေပေါ်'အကောင့်ကသာ စာတွေ ဆက်ပြီးတင်လို့ ရဦးမယ်ဆိုရင် ဆက်သုံးသင့်တယ်ပေါ့။ ဂူဟာန်ရဲ့ လက်ရှိ အခြေအနေမှန်ကိုလည်း အားလုံး သိရတာပေါ့။

တစ်ခုပဲ ရှိတာ အခုရေးတဲ့ ဒီစာကို ကျွန်မ တင်လို့ ရနိုင်၊ မရနိုင်ပဲ၊ အကယ်၍ မိတ်ဆွေတို့ မြင်ရတယ်၊ ဖတ်လို့ရတယ် ဆိုရင် အောက်မှာ ကောမန့်ပေးခဲ့ကြပါ။ ဒါမှ ကျွန်မ တင်လိုက်တာ လိုင်းပေါ် ရောက်သွားလား၊ ရောက်မသွားဘူးလား သိရမှာပါ။ 'ဝေပေါ်'မှာက နည်းပညာတစ်မျိုး ရှိတယ်။ အဲဒါကတော့ ကိုယ်ကသာ ကိုယ်တင်လိုက်တဲ့ ပို့စ်ကို လိုင်းပေါ်ရောက်သွားပြီ မှတ်နေတာ၊ ဒါပေမဲ့ တကယ်တမ်းမှာတော့ အဲဒီပို့စ်ကို ဘယ်သူမှ မမြင်ရ၊ ဖတ်လို့ မရဘူး။

အဲဒီနည်းပညာ ရှိမှန်း သိရပြီးကတည်းက အချက်တစ်ချက်ကို နားလည်လာခဲ့တယ်။ အဲဒါကတော့ ကပ်ရောဂါကို တစ်စက်မှမရှုံးတဲ့ အဆင့်မြင့်နည်းပညာရဲ့ ယုတ်မာချက်ပဲ။

ခုတော့ ဒါလေး အရင် စမ်းတင်ကြည့်တာပေါ့။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း နှစ်ရက်နေ့ (ဇန်နဝါရီ ၂၆)

### ဟူပေ အာဏာပိုင်တွေရဲ့ စွမ်းဆောင်ရည်ဟာ တကယ်တော့ တရုတ်အာဏာပိုင်တွေရဲ့ ပျမ်းမျှစွမ်းဆောင်ရည်ပဲ

အားလုံးရဲ့ အရေးတယူရှိမှုနဲ့ ဂရုတစိုက်ရှိမှုတို့အတွက် ကျေးဇူးတင်ပါတယ်။ ဝူဟန်ဟာ အကျပ်အတည်းကြီးထဲမှာ ရှိနေတုန်းပါပဲ။ လူတွေဟာ အစအဦးပိုင်းတုန်းက ထိတ်လန့်မှုတွေ၊ အကူမဲ့မှုတွေ၊ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေကနေ ကျော်ဖြတ်လာနိုင်ခဲ့ပြီး အခုချိန်မှာ အများကြီး စိတ်တည်ငြိမ်အေးချမ်းမှု ရှိလာပြီဆိုပေမယ့် အားလုံးဆီက နှစ်သိမ့်အားပေးမှုကိုတော့ လိုအပ်နေဆဲ ဖြစ်ပါတယ်။ ဒီကနေ့မှာ အနည်းဆုံးတော့ ဝူဟန်သူ၊ ဝူဟန်သား အများစုဟာ ဆောက်တည်ရာမရတဲ့ အနေအထားမျိုး မဟုတ်တော့ပါဘူး။ မူလက ကျွန်မက ဒီဇင်ဘာ ၃၁ ရက်နေ့က စပြီးတော့ ကျွန်မရဲ့ ဒီတစ်လောမှာ ခံစားရတဲ့ သတိကြီးမှုကနေ ပြေလျော့လာတဲ့အထိ ဖြစ်စဉ်တစ်ခုလုံးကို ရေးမယ်လို့ စိတ်ကူးထားခဲ့တာ။ ဒါပေမဲ့ ဒီလိုရေးလိုက်ရင် သိပ်ရှည်သွားလိမ့်မယ်။ ဒါကြောင့်မို့ ကျွန်မက ခုရက်ပိုင်း ကြုံတွေ့ရတဲ့ ခံစားချက် အသစ်တွေကိုပဲ အရင်ဦးဆုံး ရေးပြီးတော့မှ ‘လော့ဒေါင်းမှတ်တမ်း’ ကို ဖြည်းဖြည်းချင်း ဆက်ရေးပါမယ်။

တရုတ်နှစ်ဆန်းနှစ်ရက်။ မိုးအေး လေအေးပဲ။ သတင်းကောင်း ရှိသလို သတင်းဆိုးလည်း ရှိတယ်။ သတင်းကောင်းကတော့ နိုင်ငံတော်ရဲ့ ကူညီထောက်ပံ့

mgyoe.com

mgyoe.com

မှုတွေ တစ်စတစ်စ အားကောင်းလာပြီ၊ ကျန်းမာရေးဝန်ထမ်းတွေ ဝူဟန်ကို အလုံးအရင်းနဲ့ ရောက်လာကြပြီ စသည်ဖြင့် စသည်ဖြင့်ပေါ့။ အဲဒီအတွက် ဝူဟန်သူ၊ ဝူဟန်သားတွေလည်း အများကြီး စိတ်အေးလာခဲ့ရပါတယ်။ ဒါတွေက အားလုံးသိပြီးဖြစ်တဲ့ သတင်းပါ။ ကျွန်မတို့အတွက် သတင်းကောင်းကတော့ ခုချိန်အထိ ကျွန်မရဲ့ ဆွေမျိုးတွေထဲမှာ တစ်ယောက်မှ ကူးစက်မခံရသေးတာပဲ။ ကျွန်မအစ်ကိုလေးက ကပ်ရောဂါဗဟိုချက်မှာ နေထိုင်နေတာပါ။ ဟွာနန် ပင်လယ်စာဈေးနဲ့ ဟန်ခို ဗဟိုဆေးရုံကြီးတို့က သူ့အိမ်နားမှာပဲလေ။ နောက်ပြီး အစ်ကိုလေးက ကျန်းမာရေး ကောင်းလှတာ မဟုတ်ဘူး။ ဒီမတိုင်ခင်ကလည်း အဲဒီဆေးရုံကြီးကို ခဏခဏ တက်ခဲ့ရဖူးတယ်။ ကံကောင်းလို့ အစ်ကိုလေးတို့ လင်မယားနှစ်ယောက်စလုံး ဘာမှ မဖြစ် ကြတယ်။ အစ်ကိုလေး ပြောပြချက်အရ သူတို့က ဆယ်ရက်စာ ရိက္ခာအပြည့် သိုလှောင်ထားပြီးသားမို့ အပြင်ထွက်စရာ လုံးဝ မလိုဘူးတဲ့။ ကျွန်မရယ်၊ သမီးရယ် နောက်ပြီး ကျွန်မအစ်ကို မိသားစုရယ်က ဝူချန်းမှာ နေကြတာ။ မြစ်ခြားထားလို့ ဟန်ခိုလောက်တော့ အန္တရာယ် မများပါဘူး။ အားလုံးလည်း ကျန်းကျန်းမာမာ ရှိကြပါတယ်။ အိမ်ထဲမှာ ပိတ်လှောင်ခံထားရပေမယ့် ငြီးငွေ့စရာလို့တော့လည်း မခံစားမိကြပါဘူး။ ကျွန်မတို့လည်း အိမ်တွင်းအောင်းရတာ အကျင့်ဖြစ်နေတဲ့ လူတွေမို့လို့နဲ့ တူပါတယ်။ ရပ်ဝေးကနေ မိဘအိမ် ပြန်ကြမယ့် တူမလေးတို့ သားအမိပဲ နည်းနည်း စိတ်ပူနေကြတာ။ မူလက ၂၃ ရက်နေ့မှာ ဝူဟန်ကနေ ကွမ်ကျိုးကို မြန်နှုန်းမြင့်ရထား စီးသွားပြီး သူ့အမျိုးသားရယ်၊ သူ့ယောက္ခမ လင်မယားရယ်နဲ့ ဆုံကြဖို့ စီစဉ်ထားတဲ့ဟာ (တကယ်သာ သွားဖြစ်ခဲ့ရင်လည်း အခြေအနေက ဝူဟန်ထက် ဘယ်လောက်မှ ပိုကောင်းနိုင်မယ် မထင်ပါဘူး။) တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာပဲ ဝူဟန်ကို လော့ဒေါင်းချလိုက်တာကြောင့် မသွားဖြစ်တော့ဘူး။ လော့ဒေါင်းက ဘယ်လောက် ကြာမှာလဲ၊ အလုပ်အကိုင် ထိခိုက်နိုင်မလား၊ ကလေးတွေ ကျောင်းကိစ္စ ထိခိုက်နိုင်မလား၊ ဒါတွေအားလုံးက ပြဿနာတွေချည်းပဲ။ ဒါပေမဲ့ သူတို့က စင်ကာပူပတ်စပို့ ကိုင်ဆောင်ထားသူတွေ ဖြစ်လို့ မနေ့က စင်ကာပူအစိုးရဆီကနေ သူတို့ဆီကို အကြောင်းကြားလာတယ်။ ဒီရက်ပိုင်းမှာ ဝူဟန်ကို လေယာဉ်စေလွှတ်ပြီး သူတို့ကို ပြန်လာခေါ်သွားပေးမယ်တဲ့ (ဝူဟန်မှာလည်း ပြည်ပရောက် စင်ကာပူနိုင်ငံသားတွေ မနည်းလောက်ဘူး)။ ဟိုကို ပြန်ရောက်ရင် ၁၄ ရက် ကွာရန်တင်း ဝင်ရမယ်တဲ့။ ဒီသတင်း ကြားရတော့မှ အားလုံး ရင်ထဲက အလုံးကြီး ကျသွားတော့တယ်။

mgyoe.com

ပိုကောင်းတဲ့ သတင်းကောင်းကတော့ သမီးဖေဖေရဲ့ သတင်းပဲ။ သူက ရှန်ဟဲမှာ ဆေးရုံတက်နေတာ။ အစပိုင်း ခါတ်မှန်ရိုက်ကြည့်တုန်းက အဆုတ်မှာ အကွက်တွေ ထင်နေတယ် ဆိုပေမယ့် မနေ့ကတော့ ဆေးရုံက သူ့ကို သာမန်အအေးမိတာပဲ ဖြစ်မယ်၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရတာ မဟုတ်ဘူးလို့ ပြောပြီး ဒီကနေ့ပဲ ဆေးရုံကနေ ဆင်းခွင့်ပြုလိုက်တယ်။ ဒါကြောင့်မို့ ရှေ့ရက်တွေတုန်းက သူနဲ့ ထမင်း အတူတူစားခဲ့ဖူးတဲ့ သမီးလည်း မိမိနေအိမ်မှာ တင်းတင်းကျပ်ကျပ် ကွာရန်တင်းနေဖို့ မလိုတော့ဘူးပေါ့ (သမီးဆီကို နှစ်သစ်ကူးမတိုင်မီ ရှေ့တစ်ရက်ကပဲ ကျွန်မကိုယ်တိုင် မိုးထဲလေထဲ ကားမောင်းပြီး ထမင်း သွားပို့ခဲ့ရတာ။)။ ဒီလို သတင်းကောင်းတွေ နေ့တိုင်း ကြားချင်လှပါဘိ။ မြို့ကို လော့ဒေါင်းချထားပေမယ့်၊ အိမ်ထဲ ပိတ်လှောင်ခံထားရပေမယ့် အနည်းဆုံးတော့ ကျွန်မတို့ ရင်ထဲ နည်းနည်းပေါ့ပါး ရတာပေါ့။

သတင်းဆိုးလည်း ရှိပါတယ်။ မနေ့ နေ့ခင်းတုန်းက သမီးက ကျွန်မကို ပြောပြတယ်။ သူ့အသိတစ်ယောက်ရဲ့ အဖေ (နဂိုကတည်းက အသည်းကင်ဆာရှိသူ) ဆေးရုံကို စောင့်ကြည့်လူနာအဖြစ် ပို့ခံလိုက်ရပြီး ကယ်တင်ကုသပေးမယ့်သူ မရှိဘဲ သုံးနာရီအတွင်း သေဆုံးသွားခဲ့တယ်တဲ့။ အဲဒါ လွန်ခဲ့တဲ့ နှစ်ရက်က အဖြစ်အပျက် ဖြစ်လောက်မယ် ထင်တယ်။ ဖုန်းထဲမှာ ပြောပြရင်း သူလည်း တော်တော် စိတ်မကောင်းဖြစ်နေမိတယ်။ မနေ့ညတုန်းကတော့ ဌာနက ရှောင်လီ ဖုန်းဆက်လာတယ်။ ကျွန်မ နေထိုင်ရာ စာပေအသင်း အိမ်ရာဝင်းကြီးထဲမှာ ကူးစက်ခံရသူ နှစ်ယောက် တွေ့ရှိထားတယ်တဲ့။ အသက် သုံးဆယ်ကျော်တွေ၊ မိသားစုတစ်ခုတည်းကပဲတဲ့။ အဲဒါ ကျွန်မကိုလည်း သတိရှိရှိနေပါတဲ့။ သူတို့နေတဲ့ နေရာက ကျွန်မအိမ်နဲ့ မီတာ နှစ်ရာ၊ သုံးရာလောက်ပဲ ဝေးတယ်။ ဒါပေမဲ့ ကျွန်မက ကိုယ့်အိမ်၊ ကိုယ့်ဝင်းနဲ့ တသီးတသန့် နေနေတာမို့လို့ သိပ်ပြီးတော့လည်း တိုးပြီး မစိုးရိမ်မိပါဘူး။ သူတို့နဲ့ တစ်ဝင်းတည်း၊ တစ်တိုက်တည်း အတူနေတဲ့ အိမ်နီးချင်းတွေကတော့ နည်းနည်း စိုးရိမ်ကြပြီပေါ့။ ဒီကနေ့လည်း လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ပြောတယ်။ သူတို့ဟာက လက္ခဏာပျော့ ကူးစက်မှုဖြစ်လို့ နေအိမ်မှာပဲ ကွာရန်တင်း နေပြီး ကုသရမယ်တဲ့။ လူငယ်လည်း ဖြစ်၊ ကျန်းမာရေးလည်း ကောင်း၊ လက္ခဏာပျော့ ကူးစက်မှုလည်း ဖြစ်တာကြောင့်မို့ အမြန်ဆုံး ပြန်ကောင်းသွားမှာပါတဲ့။ သူတို့တစ်တွေ အမြန်ဆုံး ပြန်လည်ကျန်းမာပါစေလို့ ဆုတောင်းပါတယ်။

mgyoe.com

mgyoe.com

မနေ့က ဟူပေ သတင်းစာ ရှင်းလင်းပွဲကတော့ တကယ်ကို လူပြော သူပြော များသွားပါတယ်။ တော်တော်များများဆီက ကဲ့ရဲ့ ဝေဖန်သံကို ကြားရ၊ မြင်ရပါတယ်။ အရာရှိသုံးယောက်ရဲ့ စိတ်ဓာတ်ကျ နွမ်းလျမှုအပြည့်နဲ့ မျက်နှာ အမူအရာတွေ၊ အမှားမှား အယွင်းယွင်း ပြောမိတာတွေက သူတို့ရဲ့ စိတ်ထဲမှာ လည်း ဘယ်လောက်တောင် ယောက်ယက်ခတ်နေပြီ ဆိုတာကို ပြနေတာပါပဲ။ တကယ်တော့ သနားစရာလည်း အင်မတန် ကောင်းပါတယ်။ သူတို့ အိမ်သားတွေ လည်း ဝူဟန်မှာ ရှိကြလောက်မပေါ့။ သူတို့ရဲ့ မိမိကိုယ်ကိုယ် အပြစ်တင်မှုဟာ တကယ့်စိတ်ရင်းအမှန် ဖြစ်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ဘာဖြစ်လို့ ဒီအခြေထိအောင် ဆိုက်လာရတာလဲ။ နောက်ကြောင်းပြန်ကောက်ရင် အဖြေက သူ့အလိုလို ပေါ်လာမှာပါ။ ဝူဟန် အာဏာပိုင်တွေရဲ့ ကပ်ရောဂါအစောပိုင်းကာလ ပေါ့ဆမှု၊ မြို့ကို လော့ဒေါင်းချခါနီးနဲ့ လော့ခ်ဒေါင်းချပြီးနောက် အိုးနင်းခွက်နင်း ဖြစ်မှုတို့ကြောင့် ပြည်သူတွေ ကြုံတွေ့လာရတဲ့ ကြီးစွာသော ထိတ်လန့်မှု၊ ဝူဟန်သူ၊ ဝူဟန်သားတွေဆီ ဆောင်ကြဉ်းပေးလာတဲ့ ထိခိုက်နစ်နာမှုတွေ အကြောင်းကို ကျွန်မ နောက်မှာ အသေးစိတ် ရေးပြပါမယ်။ ဒါပေမဲ့ အခု ကျွန်မ ပြောချင်တာက ဝူဟန်အာဏာပိုင်တွေရဲ့ စွမ်းဆောင်ရည်ဟာ တကယ်တော့ တရုတ်အာဏာပိုင် တွေရဲ့ ပျမ်းမျှစွမ်းဆောင်ရည်ပဲ ဖြစ်တယ် ဆိုတာကိုပါ။ သူတို့က တခြားအာဏာ ပိုင်တွေ၊ တခြားအရာရှိတွေထက် ပိုညံ့ကြလို့ မဟုတ်ပါဘူး။ ကံပိုဆိုးတာလို့ပဲ ဆိုရမှာပါ။ အရာရှိတွေရဲ့ ဓလေ့ထုံးစံဟာ ညွှန်ကြားချက် အမိန့်စာတွေအတိုင်း အလုပ်လုပ်ကြရတာမို့ ညွှန်ကြားချက် အမိန့်စာတွေ မရှိတော့တာနဲ့ သူတို့လည်း အိုးနင်းခွက်နင်း ဖြစ်လာကြတော့တာပေါ့။ ဒီလိုအဖြစ်မျိုး အခြားပြည်နယ် တစ်ခုခုမှာ အဲဒီတစ်ချိန်တည်းမှာပဲ ဖြစ်ပွားခဲ့ရင်လည်း ဟိုက အရာရှိအာဏာပိုင် တွေရဲ့ စွမ်းဆောင်ရည်ဟာ ဟူပေထက်တော့ ပိုသာစရာ မရှိပါဘူး။ အရာရှိလောက ကောင်းသူပယ်ခြင်းရဲ့ ဆိုးကျိုး၊ နိုင်ငံရေးမှန်ကန်မှုတွေချည်း ထိုင်ပြောပြီး လက်တွေ့ ကျကျ ဆောင်ရွက်မှု မရှိခြင်းရဲ့ ဆိုးကျိုး၊ လူတွေကို အမှန်ပြောခွင့် မပြုခြင်း၊ မီဒီယာတွေကို အမှန်တင်ပြခွင့် မပြုခြင်းတို့ရဲ့ ဆိုးကျိုး၊ အဲဒီဆိုးကျိုး အသီးအပွင့် တွေကို ကျွန်မတို့ တစ်ခုပြီးတစ်ခု စားသုံးကြရတော့မှာပါ။ ဝူဟန်က လက်ဦးသွား တယ် ဆိုတာလည်း အကြီးတစ်ခုကို အရင်ဦးဆုံး စားလိုက်မိတဲ့ သဘောပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း သုံးရက်နေ့ (ဇန်နဝါရီ ၂၇)

### နှာခေါင်းစည်း မရှိတော့ဘူး

ဝူဟန်နဲ့တကွ ဝူဟန်ပြည်သူတို့အား စိုးရိမ်ပေးကြတဲ့အတွက် အားလုံးကို ဆက်ပြီး ကျေးဇူးတင်ပါတယ်။ ကျွန်မ အမှန်အတိုင်း ဆက်လက် တင်ပြသွားချင်ပါတယ်။

အခု... ပြဿနာအကြီးစားတွေကို အားလုံးက ယေဘုယျအားဖြင့် သိပ်ပြီး စိတ်မပူတော့ပါဘူး။ စိတ်ပူနေလို့လည်း မထူးဘူးလေ။ ကူးစက်မခံရဘူး ဆိုရင်ပဲ အကောင်းမြင်လာနိုင်ပါပြီ။

လက်ရှိမှာ မြို့သူ မြို့သားတွေ စိတ်ပူတာက နှာခေါင်းစည်း ပြတ်လပ်မှုပဲ။ ဒီနေ့ ရုပ်သံဖိုင်တစ်ခုမှာ ကြည့်လိုက်ရတယ်။ ရှန်ဟဲသားတစ်ယောက် နှာခေါင်းစည်း သွားဝယ်တာ ဆေးဆိုင်က တစ်ခုကို ယွမ် ၃၀ နဲ့ ရောင်းတယ်တဲ့။ အဲဒါကို ရှန်ဟဲမြို့သားကြီးက ဒေါသထွက်ကာ ဖုန်းကင်မရာနဲ့ အစအဆုံး မှတ်တမ်းတင် ပစ်လိုက်ပြီး ဆေးဆိုင်ကို အပြစ်တင် အော်ဟစ်တယ်။ နှာခေါင်းစည်းကိုတော့ မဖြစ်မနေကို ဝယ်မယ်၊ ဒါပေမဲ့ ဘောက်ချာဖွင့်ပေးရမယ်လို့ တောင်းဆိုတယ်။ ဒီလူဟာ ကျွန်မထက် အများကြီး ဉာဏ်ပိုကောင်းတာပဲ၊ သတ္တိလည်း အများကြီး ပိုရှိတာပဲ။ လေးစားပါတယ်။

နှာခေါင်းစည်းဟာ သုံးပြီး စွန့်ပစ်ရတဲ့ ပစ္စည်း ဖြစ်တယ်၊ သုံးစွဲမှုပမာဏ

mgyoe.com

mgyoe.com

လည်း ကြီးမားတယ်။ နောက်ပြီး ပညာရှင်တွေ ပြောပြချက်အရ N95 နှာခေါင်းစည်း တစ်မျိုးကပဲ ဗိုင်းရပ်စ်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်တယ်တဲ့။ ဒါပေမဲ့ မြေပြင်မှာ ကျွန်မတို့ အဲဒီနှာခေါင်းစည်း အမျိုးအစားကို ဝယ်လို့မှ မရတာပဲ။ အွန်လိုင်းက ဝယ်ပြန်ရင်လည်း နှစ်သစ်ကူးပြီးတော့မှ ပစ္စည်းရောက်နိုင်မယ်လို့ ဆိုတယ်။ ကျွန်မအစ်ကိုလေးကတော့ ကံကောင်းပါတယ်။ သူတို့ရပ်ကွက်ကလေးထဲက မိသားစုတစ်စုရဲ့ အမျိုးဆီကနေ N95 နှာခေါင်းစည်း အခုတစ်ထောင် ပို့ပေးလာလို့ (ချစ်စရာကောင်းလိုက်တဲ့ ဆွေမျိုးတွေပဲ။) ကျွန်မအစ်ကိုလေးတို့ အိမ်က ဆယ်ခု ဝေစု ရလိုက်တယ်။ စိတ်ကောင်းရှိတဲ့ လူတွေ ရှိသေးတာပဲလို့ သူက ခံစားချက်ပါပါ ပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်မအစ်ကိုကြီးတို့ မိသားစုကတော့ ဒီလောက် ကံမကောင်းပါဘူး။ သူတို့ဆီမှာ N95 တစ်ခုမှ မရှိဘူး။ ကျွန်မတူမလေး ပါလာတဲ့ တစ်ခါသုံး နှာခေါင်းစည်းတွေပဲ ရှိတယ်။ အဲဒီဟာတောင်မှ အရေးအတွက် အကန့်အသတ်ရှိလို့ အိမ်မှာ ပြန်လျှော် မီးပူတိုက်၊ ပိုးသတ်ပြီး ပြန်သုံးနေကြရတယ်။ တကယ့်ကို အဖြစ်ဆိုးပါတယ် (ဒါနဲ့ စကားမစပ်၊ ကျွန်မတူမက ပြောတယ်၊ စင်ကာပူက သူတို့ကို ပြန်လာခေါ်မယ့် ကိစ္စ နောက်ဆုံးအတည်ပြုချက် မရသေးဘူးတဲ့၊ အဲဒါကို ဒီနေရာမှာ ကျွန်မ 'ဝေပေါ်'က တစ်ဆင့် တင်ပြအပ်ပါတယ်)။

ကျွန်မကိုယ်တိုင်လည်း သိပ်မထူးပါဘူး။ ဇန်နဝါရီ ၁၈ ရက်တုန်းက ဆေးရုံမှာ လူနာသတင်းသွားမေးဖို့ရှိလို့ မဖြစ်မနေ နှာခေါင်းစည်း တပ်ရဖို့ လိုတယ်။ ဒါပေမဲ့ အိမ်မှာ တစ်ခုမှ မရှိခဲ့ဘူး။ အဲဒါနဲ့ ဒီဇင်ဘာလလယ်တုန်းက ချန်တူးမြို့ကို သွားတုန်းက ဂျူနီယာမောင်လေး ရှီမင်း ကျွန်မကို နှာခေါင်းစည်းတစ်ခု ပေးခဲ့ဖူးတာကို ရုတ်တရက် သတိရလာတယ်။ ချန်တူးမှာ လေထုညစ်ညမ်းတဲ့အတွက် တပ်ရအောင်လို့တဲ့။ တကယ်တော့ ဝူဟန်ရဲ့ လေထုဟာလည်း ဘယ်လောက်မှ ပိုပြီး မသန့်ပါဘူး။ ကျွန်မလည်း လေထုညစ်ညမ်းမှုနဲ့ အသားကျနေပြီမို့ အဲဒီနှာခေါင်းစည်းကို မသုံးဖြစ်ခဲ့ဘူး။ ဒီတစ်ခါတော့ အရေးကြုံခိုက် အခန့်သင့် ဖြစ်လာခဲ့ပြီပေါ့။ ကံကောင်းချင်တော့ အဲဒီနှာခေါင်းစည်းဟာ N95 အမျိုးအစား ဖြစ်နေတယ်။ ကျွန်မလည်း အဲဒါကို တပ်ပြီး ဆေးရုံသွား၊ လေဆိပ်သွားခဲ့သလို နှာခေါင်းစည်းလည်း သွားဝယ်ခဲ့တယ်။ ရက်အတန်ကြာအောင် ဆက်တိုက်တပ်ခဲ့တယ်။ မလွှဲမရှောင်သာလွန်းလို့သာ တပ်ခဲ့ရတာပါ။

အိမ်မှာက ကျွန်မအပြင် အသက် ၁၆ နှစ်အရွယ် ခွေးကြီးတစ်ကောင် ရှိသေးတယ်။ ဇန်နဝါရီ ၂၂ ရက်နေ့မှာ ခွေးစာ ရုတ်တရက် ကုန်သွားလို့ အိမ်မွေး

mgyoe.com

mgyoe.com

တိရစ္ဆာန်ပစ္စည်း အရောင်းဆိုင်ကို အမြန်ဆက်သွယ်ပြီး ခွေးစာ ဝယ်ရင်း တစ်လက်စ တည်း နှာခေါင်းစည်းပါ ထွက်ဝယ်ဦးမယ်လို့ စိတ်ကူးရလာတယ်။ အဲဒါနဲ့ ကျွန်မ လည်း အိမ်အနီးအနား တုန်းထိန်လမ်းက ဆေးဆိုင်တစ်ဆိုင် (ဆိုင်နာမည်တော့ မဖော်ပြတော့ပါဘူး) ကို သွားခဲ့တယ်။ သူတို့ဆီမှာ N95 ရှိတယ်။ ဒါပေမဲ့ တစ်ခု ကို ၃၅ ယွမ် ပေးရမယ် (ရှန်ဟဲထက် ၅ ယွမ်တောင် ပိုဈေးကြီးတယ်)။ ၂၅ ခုပါ တစ်ထုပ်ကို ၈၇၅ ယွမ် ပေးရမယ်တဲ့။ ကျွန်မလည်း ရှင်တို့ ဒီလို အချိန်မှာ ဘယ့် နှယ်ကြောင့် ဒီလောက် ဈေးတင်ရောင်းရတာလဲလို့ ပြောလိုက်တယ်။ သူတို့ပြန်ဖြေ တာက စက်ရုံက ဈေးတင်တော့ ကျွန်တော်တို့လည်း လိုက်တင်ရတာပါတဲ့။ အရေး တကြီး လိုအပ်နေတာကြောင့် ဈေးကြီးလည်း ဝယ်ရမှာပဲလေ။ အဲဒါနဲ့ ကျွန်မ လည်း လေးခု အရင်ဝယ်ကြည့်မယ်ပေါ့။ ဒါပေမဲ့ သူတို့မှာရှိတဲ့ နှာခေါင်းစည်းတွေ အကုန်လုံးက သီးသန့်ပက်ကင်အထုပ်နဲ့ မဟုတ်ဘူး။ အရောင်းဝန်ထမ်းက လက် နဲ့ ဒီအတိုင်း ဆွဲထုတ်ပြီး ယူပေးတာ။ ကျွန်မလည်း ကြည့်လိုက်တယ်။ ဒီလို ပုံစံမျိုးနဲ့တော့ မတပ်တာကမှ ကောင်းဦးမယ်ဆိုပြီး မဝယ်ဖြစ်တော့ဘူး။

တရုတ်နှစ်သစ်ကူး အကြိုနေ့က ကျွန်မ နှာခေါင်းစည်း ထွက်ဝယ်တယ်။ ဆေးဆိုင်တွေအားလုံး တံခါးပိတ်ထားတယ်။ ဆူပါမားကက် ဆိုင်အသေးစား တချို့ပဲ ဖွင့်ထားသေးတယ်။ အဲဒီက ဆိုင်တစ်ဆိုင်မှာ N95 နှာခေါင်းစည်း ရောင်းဖို့ ရှိတာ တွေ့တယ်။ ယီမုန်ဆန်းတံဆိပ်၊ မီးခိုးရောင်၊ သီးသန့်ပက်ကင် အထုပ်နဲ့။ တစ်ခုကို ၁၀ ယွမ်။ ကျွန်မ လေးခု ဝယ်ခဲ့တယ်။ ဒီတော့မှပဲ နည်းနည်း စိတ်အေး သွားတယ်။ အစ်ကိုကြီးအိမ်မှာ နှာခေါင်းစည်း မရှိကြောင်း ကြားသိရလို့ အစ်ကိုကြီး တို့အတွက် နှစ်ခုခွဲပေးမယ်၊ နောက်တစ်နေ့ ယူသွားပေးမယ်လို့ ချိန်းလိုက်တယ်။ ဒါပေမဲ့ နောက်တစ်နေ့ကျတော့ အစ်ကိုကြီးက ပြောတယ်။ အပြင်မထွက်တာပဲ ကောင်းပါတယ်တဲ့။ ကံကောင်းတာက အားလုံး အပြင်မထွက်ကြတော့ နှာခေါင်း စည်းလည်း သုံးရတာ သက်သာသွားတာပေါ့။

ခုနက လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဝီချက်(wechat)မှာ စကားပြောဖြစ် တယ်။ အားလုံး ပြောကြတာက တကယ်တော့ ခုချိန်မှာ အကြီးဆုံး ပြဿနာက နှာခေါင်းစည်းပြဿနာပဲ။ ဘာပဲပြောပြော ရုံဖန်ရံခါတော့ အပြင်ထွက်ပြီး ပစ္စည်း တွေ ဘာတွေ ဝယ်စရာ ရှိလာမှာပဲလေ။ တချို့ လုပ်ဖော်ကိုင်ဖက်ဆိုရင် သူ့မိတ်ဆွေ က ပို့ပေးပေမယ့် သူ့ဆီ ရောက်မလာဘူး။ တချို့လည်း တွေ့ကရာ ရှစ်သောင်း တံဆိပ်ဟာတွေ ဝယ်မိတယ်။ နှာခေါင်းစည်းတွေ ပြန်ကောက်ပြီးတော့ ပြုပြင်ပြီး

mgyoe.com

ပြန်ရောင်းတဲ့ သတင်းတွေလည်း အွန်လိုင်းမှာ ကြားနေရတော့ မသုံးရဲကြတော့ဘူး။ အားလုံးလက်ထဲမှာလည်း တစ်ခု၊ နှစ်ခုလောက်ပဲ ကျန်ကြတော့တာမို့ ချွေတာသုံးပေါ့လေ ဆိုပြီး အချင်းချင်းပဲ အပြန်အလှန် အားပေးကြရတော့တယ်။ ပြက်လုံးတွေမှာ ပြက်တဲ့ စကားက တကယ် မမှားဘူး၊ နှာခေါင်းစည်းက ဝက်သားနေရာကို အစားထိုးလာပြီး ကျွန်မတို့အတွက် နှစ်သစ်ကူးမှာ အဝယ်အလိုက်ဆုံး ပစ္စည်း ဖြစ်လာခဲ့ပြီလေ။

ကျွန်မ ယုံကြည်ပါတယ်။ နှာခေါင်းစည်း ပြတ်လပ်တာဟာ ကျွန်မအစ်ကိုကြီးရယ်၊ ကျွန်မရယ်၊ ကျွန်မလုပ်ဖော်ကိုင်ဖက်တွေရယ်ပဲ မဟုတ်ပါဘူး။ ဝူဟန်က သာမန်ပြည်သူတွေထဲမှာလည်း နှာခေါင်းစည်း ပြတ်လပ်သူတွေ အများကြီးရှိမှာပါ။ နောက်တစ်ချက်က နှာခေါင်းစည်းဟာ ပစ္စည်းပြတ်နေခြင်း မဟုတ်ဘူး၊ မြို့သူမြို့သားတွေလက်ထဲ ဘယ်လိုရောက်အောင် ပို့ပေးရမယ်ဆိုတဲ့ ကွင်းဆက်ပြတ်နေခြင်းသာ ဖြစ်တယ်လို့လည်း ကျွန်မ ယုံကြည်ပါတယ်။ ဒီနေရာမှာ ဒလီဗရီကုမ္ပဏီတွေကိုလည်းအလုပ်စောစောတက်နိုင်ကြပြီး ဝူဟန်ရဲ့ ကုန်စည်စီးဆင်းမှုကို အရှိန်နည်းနည်း ပို၍မြှင့်တင်ပေးခြင်းဖြင့် ကျွန်မတို့ အခက်အခဲတွေ ကျော်လွှားနိုင်အောင် ကူညီပေးနိုင်ဖို့ပါ မျှော်လင့်မိပါတယ်။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း လေးရက်နေ့ (ဇန်နဝါရီ ၂၈)

### ဗိုင်းရပ်စ်ပိုးက ပြည်သူသော၊ အရာရှိသော ဂရုစိုက်နေမှာ မဟုတ်

ရာသီဥတုဟာ မနေ့ကစပြီး ပြန်ကောင်းလာပြီ။ မိုးတိတ်ပြီ။ နေ့လယ်တုန်းကတောင် နေတစ်ချက် ထွက်လာသေးတယ်။ ကောင်းကင်ကြီး လင်းထိန်လာလို့ လူလည်း အများကြီး စိတ်လန်းဆန်းလာတယ်။ အိမ်ထဲမှာ ပိတ်လှောင်ခံထားရတာကြောင့် စိတ်တော့နည်းနည်း ပိုညစ်လာမယ်။ မြို့ကို လော့ဒေါင်းချလိုက်ပြီးကတည်းက လူတွေလည်း အိမ်ထဲ ပိတ်လှောင်ခံထားရတာ ခြောက်ရက်နီးပါးရှိပြီလေ။ ဒီငါးရက်အတွင်းမှာ ရင်တွင်းစကား ပြောရဖို့ အချိန်တွေ ပိုရလာရုံသာမက စကားများ ရန်ဖြစ်ရဖို့ အခွင့်အလမ်းတွေလည်း မနည်းလောက်ပါဘူး။ ဘာပဲပြောပြော အိမ်တွေမှာ တစ်အိမ်သားလုံး ခုလို နေ့တိုင်း စုစုစည်းစည်း နေရတာမျိုး မရှိခဲ့ဘူးလေ။ အထူးသဖြင့် အိမ်ခန်းကျဉ်းတဲ့ မိသားစုတွေပေါ့။ အဲဒါအပြင် ကာလရှည်ကြာ အပြင်မထွက်ဖို့က လူကြီးတွေအတွက် ကိစ္စမရှိပေမယ့် ကလေးတွေကျတော့ တော်တော်လေး ခံရခက်မယ် ထင်တယ်။ စိတ်ပညာ လေ့လာဖူးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဝူဟန်သူ၊ ဝူဟန်သားတွေကို နှစ်သိမ့်ပေးနိုင်မယ့် နည်းလမ်းလေးများ ရှိကြမလား မသိဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မိမိကိုယ်ကိုယ် ၁၄ ရက် ပိတ်လှောင်ထားဦးမှာပဲ။ နောက်ပြီး ဒီတစ်ရက်၊ နှစ်ရက်မှာ ကပ်ရောဂါက ပေါက်ကွဲမယ့် အဆင့်ကို ဝင်ရောက်လာတော့မယ်လို့ ပြောသံ ကြားတယ်။ ဆရာဝန်တွေ

mgyoe.com

mgyoe.com

SAMPLE BOOK


ကလည်း အထပ်ထပ် သတိပေးထားတာတွေ ရှိတယ်၊ အိမ်မှာ စားစရာဆန် ရှိသေးရင် အပြင်မထွက်ကြနဲ့တဲ့။ ကောင်းပြီလေ၊ ဆရာဝန်ပြောတဲ့အတိုင်း လိုက်နာကြတာပေါ့။

ဒီနေ့လည်း အကောင်း၊ အဆိုး တစ်ဝက်စီပဲ။ မနေ့က တရုတ် သတင်းအေဂျင်စီ အယ်ဒီတာချုပ်၊ ကျွန်မ ကျောင်းနေဖက်သူငယ်ချင်း သျှုချွန်းဖိန်က ဝီချက်ကတစ်ဆင့် ကျွန်မကို အင်တာဗျူးတယ်။ ဒီနေ့ နေ့လယ်ကျတော့ သူက ဓာတ်ပုံဆရာ ခေါ်ပြီး ဓာတ်ပုံ လာရိုက်တယ်။ ထင်မထားတာက သူ ကျွန်မကို N95 နှာခေါင်းစည်း အခုနှစ်ဆယ် ပေးခဲ့တာပဲ။ တကယ့်ကို အကူအညီလိုနေသူကို အကူအညီပေးလိုက်တာပါပဲ။ ကျွန်မ အများကြီး ဝမ်းသာမိပါတယ်။ ကျွန်မတို့ စာပေအသင်း ဂိတ်ပေါက်ဝမှာ ဓာတ်ပုံရိုက်၊ စကားပြောနေချိန်မှာပဲ ကျွန်မ ကျောင်းနေဖက်သူငယ်ချင်း ကိန်ကြီး ဆန်ဝယ်ပြီး ပြန်လာတယ်။ သူက အလွန်သံသယကြီးတဲ့ အကြည့်နဲ့ ကျွန်မတို့ကို အကဲခတ်နေတယ်။ ကျွန်မ ထင်တယ်၊ သူဟာ သူတို့ ဟိုနန်သားတွေရဲ့ စေ့စပ်တိကျမှုမျိုးနဲ့ "မင်းတို့ ဘယ်သူတွေလဲကွ၊ ငါတို့ စာပေအသင်းတိုက်ရှေ့မှာ ဘာလာလုပ်နေတာလဲကွ" လို့ အကျယ်ကြီး အော်ချင်နေပုံ ရပါတယ်။ သူ့ပုံစံကို မြင်လို့ ကျွန်မလည်း သူ့ကို အော်ခေါ် နှုတ်ဆက်လိုက်တယ်။ ဒီတော့မှ သူ့အကြည့်တွေက ချက်ချင်းပဲ ရင်းနှီးဖော်ရွေ ပျူငှာလာပြီး မသိရင် အကြာကြီး ခွဲခွာပြီးနောက် ပြန်ဆုံဖြစ်ကြသလိုလို။ တကယ်တော့ ကျွန်မတို့က ကျောင်းနေဖက်ဂရုထဲမှာ နေ့တိုင်း စကားပြောဖြစ်နေကျပါ။ သျှုချွန်းဖိန်က သမိုင်းမေဂျာက။ ဟိုတုန်းက တရုတ်စာမေဂျာနဲ့ သမိုင်းမေဂျာက အဆောင်တစ်ခုတည်းမှာပဲ။ ဒါကြောင့် ကျွန်မ မိတ်ဆက်ပေးလိုက်တာနဲ့ သူတို့နှစ်ယောက်လည်း ဟေးဟေးဟားဟားနဲ့ ပျော်ပျော်ရွှင်ရွှင် ရှိလာကြတယ်။ ကိန်ကြီးက ဝူဟန်မှာရော ဟိုင်နန်မှာတုန်းကပါ ကျွန်မနဲ့ တစ်ဝင်းတည်း အတူနေခဲ့တာ။ သူလည်း ဒီနှစ် ဟိုင်နန် သွားဖို့ မမီလိုက်ဘူး။ ကျွန်မတို့ ဘဝတူတွေအားလုံး ဌာနက ပေးထားတဲ့ အိမ်ထဲမှာပဲ အတူ သောင်တင်နေကြတာလေ။ ကိန်ကြီးက ကျွန်မကို ပြောပြတယ်။ ကျွန်မတို့ဝင်း၊ တိုက် (၈)က ကူးစက်ခံရသူ နှစ်ယောက်တော့ ဆေးရုံရောက်သွားပြီတဲ့။ ဒီတော့မှပဲ အိမ်နီးချင်းတွေအားလုံး စိတ်အေးသွားကြတယ်။ အိမ်မှာ ရောဂါခြေချုပ် ကွာရန်တင်း ထားတာနဲ့စာရင် ဆေးရုံမှာ ကုသမှု ခံယူတာက အများကြီး ပိုကောင်းမယ်လို့ ယုံကြည်ပါတယ်။ သူတို့ကိုလည်း အမြန်ဆုံး ပြန်လည်ကျန်းမာပါစေလို့ ဆုတောင်းပါတယ်။ သျှုချွန်းဖိန်

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ပြန်သွားပြီးလို့ ကျွန်မလည်း အိမ်ထဲ ပြန်ရောက်ရော၊ ကျွန်မ ဟိုတုန်းက ရေးခဲ့တဲ့ "လူဆန်းမှာ ဗီလာဟောင်း သွားကြည့်ခြင်း" နဲ့ "ဟန်နိုအငှားနယ်မြေ" တို့ရဲ့ တာဝန်ခံ အယ်ဒီတာ ရှောင်ယွမ်ကလည်း ကျွန်မရဲ့ 'ဝေပေါ' ကို ဖတ်မိသွားလို့ ကျွန်မအတွက် နှာခေါင်းစည်း သုံးထုပ် ပို့ပေးလိုက်တယ်။ ကျေးဇူးတင်လိုက်တာ။ မိတ်ကောင်း ဆွေကောင်းဆိုတာ အဲဒါပဲ။ ကျွန်မရဲ့ နှာခေါင်းစည်းတွေလည်း တစ်ခဏအတွင်း အများကြီး ဖြစ်လာတယ်။ အဲဒါနဲ့ ချက်ချင်းပဲ မနေ့က နှာခေါင်းစည်း မရှိလို့ စိတ်ညစ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ခွဲဝေပေးလိုက်တယ်။ ခုနက နှာခေါင်း စည်း လာယူတဲ့ လုပ်ဖော်ကိုင်ဖက်က ကျွန်မအတွက် ဟင်းရွက်တချို့ ယူလာပေး တယ်။ ကျွန်မလည်း ခုမှပဲ အေးအတူ ပူအမျှဆိုတဲ့ ခံစားချက် နည်းနည်း ရှိလာပြီ လို့ ပြောလိုက်မိတယ်။ လုပ်ဖော်ကိုင်ဖက်အိမ်မှာ အသက်ကြီးသူတွေရော ကလေး ငယ်တွေပါ ရှိတယ်။ မျိုးဆက်သုံးဆက်ရှိတဲ့ မိသားစုထဲမှာ နာမကျန်း ဖြစ်နေသူ လည်း ရှိသေးတယ်။ ခမျာ ရက်ခြား ဈေးဝယ်ထွက်ရရှာတယ်။ ပြောရရင် သူလည်း ၈၀ ပြည့်လွန်နှစ်ဖွားပဲ။ ဘယ်လောက်တောင် မလွယ်လိုက်သလဲ။ ခမျာ အလုပ် အတွက်လည်း ပူပေးရရှာသေးတယ်။ အွန်လိုင်းပေါ်မှာ သူတို့ ပြောနေကြတာကို ကြားရပါတယ်။ ဒီလ စာမူတွေ ဖော်ပြတော့မယ် မဟုတ်လားတဲ့။ ဝူဟန်မှာ ကျွန်မ တို့လို လူမျိုးတွေ ရှိသေးတာပဲ၊ ဘာအခက်အခဲမျိုး မကျော်လွှားနိုင်စရာ ရှိသလဲ။

သတင်းဆိုးတွေလည်း ပလူပျံလို့နေပေါ့။ ရှေ့ရက်တွေတုန်းက ပိုင်ပုထိန် မှာ လူလေးသောင်း မိတ်ဆုံစားပွဲကြီး လုပ်တဲ့သတင်း ကြားသိရတုန်းက ကျွန်မ ချက်ချင်းပဲ ပို့စ်တင်ပြီး ဝေဖန်ခဲ့သေးတယ်။ ကျွန်မကတော့ စကားလုံး ခပ်ပြင်းပြင်း နဲ့ ပြောခဲ့တာပဲ။ ဒီလိုအချိန်မျိုးမှာတောင် ရပ်ကွက်က ဒီလို အကြီးစား လူစုလူဝေး ပွဲကြီးတွေ ကျင်းပတာဟာ ''ရာဇဝတ်မှုကျူးလွန်တာနဲ့ အတူတူပဲ' လို့ ကျွန်မ ပြောခဲ့ပါတယ်။ အဲဒီစကားပြောခဲ့တာဟာ ဇန်နဝါရီ ၂၀ ရက်နေ့တုန်းက။ အဲဒါကို ၂၁ ရက်မှာလည်း ပြည်နယ်က အကြီးစား ဂီတပဒေသာ ပျော်ပွဲသဘင်ကြီး ဆက် ကျင်းပသေးတယ်။ လူတွေရဲ့ သာမန်အသိ (common sense) ဘယ်ရောက်ကုန်ကြ ပြီလဲ။ ဒီလို လုပ်တဲ့ လူတွေဟာ ဘယ်လောက်တောင်မှ မိုက်မဲလိုက်ကြသလဲ၊ ဘယ်လောက်တောင်မှ လေ့နံ့ဓားထစ်နိုင်ကြသလဲ၊ ဘယ်လောက်တောင်မှ အရှိကို အရှိတိုင်း မထောက် ပြနိုင်ကြသလဲ။ ဗိုင်းရပ်စ်ပိုးကတော့ မင်းတို့ကောင်တွေ ငါ့ကို တော်တော် လျှော့တွက်ကြတာပဲလို့ တွေးနေမှာ။ ဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး ကျွန်မ အခုချိန်မှာ များများမပြောချင်ဘူး။ သတင်းဆိုးဟာ ပိုင်ပုထိန်ကပဲ။

mgyoe.com

mgyoe.com

သူတို့ထဲမှာ ကိုရိုနာ ဗိုင်းရပ်စ် ပိုးတွေ့လူနာ ရှိနေပြီလေ။ ဒီသတင်းကို ကျွန်မ အတည်မပြုနိုင်သေးပေမယ့် ကျွန်မကို ဒီသတင်း ပြောပြတဲ့လူကတော့ ညာပြောမှာ မဟုတ်ဘူး ဆိုတာ ကျွန်မ အလိုလို သိနေပါတယ်။ စဉ်းစားကြည့်ပေါ့၊ ဒီလောက် လူတွေအများကြီး မိတ်ဆုံစားပွဲ လုပ်ကြတာ ကူးစက်မခံရဘဲ ရှိမလား။ ဒီဝူဟန် ဗိုင်းရပ်စ်က သေနှုန်း မမြင့်ပါဘူးလို့ ပညာရှင်တွေက ပြောတယ်။ ဒီစကားကို အားလုံးကလည်းယုံကြည်လက်ခံချင်ကြတယ်။ကျွန်မလည်းထိုနည်းလည်းကောင်း ပါပဲ။ ဒါပေမဲ့ တခြားက ရလာတဲ့ သတင်းတချို့ကတော့ ကြောက်စရာ ကောင်းလှ ပါတယ်။ ဇန်နဝါရီ ၁၀ ရက်ကနေ ၂၀ ရက်နေ့အတွင်း အစည်းအဝေးတွေ ခပ်စိပ်စိပ် တက်ခဲ့ကြတဲ့ လူတွေ သတိထားကြပါ။ ဗိုင်းရပ်စ်ပိုးက ပြည်သူသော အရာရှိသော ဂရုစိုက်နေမှာ မဟုတ်ပါဘူး။ စကားစပ်လို့ မြို့တော်ဝန် ကျိုးရဲ့ ဦးထုပ်အကြောင်း ပြောပါရစေ။ မနေ့ကစလို့ ဒီကနေ့အထိ ဒီကိစ္စကို အွန်လိုင်းပေါ်မှာ ကဲ့ရဲ့နေ ကြတယ်။ သာမန် အချိန်ဆိုရင် ကျွန်မလည်း ဝင်ပြီး သရော်မိမှာပါပဲ။ ဒါပေမဲ့ လက်ရှိအချိန်မှာက မြို့တော်ဝန်ကျိုးဟာ မြူနီစီပယ်အစိုးရ အရာရှိတွေကို ဦးဆောင်ပြီး ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် လုံးပန်းနေရတာ။ သူ့ရဲ့ နွမ်းလျမှု နဲ့ စိုးရိမ်ပူပန်မှုတို့ကို မြင်တာနဲ့ သိနိုင်ပါတယ်။ ဒီကိစ္စပြီးသွားရင် သူ ဘယ်လို ဇာတ်သိမ်းရမယ် ဆိုတာကိုလည်း သူ့ကိုယ်သူ စဉ်းစားထားပြီး ဖြစ်လောက်မှာပါ။ ဒီအခြေ ဆိုက်လာချိန်မှာ မိမိကိုယ်ကိုယ် အပြစ်တင်ခြင်း၊ နောင်တရခြင်းတို့ ကြောင့် ရတက်မအေး ဖြစ်နေတာတွေလည်း သူ့မှာ ဖြစ်နေမှာပါပဲ။ ဒါပေမဲ့ ဘာပဲ ပြောပြော သူဟာ မြူနီစီပယ်အစိုးရရဲ့ ခေါင်းဆောင်၊ ဘာပဲဖြစ်ဖြစ် အားတင်းထား ပြီး လက်ရှိကြုံနေရတဲ့ ပြဿနာကြီးကို ရင်ဆိုင်ဖြေရှင်းရဖို့ပဲ ရှိမယ်။ သူသည်လည်း ပုထုဇဉ်ပဲလေ။ ပြောသံကြားရတာက မြို့တော်ဝန်ကျိုးဟာ တာဝန်သိတတ်သူ တစ်ယောက်ပါ။ နာမည်ကောင်းလည်း ရှိပါတယ်။ သူဟာ ဟူပေအနောက်ပိုင်း တောတောင် ဒေသကနေ တစ်ဆင့်ချင်း ကြိုးစားတက်လှမ်းလာခဲ့သူပါ။ ဘဝမှာ ဒီလောက် ကြီးမားတဲ့ ကိစ္စရပ်မျိုး မကြုံဖူးလို့လည်း ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့ ကျွန်မ စဉ်းစားမိတယ်၊ ကျွန်မတို့အနေနဲ့ ဒီဦးထုပ်ကိစ္စကို နည်းနည်း နွေးထွေးတဲ့ ရှုထောင့်ကနေ မြင်ပေးလို့ မရနိုင်ဘူးလားပေါ့။ ဥပမာ– သူက ဒီလို တွေးခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပါ၊ ဒီလောက် ချမ်းအေးတဲ့ ရာသီဥတုကြီးမှာ သူက ဦးထုပ်ဆောင်းထားပြီး ဝန်ကြီးချုပ်က ဦးထုပ် မဆောင်းထားဘူး၊ သူက ဝန်ကြီးချုပ်

mgyoe.com

SAMPLE BOOK

ထက် အသက်ငယ်တယ် ဆိုတော့ ဒီလို ဦးထုပ်ဆောင်းထားတာဟာ မရှိသေရာရောက်မှာစိုးလို့ ဦးထုပ်ချွတ်ပြီး လက်ထောက်ကို ပေးလိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ဒီလို စဉ်းစားပေးလို့ရှိရင် နည်းနည်း ပိုမကောင်းပေဘူးလား။

ဒီလိုပဲ နည်းနည်းချင်း မှတ်တမ်းတင်သွားတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ငါးရက်နေ့ (ဇန်နဝါရီ ၂၉)

## မိမိကိုယ်ကိုယ် ဂရုစိုက်ခြင်းသည် ကူညီခြင်းမည်၏

နေ့လယ် ၁၂ နာရီအထိ စိတ်လွတ်ကိုယ်လွတ် အိပ်ပစ်လိုက်တယ် (တကယ်တော့ ခါတိုင်းလည်း အဲဒီအချိန်လောက်မှ အိပ်ရာထတာပါ။ တစ်ခုပဲ ရှိတာ ခါတိုင်းမှာ ဆိုရင် ကိုယ့်ကိုယ်ကိုယ်အပြစ်တင်တတ်သေးတယ်။ ခုချိန်မှာတော့ ဝူဟန်သူ၊ ဝူဟန်သားတွေ ပြောကြတာက နွေခေါင်ခေါင်နေ့ခင်း ခက်ခဲသော အိပ်ခြင်း။ တစ်မနက်ခင်းလုံး အိပ်ပြီးရင် တစ်နေ့ခင်းလုံး အိပ်ရဦးမယ်။ ဒီလိုဆိုရင် စိတ်လွတ်ကိုယ်လွတ် မရှိဘဲ မဖြစ်နိုင်တော့ဘူးလေ)။

အိပ်ရာထဲမှာ ဖုန်းတစ်ချက် ပွတ်ကြည့်လိုက်တော့ မိတ်ဆွေဖြစ်သူ ဆရာဝန်ဆီက ပို့လာတဲ့ မက်ဆေ့ကို ဖတ်ရတယ်။ ဂရုစိုက်ပါ၊ အပြင်မထွက်နဲ့၊ အပြင်မထွက်နဲ့၊ အပြင်မထွက်နဲ့၊ အပြင်မထွက်နဲ့။ အဲဒီ အထပ်ထပ် အထူးပြုပြောထားတဲ့ 'အပြင်မထွက်နဲ့' ကြောင့် အတော်ကလေး ရင်တုန်မိတယ်။ စိတ်ထဲကလည်း ဒီရက်ပိုင်းမှာ ကပ်ရောဂါကြီး တကယ်ပဲ ပေါက်ကွဲတော့မှာလားလို့ တွေးပူမိတယ်။ အဲဒါနဲ့ပဲ သမီးဆီ ကမန်းကတန်း ဖုန်းဆက်တော့ သမီးက ရပ်ကွက်ကလေးထဲက ဆူပါမားကက်မှာ ထမင်းဘူးတချို့ သွားဝယ်မလို့ ပြင်ဆင်နေတယ်လို့ ဆိုတယ်။ ကျွန်မလည်း သမီးကို မသွားနဲ့လို့ တားလိုက်တယ်။ ဟင်းမရှိဘဲ ထမင်းချည်းပဲ စားချင် စားရပါစေ၊ ဒီရက်ပိုင်းတော့ အပြင်မထွက်ပါနဲ့လို့။ နှစ်ဆန်းတစ်ရက်နေ့

mgyoe.com

တုန်းက မြို့လယ်မှာ စက်တပ်ယာဉ် မောင်းနှင်သွားလာခွင့် ပိတ်မယ် ပြောသံ ကြားရလို့ ကျွန်မက သမီးအတွက် ဆယ်ရက်စာ ဖူလုံတဲ့ ပစ္စည်းတွေ သွားပို့ထားပေးပြီးပြီ။ ကြည့်ရတာ မယ်မင်းကြီးမ ချက်စားရမှာ ပျင်းလို့ အပြင်ထွက် ဝယ်စားချင်တာနေမယ်။ တော်သေးလို့ သူလည်း သေမှာ ကြောက်တာကြောင့် ကျွန်မစကားကို နားထောင်ပြီး အပြင်မထွက်ဖို့ သဘောတူလာတယ်။ တစ်အောင့်နေတော့ ကျွန်မကို မေးခွန်းတွေ စထုတ်ပါလေရော။ မုန့်ညင်းဖြူ ဘယ်လိုချက်ရမလဲတဲ့ (မယ်မင်းကြီးမက မုန့်ညင်းဖြူကို ရေခဲခန်းထဲမှာ ထည့်ထားတယ်လေ)။ သမီးက သူနေတဲ့နေရာမှာ တစ်ခါမှ မီးဖိုချောင် ဝင်ဖူးတာ မဟုတ်ဘူး။ ခါတိုင်းအချိန်တွေ ဆိုရင်အိမ်မှာ ပြန်စားချင်စား၊ မဟုတ်လို့ရှိရင် အပြင်ကနေ မှာစားတယ်။ ခုတော့ကောင်းရော... ကိုယ်တိုင် မီးဖိုချောင် ဝင်ရပြီလေ။ ဒါဟာ မထင်မှတ်ဘဲ အဆိုးထဲက ရတဲ့ အကောင်းလို့ ဆိုနိုင်မလား။ သူနဲ့စာရင် ကျွန်မကတော့ ပိုပြီး သက်သာပါတယ်။ အိမ်နီးချင်းတွေက ကျွန်မအတွက် ပေါက်စီကြော် ပူပူလေး တစ်ပန်းကန်လာပို့ပေးထားတယ်။ လက်ခံယူတုန်းက ကျွန်မတို့နှစ်ယောက်စလုံး နှာခေါင်းစည်းတပ်ထားတယ် ဆိုပေမယ့် ပေါက်စီကိုတော့ ကျွန်မ ရဲဝံ့စွာ စားရဦးမှာပါ။

ဒီနေ့ နေသာတယ်။ ဒါဟာ ဝူဟာန်ဆောင်းရဲ့ အသာယာဆုံး နေရောင်မျိုးပဲ။ နွေးထွေးပြီး နူးညံ့တယ်။ ကပ်ရောဂါကြောင့်သာ မဟုတ်ရင် ခုချိန်မှာ ကျွန်မအိမ်အနီးဝန်းကျင်မှာ မော်တော်ကားတွေ ပြည့်နေမှာ သေချာတယ်။ ပုဗ္ဗကန်တော်ဂရင်းဝေးလမ်းက ကျွန်မအိမ်နားမှာပဲလေ။ အဲဒီနေရာဟာ ဝူဟာန်သူ၊ ဝူဟာန်သားတွေ သွားလေ့အရှိဆုံး နေရာပဲ။ ဒါပေမဲ့ ခုချိန်မှာတော့ ပုဗ္ဗကန်တော် ဂရင်းဝေးလမ်းဟာ လူသူကင်းမဲ့နေတယ်။ ရှေ့နှစ်ရက်က ကျွန်မ ကျောင်းနေဖက် သူငယ်ချင်းတောက်ကြီးတစ်ယောက် အဲဒီမှာ တစ်ပတ် သွားပြေးခဲ့သေးတယ်။ ပြန်လာတော့ပြောပြတယ်။ တစ်လမ်းလုံး သူတစ်ယောက်ပဲ ရှိတယ်တဲ့။ အလုံခြုံဆုံး နေရာတွေထဲမှာ ပုဗ္ဗကန်တော် ဂရင်းဝေးလမ်းကိုလည်း ထည့်တွက်ရလိမ့်မယ် ထင်တယ်။ အိမ်တွင်းအောင်းနေကြရတဲ့ ဝူဟာန်သူ၊ ဝူဟာန်သားတွေအဖို့တော့ အကူးစက်မခံရဘူး ဆိုရင်ပဲ အားလုံးကတော့ ယေဘုယျအားဖြင့် စိတ်ချလက်ချ ရှိနေကြပါတယ်။ သနားစရာ အကောင်းဆုံးကတော့ လူနာတွေနဲ့ သူတို့ရဲ့ အိမ်သားတွေပါပဲ။ ဘာလို့လဲဆိုတော့ လူနာခန်းမှာ ခုတင်တစ်လုံး ရဖို့တောင် မလွယ်လှဘူးလေ။ သူတို့တစ်တွေ ဒုက္ခရောက်နေကြတုန်းပဲ။ ဟောရှန်ဆန်းလို့ခေါ်တဲ့ မီးနတ်တောင် ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းကတော့ တအုန်းအုန်း တဖြုန်းဖြုန်းနဲ့

mgyoe.com

mgyoe.com

လုပ်နေပြီ။ ဒါပေမဲ့ အဝေးကရေနဲ့ အနီးကမီးကို မငြိမ်းနိုင်ဘူးလေ။ သူတို့တစ်တွေဟာ အကြီးမားဆုံး နစ်နာသူတွေပါ။ အဲဒီအတွက်နဲ့ မိသားစုတွေ ဘယ်လောက်များတောင် ပျက်စီးခဲ့ကြရပြီလဲ မသိဘူး။ မီဒီယာတချို့ကတော့ အဲဒါတွေကို မှတ်တမ်းတင်နေကြပါတယ်။ တစ်ကိုယ်ရေမီဒီယာ (self-media) တွေ တော်တော်များများကတော့ အစောကြီးကတည်းက တိတ်တိတ်ကလေး မှတ်တမ်းတင်နေကြပြီ။ ကျွန်မတို့မှာ မှတ်တမ်းတင်ရုံပဲ လုပ်နိုင်ကြတယ်လေ။ နှစ်ဆန်းတစ်ရက်မှာ မိခင်ကွယ်လွန်ပြီး ဖခင်နဲ့ အစ်ကိုနှစ်ယောက်စလုံး ကူးစက်ခံရတဲ့အကြောင်း ရေးထားတဲ့ စာတစ်ပုဒ်ကို မနက်က ဖတ်ရတော့ စိတ်ထဲ တော်တော့်ကို မွန်းကျပ်မိတယ်။ အဲဒီ မိသားစုဟာ လူလတ်တန်းစားမိသားစုပါ။ သူတို့ထက် ပိုဆင်းရဲတဲ့ လူနာတွေဆို ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုဘယ်ပုံတွေ ဖြစ်ကုန်ကြမလဲ။ တကယ်တော့ ရှေ့ရက်တွေတုန်းက ကျန်းမာရေးဝန်ထမ်းတွေ တော်တော်များများ ခြေကုန်လက်ပန်းကျပြီး လူနာတွေ လဲပြိုနေတဲ့ ရုပ်သံဖိုင်ကို ကြည့်ခဲ့ရပြီးပါပြီ။ အဲဒီလို ကြေကွဲဖွယ်ကောင်းတဲ့ အကူမဲ့ခြင်း ခံစားချက်ကို ကျွန်မတစ်သက်တစ်ခါမှ မကြုံဖူးဘူး။ ချွမ်းအတ် (ဟူပေတက္ကသိုလ် ပါမောက္ခ)က ပြောတယ်၊ သူဆိုရင် နေ့တိုင်း ချုံးပွဲချငိုချင်တာတဲ့။ ဘယ်သူ မငိုချင်ဘဲ ရှိမလဲ။ အဲဒါကြောင့်မို့ မိတ်ဆွေ သူငယ်ချင်းတွေကို ကျွန်မ အမြဲပြောတယ်။ ခုချိန်မှာ လူ့ပယောဂကြောင့် ဖြစ်တဲ့ ကပ်ဘေး ဘယ်လောက် ဆိုးသလဲဆိုတာ ရှင်းရှင်းလင်းလင်း မြင်နိုင်ပြီလို့၊ ကပ်ကြီးပြီးလို့ အားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်လာတဲ့အခါ ဟိုတာဝန်ပေါ့လျော့သူတွေကို တစ်ယောက်မှ ခွင့်လွှတ်လို့ မရဘူး၊ တစ်ယောက်မှ အလွတ်ပေးလို့ မရဘူး။ ဒါပေမဲ့ ခုချိန်မှာတော့ ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့ အရင်ဦးဆုံး ကျွန်မတို့ အားလုံး အစွမ်းကုန် ကြိုးပမ်းကြရပါမယ်။

ကျွန်မအကြောင်း ပြောဦးမယ်။ ခါတိုင်းအချိန်ကနဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားချက် မတူတာကလွဲလို့ ရုပ်ပိုင်းဆိုင်ရာအားဖြင့်တော့ ထွေထွေထူးထူး ပြောင်းလဲတာ မရှိပါဘူး။ အရင်က နှစ်သစ်ကူးလည်း ဒီလိုပါပဲ။ နှစ်ဆန်း သုံးရက်မှာပဲ အဘိုးလေး အိမ်မှာ နှစ်သစ်ကူး သွားကန်တော့ရင်း ဆွေမျိုးတွေ ထမင်းအတူစားကြတာကလွဲလို့ (ဒီနှစ်လည်း အဲဒီအစီအစဉ်ကို ဖျက်လိုက်ပါပြီ၊ အဘိုးလေးက အသက်လည်း ကြီးပြီ၊ ကျန်းမာရေးကလည်း သိပ်မကောင်းချင်တော့ အထူး ဂရုစိုက်ဖို့ လိုတယ်လေ) ဘယ်မှ သွားလေ့ မရှိပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


တကယ်တော့ ဆောင်းတွင်းရောက်တိုင်း ကျွန်မက လေပြွန်ရောင်တတ်ပါတယ်။ တစ်ခါတုန်းကဆိုရင် သုံးနှစ်ဆက်တိုက် နွေဦးပွဲတော်ကာလ နီးလာတိုင်း ဆေးရုံတက်ခဲ့ရဖူးတယ်။ ဒါကြောင့်မို့ ဒီရက်ပိုင်းတွေမှာ ကျွန်မ နေမကောင်း မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် တစ်ချိန်လုံး ဂရုစိုက်ပါတယ်။ ရှေ့ရက်တွေတုန်းက ခေါင်းနည်းနည်းကိုက်တယ်။ မနေ့တုန်းက ချောင်းနည်းနည်းဆိုးတယ်။ ဒီနေ့ကျတော့ အားလုံး အကောင်းပကတိ ပြန်ဖြစ်နေပြီ၊ အရင်တုန်းက ကျန်ဇူတန် (သူက တရုတ်တိုင်းရင်းဆေးကို တော်တော် လေ့လာထားတယ်) က ကျွန်မ အအေးမိတဲ့ အခြေအနေကို ကြည့်ပြီး ကျွန်မ ဖြစ်တာ 'တေဇောကို အုပ်တဲ့ အအေး' လို့ ပြောတယ်။ အဲဒီနောက်ပိုင်း ဆောင်းတွင်း ရောက်တိုင်း ကျွန်မက အက်စထရာဂလပ်၊ ပျားရည်စုပ်ပန်း၊ ဂန္ဓမာ၊ ဂိုဂျီဘယ်ရီ၊ ဆီးသီးခြောက်၊ ဂျင်ဆင်းတို့ကို ဆီးသီးခြောက် ပိုးစာရွက် လက်ဖက်ခြောက်တို့နဲ့ ကျိုသောက်တယ်။ သူ့ကို ကျွန်မက 'ရောကျို' ဆိုပြီး နာမည်ပေးထားတယ်။ နေ့တိုင်း ခွက်ကြီးနဲ့ သုံးလေးခွက်လောက် သောက်တယ်။

ကပ်ရောဂါ အခြေအနေ စိုးရိမ်လာရပြီးနောက်ပိုင်း စီဗစ် မနက်၊ ညတစ်လုံးစီရယ်၊ စီဗစ်ဆူဆေးပြား ဖျော်ရည် တစ်ခွက်စီရယ်၊ ရေကျက်အေး သုံးလေးခွက်ရယ် ထပ်တိုးပြီး သောက်တယ်၊ ညဘက် ရေချိုးရင် ရေနွေးနဲ့ ကျောပြင် အလယ်ပိုင်းနေရာကို ခပ်ကြာကြာ လောင်းချိုးတယ်။ ဝယ်ထားတဲ့ ကြာပန်း ကူးစက်နာပျောက် ဆေးတောင့်တွေကိုလည်း အကုန် သောက်ပစ်လိုက်တယ်။ ကျွန်မကျောင်းနေဖက် သူငယ်ချင်းက 'အပေါက်ပိတ်ကျင့်စဉ်' ဆိုပြီး သင်ပေးသေးတယ်။ 'တစ်ကိုယ်လုံး မွေးညင်းပေါက်တွေ အကုန်ပိတ်၊ အအေးမိ တုပ်ကွေးတွေ ဝေး၊ မိစ္ဆာတွေ အကုန်ပြေး၊ ကောင်းတာတွေ တည်တံ့၊ ဆိုးတာတွေ တန့်' ဆိုပြီး ကျွန်မတို့ကို တစ်ချိန်လုံး ရွတ်နေခိုင်းတယ်။ သူက အဲဒါဟာ ရှေးအစဉ်အဆက် လက်ဆင့်ကမ်းလာတဲ့ လျှို့ဝှက်ကျင့်စဉ်တဲ့၊ အယူသီးတာ မဟုတ်ဘူးလို့ ပြောသေးတယ်။ ကျွန်မတို့ရယ်လိုက်ကြရတယ် ဆိုတာ။ တကယ် လိုက်ရွတ်တဲ့လူကော ရှိသလား မသိဘူး။ ဘာပဲပြောပြော ကျွန်မလည်း မိတ်ဆွေတွေ သင်ပေးတဲ့ နည်းတွေအတိုင်း ရှိရှိသမျှ လက်နက်တွေအကုန် (အပေါက်ပိတ် ကျင့်စဉ်က လွဲလို့) ထုတ်သုံးထားပြီးပါပြီ။ သိသိသာသာလည်း အလုပ်ဖြစ်ပါတယ်။ ခုချိန်ထိတော့ ကျွန်မ အခြေအနေ မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ မိမိကိုယ်ကိုယ် ဂရုစိုက်ခြင်းသည် ကူညီခြင်း မည်၏။

mgyoe.com

mgyoe.com


တစ်လက်စတည်း ပြောရဦးမယ်။ ရှေ့ရက်က ကျွန်မ တင်ထားတဲ့ 'ဝေပေါ်' ပို့စ်တစ်ခု ဖြုတ်ခံထိသွားပြီ။ အဲဒီပို့စ်လေးဟာ ကျွန်မ မျှော်မှန်းထားတာထက် ပိုပြီး သက်ဆိုးရှည်ခဲ့ရှာပါတယ်။ မထင်မှတ်ဘဲ လူတွေအများကြီး ပြန်ရှဲထားကြတာ တွေ့ရတယ်။ ကျွန်မက 'ဝေပေါ်' ဆိုတဲ့ ဘောင်သေးသေးလေးထဲမှာ တိုက်ရိုက်ရေးရတာ သဘောကျလို့။ ဒါကြောင့်မို့ ရေးတဲ့အခါမှာလည်း သဘောရှိသလို ရေးချလိုက်တာပဲ (အဲဒီလို သဘောရှိရေးရတဲ့ အရသာကို သဘောကျတာ)။ စိတ်ထဲ ပေါ်လာတာ ရေးချလိုက်တာပဲ။ သေချာလည်း ပြန်မစစ်လို့ အကျအပေါက်လည်း များပါတယ် (အဲဒီအတွက် ရှက်မိပါတယ်၊ ဝူဟာန်တက္ကသိုလ် တရုတ်စာဌာနကို နည်းနည်းတော့ အားနာမိတယ်)။ အဲဒီအတွက်တော့ သည်းခံခွင့်လွှတ်ကြစေချင်ပါတယ်။ တကယ်တော့ ကျွန်မဟာ ဒီအချိန်မှာ ဘယ်သူ့ဘယ်သူကိုမှ ဝေဖန်ဖို့ အစီအစဉ် မရှိပါဘူး (ဆောင်းကူးသီးနှံ ရိတ်သိမ်းပြီးမှ စာရင်းရှင်းမယ် ဆိုတဲ့ တရုတ်စကားပုံ ရှိသလို ပျံလေတဲ့ငှက်ခါး နားခါမှသိစိမ့်မယ်လေ မဟုတ်လား)။ ဘာပဲပြောပြော ခုချိန်မှာ ကျွန်မတို့ရဲ့ အဓိကရန်သူဟာ ကပ်ရောဂါဆိုးပဲ။ ကျွန်မက အစိုးရနဲ့အတူ ဝူဟာန်သူ၊ ဝူဟာန်သားတို့နဲ့အတူ ရပ်တည်ပြီး အတူတကွ ကပ်ရောဂါကို တက်တက်ကြွကြွ ခုခံသွားမှာပါ။ မြို့နေပြည်သူတွေကို ညွှန်ကြားထားတဲ့ အစိုးရရဲ့ ညွှန်ကြားချက် မှန်သမျှကိုလည်း ကျွန်မ အပြည့်အဝ လိုက်နာမှာပါ။ ဟိုတစ်ပုဒ်တုန်းကတော့ ရေးရင်းရေးရင်းနဲ့ ပြန်လည်ဆန်းစစ်ရေးဟာလည်း အရေးကြီးတယ် ထင်လို့ တစ်ချက်ကလေး ပြန်လည်ဆန်းစစ်မိသွားတာပါ။

❖

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ခြောက်ရက်နေ့ (ဇန်နဝါရီ ၃၀)

### သူတို့မှာ တစ်ပါးသူအပေါ် အပြစ်ပုံချခွင့် ရှိကို မရှိတာပါ

ဒီနေ့ နေသာတယ်။ ဆောင်းတွင်းရဲ့ သက်သောင့်သက်သာ အရှိဆုံး အငွေ့အသက် ရှိတယ်။ ဆောင်းအလှကို ခံစားလို့အကောင်းဆုံး နေ့တစ်နေ့လည်း ဖြစ်တယ်။ ဒါပေမဲ့ ကပ်ရောဂါက လူတွေရဲ့စိတ်ကို နှောင့်ယှက်ပစ်လိုက်တော့ ရှုခင်းတွေ ဘယ်လောက်လှလှ ရှုစားမယ့်သူ မရှိဘဲ ဖြစ်နေခဲ့တယ်။

ရက်စက်တဲ့ အဖြစ်မှန်က မျက်ဝါးထင်ထင် ရှိနေဆဲ။ အိပ်ရာက နိုးတော့ သတင်းကြည့်တယ်။ တောင်သူတစ်ယောက် ညကြီးသန်းခေါင် မြေတံတိုင်း အပြင်ဘက်မှာ တားဆီးခံထားရပြီး ဖြတ်သန်းခွင့် ပိတ်ပင်ခံရတယ်။ ဘယ်လောက်ပဲ တောင်းပန်တောင်းပန် လမ်းအစောင့်တွေက ဖြတ်သန်းခွင့်ကို မပြုဘူး။ ဒီလို အရိုးစိမ့်အောင် ချမ်းအေးလှတဲ့ ဆောင်းညမှာ အဲဒီတောင်သူ ဘယ်ကို ရောက်သွားလေမလဲ။ တကယ့်ကို စိတ်ပူစရာပါ။ ကပ်ရောဂါကာကွယ်ရေး ဆောင်ရွက်ချက်တွေ လုပ်တာ မမှားဘူး ဆိုပေမယ့် ဒီလောက်အထိ စာနာစိတ် မရှိတာမျိုးတော့ မလုပ်သင့်ဘူးလေ။ ဘာကြောင့်များ ကျွန်မတို့ဆီက အရာရှိတွေဟာ အမိန့်စာတစ်စောင်ကို ဒီလောက်ထိ စာအုပ်ကြီးပုံစံ ဖြစ်အောင် လုပ်နိုင်ကြရတာလဲ။ တစ်ယောက်ကနေပြီးတော့ နှာခေါင်းစည်းတပ်ပြီး အဲဒီ တောင်သူကို အခန်းလွတ်တစ်လုံးထဲ ခေါ်သွား၊ တစ်ည သီးသန့်ခွဲထားလိုက်ရင် မဖြစ်ပေ

mgyoe.com

mgyoe.com

SAMPLE BOOK


ဘူးလား။ နောက်တွေ့တာ ရှိသေးတယ်၊ ဦးနှောက်သွက်ချာပါဒ လိုက်နေတဲ့ ကလေးငယ်တစ်ယောက်ဟာ ဖခင်ဖြစ်သူ ကွာရန်တင်း ထိသွားလို့ အိမ်မှာ တစ်ယောက်တည်း ငါးရက်နေခဲ့ရရာက အစာငတ်ပြီး သေသွားရှာတယ်။ ကပ်ရောဂါတစ်ခုကနေ မရေမတွက်နိုင်သော လူတွေရဲ့ ပကတိစိတ်တွေ ပေါ်လွင်လာစေတယ်။ တရုတ်ပြည် အနယ်နယ်အရပ်ရပ်က အရာရှိတွေရဲ့ အခြေခံအဆင့်အတန်းကို ပေါ်လွင်လာစေတယ်။ ကျွန်မတို့ရဲ့ လူ့ဘောင်အဖွဲ့အစည်း ရောဂါကိုလည်း ပိုလို့တောင် ပေါ်လွင်လာစေခဲ့တယ်။ ဒါဟာ ကိုရိုနာဗိုင်းရပ်စ်ထက် ပိုပြီး ဆိုးယုတ်တဲ့ ပိုပြီးသက်ဆိုးရှည်မယ့် ရောဂါပဲ။ နောက်ပြီး ကုသပျောက်ကင်းနိုင်ဖို့ မမြင်ဘူး။ ဘာလို့လဲဆိုတော့ အဲဒီရောဂါကို ကုသမယ့် ဆရာဝန်လည်း မရှိသလို ဘယ်သူမှလည်း ကုမပေးချင်ကြဘူးလေ။ ဒါတွေတွေးမိရင်း ရင်ထဲမှာ အတိုင်းမသိ နာကျင်ကြေကွဲမိတယ်။ လွန်ခဲ့တဲ့ မိနစ်ပိုင်းကပဲ မိတ်ဆွေတစ်ယောက်က ပြောပြတယ်။ ကျွန်မတို့ဌာနက လူငယ်တစ်ယောက် နေမကောင်းဖြစ်နေတာ နှစ်ရက် ရှိပြီတဲ့၊ အသက်ရှူလည်း ကျပ်တော့ သံသယရှိတယ်ပေါ့၊ ဒါပေမဲ့ ဓာတ်ခွဲစစ်ဆေး မှု မခံရသေးသလို ဆေးရုံလည်း တက်ခွင့် မရနိုင်သေးဘူး။ အင်မတန်ကိုမှ ရိုးသားတဲ့ လူငယ်လေးတစ်ယောက်ပါ။ သူတို့တစ်အိမ်လုံးနဲ့လည်း ကျွန်မ ရင်းနှီးပါတယ်။ သာမန် အအေးမိတာပဲ ဖြစ်ပါစေ၊ ဒီရောဂါဆိုးကြီး မဖြစ်ပါစေနဲ့။

လူတော်တော်များများ ကျွန်မဆီကို မက်ဆေ့ပို့လာကြတယ်။ တရုတ်သတင်းအေဂျင်စီက ကျွန်မကို အင်တာဗျူးတာ ကြည့်လိုက်ရလို့တဲ့ (ဪ... ဒါနဲ့ အင်တာဗျူးသူ သျှုချွန်းဖိန်က တရုတ်သတင်းအေဂျင်စီက ဒုအယ်ဒီတာချုပ်နော်၊ ရှေ့ရက်က ပို့စ်မှာတုန်းက ကျွန်မ သူ့ကို အယ်ဒီတာချုပ်ဆိုပြီး ရေးခဲ့မိလို့၊ နေရင်းထိုင်ရင်း သူ ရာထူးတစ်ဆင့် တိုးသွားတယ်။ ဒီနေရာမှာ ပြန်လည်ဖြေရှင်းပေးလိုက်ပါတယ်။ သျှုချွန်းဖိန်ကိုရော၊ တကယ့် အယ်ဒီတာချုပ် အစစ်ကိုရော ဒီနေရာကနေ တောင်းပန်အပ်ပါတယ်ရှင်) ကျွန်မ ဖြေထားတာတွေ မဆိုးဘူးတဲ့။ တကယ်တော့ အင်တာဗျူးတဲ့ထဲမှာ ဖြတ်တောက်ခံထားရတာတွေ ပါမှာပါ။ ဒါကို နားလည်ပေးနိုင်ပါတယ်။ ဒါပေမဲ့ မဖြတ်ဘဲ ထားလိုက်တော့ကော ဘာဖြစ်မှာတဲ့လဲ။ မိမိကိုယ်ကိုယ် ကုစားခြင်းအကြောင်း ပြောဖြစ်တော့ ကျွန်မက ပြောခဲ့သေးတယ်။

"အရေးကြီးဆုံးက ကူးစက်ခံရတဲ့ လူနာတွေနဲ့ အသက်ဆုံးပါးသွားသူတွေရဲ့ အိမ်သားတွေပဲ။ သူတို့ ခံစားရတာ ပိုပြီး ဆိုးရွားမှာ၊ ဒဏ်ရာက ပိုနက်ရှိုင်း

mgyoe.com

mgyoe.com
SAMPLE BOOK


မှာ၊ တစ်သက်လုံး ဖြေမဆည်နိုင်တာတွေ အထိတောင် ဖြစ်နိုင်တယ်။ ဒါတွေက အစိုးရဆီက အထူးနှစ်သိမ့်အားပေးမှုတွေ လိုအပ်ဦးမယ်လေ...”

ညကြီးသန်းခေါင် ဝင်ခွင့်ပိတ်ခံရတဲ့ တောင်သူအကြောင်း ပြန်စဉ်းစားကြည့်ပေါ့။ အိမ်မှာ တစ်ယောက်တည်း အရှင်လတ်လတ် ငတ်သေသွားရှာတဲ့ ကလေးငယ်အကြောင်း ပြန်စဉ်းစားကြည့်ပေါ့။ နောက်ပြီး ကူရာမဲ့ ဖြစ်နေကြရှာတဲ့ မရေမတွက်နိုင်သော ပြည်သူတွေ၊ အပြင်မှာ အမိမဲ့ငါးပမာ လူတကာရဲ့ မောင်းထုတ်ခြင်းကို ခံနေရရှာတဲ့ ဂူဟာန်သူ၊ ဂူဟာန်သားတွေ (အဲဒီထဲမှာ ကလေးတွေလည်း အများကြီး ပါတယ်)။ ဒီဒဏ်ရာတွေကို အချိန် ဘယ်လောက်ကြာယူပြီး ကုစားမှ ပျောက်ကင်းနိုင်မလဲ။ တစ်တိုင်းပြည်လုံးရဲ့ ဆုံးရှုံးနစ်နာမှုကတော့ ကျွန်မ ပြောစရာ မလိုတော့ပါဘူး။

အင်တာနက်မှာ မနေ့ကစလို့ ကနေ့အထိ အရှုံးအမူး ပြန်ရှဲနေကြတဲ့ သတင်းကတော့ ပညာရှင်တွေ ဂူဟာန်ကို ရောက်လာစဉ်က စွမ်းဆောင်ချက်တွေ ပါပဲ။ ဟုတ်ကဲ့၊ အဲ... ဟို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရွှေဘုံပေါ်မှာ စံပြီး ပေါ့ဆနိုင်လွန်းတဲ့ ပညာရှင်ကြီးတွေဟာ ဒီဥစ္စာကို “လူလူချင်း မကူးပါဘူး”၊ “ကာကွယ်နိုင်တယ်၊ ထိန်းချုပ်နိုင်တယ်” ဆိုတဲ့ မှတ်ချက်တွေကို ပေါ့ပေါ့တန်တန် ပေးခဲ့လိုက်စဉ်ကတည်းက ရောမပြစ်မှုကြီးကို ကျူးလွန်မိသွားကြပါပြီ။ လူ့အသိစိတ်ကလေးများ နည်းနည်းပါးပါး ရှိသေးလို့ရှိရင်၊ ခုချိန်မှာ ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေရဲ့ အခြေအနေကို မြင်ရလို့ရှိရင် သူတို့ရင်ထဲမှာ အပြစ်ရှိမှု ခံစားချက်ကလေးတော့ ဖြစ်မိလောက်မှာပါနော်။ ဟူပေက အုပ်ချုပ်ရေးအရာရှိတွေရဲ့ တာဝန်ဟာလည်း ရပ်ရွာကာကွယ်ရေး၊ ပြည်သူအေးချမ်းရေးပဲ မဟုတ်လား။ ခုတော့ ရပ်ရွာကိုလည်း မကာကွယ်နိုင်၊ ပြည်သူတွေလည်း မအေးချမ်းနိုင်ဘူးဆိုတော့ သူတို့မှာလည်း တာဝန်မရှိဘဲ ဘယ်နေပါ့မလဲ။ ကပ်ရောဂါ ဒီအခြေဆိုက်လာတာဟာ အဘက်ဘက်က အားနည်းချက်ရှိလို့ဖြစ်လာတဲ့ အကျိုးဆက်ပဲ။ သူတို့မှာ တစ်ပါးသူအပေါ် အပြစ်ပုံချခွင့် ရှိကို မရှိတာပါ။ ဒါပေမဲ့ ခုချိန်မှာတော့ ကျွန်မအနေနဲ့ သူတို့တစ်တွေ အားတင်းထားပြီး အပြစ် ပြန်လည်ပေးဆပ်မယ်ဆိုတဲ့ စိတ်၊ တာဝန်သိစိတ်တို့နဲ့ ဟူပေပြည်သူတွေကို ဒီဒုက္ခအခက်အခဲကနေ ကျော်လွှားနိုင်အောင် ဆက်လက်ဦးဆောင်သွားနိုင်ဖို့ ပိုပြီးမျှော်လင့်မိပါတယ်။ အဲဒီကနေမှ ပြည်သူတွေရဲ့ သဘောထားကြီး ခွင့်လွှတ်မှုကို ရရှိအောင် ကြိုးစား

mgyoe.com

mgyoe.com SAMPLE BOOK


ကြပေ့။ ဂူဟာန်သာ တောင့်ခံထားနိုင်ရင် တစ်နိုင်ငံလုံးလည်း တောင့်ခံထားနိုင်ပါပြီ။

ကျွန်မအမျိုးတွေ အများစုက ဂူဟာန်မှာပါ။ ခုချိန်ထိ အားလုံး ကျန်းကျန်းမာမာ ရှိသေးတာကိုပဲ ဝမ်းသာမိပါတယ်။ တကယ်တော့ အားလုံးလည်း အသက်ကြီးပိုင်းတွေ ဖြစ်နေကြပါပြီ။ အစ်ကိုကြီးတို့ လင်မယားဆိုရင် နှစ်ယောက်စလုံး ခုနစ်ဆယ် ကျော်နေပြီ။ ကျွန်မနဲ့ အစ်ကိုလေးလည်း ခုနစ်ဆယ်နား ကပ်နေပြီ။ ကျွန်မတို့ နေမကောင်း မဖြစ်တာဟာ နိုင်ငံတော်ကို အကူအညီပေးနေတာပါပဲ။ တူမလေးတို့ သားအမိကတော့ ဒီမနက်ပဲ စင်ကာပူကို ချောချောမောမော ရောက်ရှိသွားပါပြီ။ သူတို့ကို ဟိုတယ်တစ်ခုမှာ ကွာရန်တင်း လုပ်ထားပါတယ်။ ဟုန်ဆန်း လမ်းပန်းဆက်သွယ်ရေး စီမံခန့်ခွဲမှုဌာနကို အလေးအနက် ကျေးဇူးတင်ရမှာပါ။ တူမလေးတို့ မနေ့က ရတဲ့ အကြောင်းကြားချက်က– စင်ကာပူက လေယာဉ်ဟာ ဒီမနက် သုံးနာရီ ထွက်လာမှာမို့ လေဆိပ်ကို စောစောကြိုရောက်အောင် သွားရမှာပါ။ လမ်းပန်းဆက်သွယ်ရေးကလည်း ပိတ်ထားတယ်။ အစ်ကိုကြီးကလည်း ကားမမောင်းတတ်တော့ တူမလေးတို့ သားအမိမှာ လေဆိပ်ဆင်းဖို့ အခက်တွေ့နေခဲ့တယ်။ ဒီတာဝန်ဟာ ကျွန်မခေါင်းပေါ် ကျလာတာပေ့။ အစ်ကိုကြီး နေထိုင်ရာ ဟွာကျုံးနည်းပညာတက္ကသိုလ်က ဟုန်ဆန်းမြို့နယ်အပိုင်ထဲမှာ ရှိတယ်။ ဒီတော့ ကျွန်မလည်း ဟုန်ဆန်း လမ်းပန်းဆက်သွယ်ရေး စီမံခန့်ခွဲမှုဌာနကို ကျွန်မကား အဲဒီဘက် ဖြတ်သန်းခွင့် ရှိ၊ မရှိ မေးရတော့တယ်။ သူတို့ဌာနမှာ ကျွန်မ စာဖတ်ပရိသတ်တွေ ရှိတယ်လေ။ အဲဒါနဲ့ သူတို့က ဆရာမ အိမ်မှာပဲ စာရေးနေပါ။ ဒီကိစ္စ ကျွန်တော်တို့တာဝန် ထားလိုက်ပါ လို့ ပြောတယ်။ အဲဒါနဲ့ မနေ့ညက ရဲအရာရှိ ရှောင်းကို ကျွန်မတူမ လေဆိပ်လိုက်ပို့ရေးအတွက် စေလွှတ်လိုက်တယ်။ သူတို့ရဲ့ ကူညီမှုကို ကျွန်မတို့ တစ်အိမ်သားလုံး လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ အရေးကိစ္စ အခက်အခဲ ကြုံရင် ရဲကိုသာ ရှာလိုက်ပါ။ အဲဒါ စိတ်အချရဆုံးပါပဲ။ တူမလေးရော၊ သူ့သားလေးရော ဘေးကင်းလုံခြုံစွာ ပြန်ရောက်သွားခြင်းဟာ ဒီကနေ့အဖို့ ကျွန်မ နည်းနည်းဝမ်းသာရတဲ့ တစ်ခုတည်းသော အရာ ဖြစ်ပါတယ်။

ဒီနေ့က တရုတ်နှစ်ဆန်း ခြောက်ရက် ရှိပြီ။ မြို့ကို လော့ဒေါင်းချထားတာ ရှစ်ရက်နီးပါး ရှိပြီ။ ဒ်မှာ ပြောချင်တာက ဂူဟာန်သူ၊ ဂူဟာန်သားတွေဟာ နားလည်မှု ရှိကြပါတယ်။ ဂူဟာန်က လုပ်ငန်းတွေလည်း တစ်နေ့တခြား စည်းကမ်း

mgyoe.com

mgyoe.com
SAMPLE BOOK


တကျ ရှိလာပါပြီ။ ဒါပေမဲ့ ဂူဟာန်ရဲ့ လက်ရှိအခြေအနေကတော့ စိုးရိမ်နေရဆဲ ဖြစ်ပါတယ်။

ညက ဆပ်နဲ့ကျိုတဲ့ ဆန်ပြုတ် သောက်ထားတယ်။ ခဏနေရင် လမ်းလျှောက်စက်ပေါ်မှာ နည်းနည်းပါးပါး ကိုယ်လက်လှုပ်ရှားလိုက်ဦးမယ်။ ဒီလိုပဲ နည်းနည်းချင်း မှတ်တမ်းတင်ရတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ခုနစ်ရက်နေ့ (ဇန်နဝါရီ ၃၁)

### ဖားချင်တယ် ဆိုရင်လည်း ထိန်းထိန်းသိမ်းသိမ်း ဖားကြပါ

ဒီနေ့ တရုတ်နှစ်ဆန်း ခုနစ်ရက်။ ရာသီဥတုကတော့ နေသာသော နေ့တစ်နေ့လို့ ဆိုရမှာပဲ။ ဒါဟာ နိမိတ်ကောင်းတစ်ခုများ ဖြစ်နေမလား။ ကပ်ရောဂါတိုက်ဖျက်ရေးရဲ့ အရေးကြီးဆုံးကာလဟာ ဒီတစ်ပတ်ထဲမှာပဲ။ ပညာရှင်တွေရဲ့ ပြောကြားချက်အရ တရုတ်နှစ်ဆန်း ဆယ့်ငါးရက် ရောက်တဲ့အခါကျရင် အဲဒီရောဂါ ကူးစက်ခံထားရတဲ့ လူတွေလည်း အားလုံးနီးပါး လက္ခဏာပြလာကြလောက်ပြီတဲ့။ အဲဒီအချိန်ဟာ အချိုးအကွေ့ပဲတဲ့။ ဒါကြောင့် ကျွန်မတို့ တစ်ပတ်လောက် ထပ်ပြီး တောင့်ခံထားကြတာပေ့ါ။ ဒီတစ်ပတ် ကျော်လို့ရှိရင် ကူးစက်ခံရသူတွေလည်း အားလုံးနီးပါး သီးသန့်ခွဲထား ခံရပြီးလောက်ပါပြီမို့ ကူးစက်မခံထားရသူတွေ အိမ်ပြင်ထွက်လာလို့ ရလောက်မှာပါ။ အဲဒီအခါကျရင် လွတ်လပ်သော နေ့ရက်တွေ ပြန်လည်ရောက်ရှိလာမှာပေ့ါ။ ဒီလိုပဲ ဖြစ်လောက်မယ် ထင်ပါတယ်နော်။ လော့ဒေါင်း လုပ်ပြီးကတည်းက ကျွန်မတို့ အိမ်မှာ ကိုးရက် အောင်းခဲ့ပြီးပြီ၊ အဓိကအစိတ်အပိုင်းကို လွန်လာခဲ့ပြီ။

အိပ်ရာက နိုးတာနဲ့ မထသေးဘဲ ဖုန်းဖွင့်ကြည့်တယ်။ အထူးသတင်းကောင်း တစ်ပုဒ်ပဲ။ ကျွန်မတို့ဌာနက လူငယ်လေး "ကူးစက်မခံရပါ။ ယနေ့ လုံးဝပုံမှန်အတိုင်း ပြန်ဖြစ်လာပြီ။ မနေ့က ဝမ်းသွားလို့ ဆေးသောက်များသွားတာပါ။

mgyoe.com

ဒီကောင်ဆိုးလေးတော့လေ။ ကပ်ရောဂါကြီးပြီးရင် မုန့်လိုက်ကျွေးရမယ်။ မင်းကြောင့် အားလုံး တော်တော်စိတ်ပူသွားကြတာ"ပြုံးလို့မှ မပြီးသေးဘူး၊ နောက်ထပ်သတင်းတစ်ပုဒ် ဖတ်ရပြန်တယ်။ ကျွန်မ မိတ်ဆွေတွေ အတော်များများ သိကြတဲ့ လူတစ်ယောက်ပဲ။ ပြည်နယ် ဂီတအကပဒေသာအဖွဲ့က တစ်ယောက်။ နေမကောင်းဖြစ်ကတည်းက ဆေးရုံတက်ဖို့ အလှည့်စောင့်နေရင်းက ဆေးရုံတက်ခွင့်ရကြောင်း အကြောင်းကြားလာချိန်မှာပဲ လူက ကွယ်လွန်သွားရှာပြီ။ နောက်ပြီး ပြောသံကြားရသေးတာက ဟူပေ အစိုးရအရာရှိတွေလည်း ကူးစက်ခံနေရပြီ၊ ဆုံးပါးတဲ့ လူတွေတောင် ရှိနေပြီတဲ့။ အင်း... ဒီကပ်ဘေးကြီးထဲမှာ မိသားစု ပြိုကွဲ သေကွဲကွဲကြရတဲ့ ဝူဟန်သူ၊ ဝူဟန်သားတွေ ဘယ်လောက်တောင်များ ရှိနေပြီလဲ။ ဒီနေ့ထက်ထိတော့ ကိုယ့်အပြစ်ကိုယ် ဝန်ခံပြီး ထွက်တောင်းပန်သူ တစ်ယောက်မှ မတွေ့ရသေးဘူး။ တစ်ပါးသူအပေါ် အပြစ်ပုံချတဲ့ အပြောအဆို၊ အရေးအသားတွေပဲ မရေမတွက်နိုင်အောင် ကြားနေ၊ မြင်နေရတယ်။

ကျန်ရစ်သူတွေက ဘယ်သူ့ကိုသွားဆဲရမှာလဲ။ စာရေးဆရာတစ်ယောက်ဆိုရင် သတင်းထောက်နဲ့ အင်တာဗျူးမှာ "အပြီးသတ် အောင်ပွဲခံပြီ" ဆိုတဲ့ စကားလုံးကို ထည့်ပြောသွားခဲ့သေးတယ်။ တကယ့်ကို ဆွံ့အ သွားရပါတယ်။ ဝူဟန် ဒီလောက်အထိ ဖြစ်နေပြီ။ တစ်တိုင်းပြည်လုံး ဒီလောက်အထိ ဖြစ်နေပြီ။ သန်းထောင်ချီသော ပြည်သူတွေ ခဲမှန်ဖူးတဲ့ စာသူငယ်ပမာ ဖြစ်နေကြပြီ။ ဆေးရုံမှာ သေမင်းနဲ့ အသက်လုနေရသူတွေလည်း အများကြီးပဲ။ ပြိုကွဲပျက်စီးသွားတဲ့ မိသားစုတွေ ဆိုတာလည်း ဒုနဲ့ဒေး။ ဘယ်က လာတဲ့ အောင်ပွဲလဲ။ ဘယ်က ဘယ်လို အပြီးသတ်သွားတာလဲ။ ရေးဖော်ရေးဖက်တွေ အချင်းချင်းမို့ ပြောရမှာလည်း အားတော့နာပါတယ်။ တချို့လူတွေ ပြောတဲ့စကားက ဦးနှောက်မသုံးဘူးလို့ ဆိုကြတယ်၊ မဟုတ်လား။ မဟုတ်ဘူးရှင့်။ အထက်က ပုဂ္ဂိုလ်တွေကို မျက်နှာချိုသွေးနိုင်ဖို့အတွက် ဒီလူတွေဟာ သိပ်ကို ဦးနှောက်သုံးကြတာပေါ့။ တော်ပါသေးတယ်၊ ချက်ချင်းပဲ အခြားစာရေးဆရာတစ်ယောက်ဆီက ဝေဖန်တဲ့ စာသားတွေကို ဖတ်လိုက်ရလို့။ တစ်ခွန်းချင်းစီ ထောက်ပြပြီး ဝေဖန်သွားတာ၊ စကားလုံးတွေက ထိမိပြင်းထန်တယ်။ ဒါကို ဖတ်ပြီးမှပဲ ဩော်... လူ့အသိစိတ်ရှိတဲ့ စာရေးဆရာတွေလည်း အများကြီး ရှိဦးမှာပါလေလို့ ကျွန်မ နားလည်မိလိုက်ပါတယ်။ ခုချိန်မှာ ကျွန်မဟာ ဟူပေ စာရေးဆရာအသင်း ဥက္ကဋ္ဌ မဟုတ်တော့ပေမယ့် စာရေး

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ တစ်ယောက်တော့ ဟုတ်ပါသေးတယ်။ ဟူပေက ရေးဖော်ရေးဖက်တွေကို ကျွန်မ အထူးပဲ သတိပေးချင်ပါတယ်။ နောက်နောင်မှာ ရှင်တို့တစ်တွေဟာ ဘုန်းတော်ဘွဲ့တွေ ရေးပေးဖို့ တောင်းဆိုခံလာရဖို့ ရှိပါလိမ့်မယ်။ ဒါပေမဲ့ ရှင်တို့တစ်တွေ ရေးတဲ့အချိန်ကျရင် ရှင်တို့ ဘုန်းတော်ဘွဲ့ ရေးပေးရမယ့် သူတွေဟာ ဘယ်သူတွေ ဖြစ်သင့်သလဲ ဆိုတာကို စက္ကန့်အနည်းငယ်လောက် စဉ်းစား ဆင်ခြင်ကြည့်စေချင်ပါတယ်။ ဖားချင်တယ် ဆိုရင်လည်း ထိန်းထိန်းသိမ်းသိမ်း ဖားကြပါ။ ကျွန်မက လူကသာ အိုမင်းမစွမ်း ဖြစ်ပေမယ့် ဝေဖန်ရေးလုပ်ဖို့ ဆိုရင်တော့ ဘယ်တော့မှ အိုမင်းမစွမ်း မဖြစ်ပါဘူး။

တစ်နေ့ခင်းလုံး ထမင်းဟင်း ကပျာကယာ ချက်ပြီး ညကျတော့ သမီးဆီသွားပို့ပေးတယ်။ သမီးက ၂၂ ရက်က ဂျပန် သွားလည်ပြီး ပြန်လာတာ။ ညဉ့်သန်းခေါင် ၁၂ နာရီမှ အိမ်ပြန်ရောက်တယ်။ ပြန်ရောက်ရောက်ချင်းပဲ လော့ဒေါင်းနဲ့ တန်းတိုးလို့ အိမ်မှာ ဘာမှ စားစရာ မရှိဘူး။ နှစ်သစ်ကူးအကြိုနေ့နဲ့ နှစ်ဆန်းတစ်ရက်နေ့တုန်းကတော့ ကျွန်မ သူ့အတွက် စားစရာတချို့ သွားပို့ထားပြီးပါပြီ။ ရက်အတန်ကြာ စားပြီးတဲ့နောက် သည်းမခံနိုင်တော့ဘူး ဆိုပြီး အပြင်က မှာစားမလို့ လုပ်တယ်။ ကျွန်မရော သူ့ဖေဖေရောက သူ အပြင်က ဝယ်စားတာကို ပြတ်ပြတ်သားသား ကန့်ကွက်တယ်။ ဒီလိုနဲ့ပဲ ကျွန်မလည်း ကိုယ်တိုင် ဟင်းသွားပို့ပေးဖို့ ဆုံးဖြတ်လိုက်ရတယ်။ သမီးအိမ်နဲ့ ကျွန်မအိမ်နဲ့က သိပ်မဝေးဘူး။ ဆယ်မိနစ်ကျော်လောက် ကားမောင်းသွားရင် ရောက်ပြီ။ ရဲကို မေးကြည့်တော့ လမ်းမှာ ပြဿနာ မရှိပါဘူးတဲ့။ အဲဒါနဲ့ ကျွန်မလည်း ထမင်းဟင်း ချက်ပြီး ကိုယ်တိုင် သွားပို့တော့တယ်။ 'တပ်နီတော်အတွက် မုန့်သွားပို့' တဲ့ ဖီလင်ကလေး နည်းနည်းတော့ ရှိတယ်။ ရပ်ကွက်ကလေးထဲကို ဝင်ခွင့်မပြုတော့ ကျွန်မလည်း ရပ်ကွက်ကလေးအဝမှာပဲ သမီးလက်ထဲ ပေးလိုက်ရတယ်။ ကျွန်မတို့မိသားစုက ဒုတိယမျိုးဆက်ထဲမှာ သူတစ်ယောက်ပဲ ဝူဟန်မှာ ကျန်နေရစ်တာမို့ ကျွန်မ သူ့ကို ကောင်းကောင်း စောင့်ရှောက်ရမယ်လေ။

ကျွန်မတို့အိမ်ရှေ့လမ်းဟာ မြို့လယ်ကရေရှင်ဒုတိယမြောက်မြို့ပတ်လမ်းမကြီးမို့ အစဉ်သဖြင့် ကားတွေ၊ လူတွေနဲ့ ကြက်ပျံမကျ ဖြစ်နေခဲ့တာ။ ခုတော့ ကားတွေ နည်းသွားပြီ။ လမ်းသွား လမ်းလာတွေဆို သာလို့တောင် နည်းသွားပြီ။ လမ်းမတန်းက သစ်ပင်အရိပ်တွေ ရှိပြီး လမ်းသွယ်တွေ ကျတော့လည်း ဆိုင်တွေပိတ်ထားတာကြောင့် တစ်လမ်းလုံး မှောင်နေတယ်။ စစ်သည်အားကစားပွဲတော်

mgyoe.com

 SAMPLE BOOK 

တုန်းက လမ်းမတန်းက အိမ်တွေအားလုံးကို ရောင်စုံမီးတန်းတွေ တပ်ဆင်ပစ်လိုက်လို့ အရှေ့ဘက်က တဖျပ်ဖျပ် မလက်ရင် အနောက်ဘက်က တဖျပ်ဖျပ်လက်နေခဲ့လို့ အဲဒီတုန်းက မျက်စိနောက်လို့ စိတ်တွေတောင် နည်းနည်း ရှုပ်ခဲ့ရသေးတယ်။ ခုတော့ အဲဒီခြောက်ကပ်ကပ် လမ်းပေါ် ကားမောင်းလာတဲ့အခါမှာကျတော့ အဲဒီ အရောင်တပြက်ပြက် မီးရောင်တွေက လူကို စိတ်အေးစေပါလားဆိုတဲ့ ခံစားချက်မျိုးတောင် ဖြစ်လာခဲ့သေးတယ်။ ယခင်နဲ့ ယခု လုံးဝ ကွဲပြားခြားနားခဲ့ပြီလေ။

ဆူပါမားကက် အသေးတွေကတော့ ဖွင့်ထားဆဲပဲ။ လမ်းဘေးမှာလည်း ဟင်းသီး ဟင်းရွက်သည်တွေ ရှိသေးတယ်။ ကျွန်မလည်း လမ်းဘေးမှာ ဟင်းသီးဟင်းရွက်တချို့ ဝယ်ပြီး ဆူပါမားကက်ထဲမှာ ကြက်ဥနဲ့ နွားနို့ (တတိယမြောက် ဆိုင်မှာကျမှ ကြက်ဥ ဝယ်လို့ ရခဲ့တာ) ဝယ်လာခဲ့တယ်။ ခုချိန်ထိ ဆိုင်ဖွင့်ထားတော့ ကူးစက်ခံရမှာ မကြောက်ဘူးလားလို့ မေးကြည့်တော့ သူတို့ ဖြေပုံကလည်း အေးအေးဆေးဆေးပါပဲ၊ ကျွန်တော်တို့လည်း ထမင်းစားရဦးမယ်၊ အစ်မကြီးတို့လည်း ထမင်းစားရဦးမယ်လေတဲ့။ ဟုတ်သားလား။ သူတို့လည်း အသက်ဆက်ရှင်ရဦးမယ်၊ ကျွန်မတို့လည်း အသက်ဆက်ရှင်ရဦးမယ်လေ။ ဒါပါပဲ။ အဲဒီလုပ်သားပြည်သူတွေကို ကျွန်မ အစဉ်သဖြင့် သိပ်ကို လေးစားမိပါတယ်။ သူတို့နဲ့ စကားစမြည်ကလေး ပြောလိုက်ရရင်ပဲ ရင်ထဲမှာ ဘာကြောင့်မှန်းမသိဘဲ စိတ်ချသွားမိတယ်။ ဝူဟာန်ရဲ့ ကသောင်းကနင်း အဖြစ်ဆုံး ဟိုနှစ်ရက်၊ သုံးရက်တုန်းကလိုပေါ့၊ မိုးအေး၊ လေအေးကြီးထဲ လူသူ ကင်းရှင်းသလောက် ရှိနေတဲ့ လမ်းမကြီးထက်မှာ သန့်ရှင်းရေးလုပ်သားတစ်ယောက် မိုးထဲ လေထဲမှာ တစ်စက်ကလေးမှ မခိုမကတ်ဘဲ တံမြက်စည်း လှည်းနေခဲ့တယ်။ သူတို့ကို မြင်ရတဲ့အခါ မိမိရဲ့ ရတက်မအေး ဖြစ်မှုအတွက် ရှက်မိသလို ခံစားလာရပြီး တဒင်္ဂအတွင်းမှ စိတ်တွေ ပြန်ပြီး တည်ငြိမ်လာပါလိမ့်မယ်။

mgyoe.com

mgyoe.com 

## တရုတ်နှစ်ဆန်း ရှစ်ရက်နေ့ (ဖေဖော်ဝါရီ ၁)

### သူတစ်ပါးကို ကယ်တင်ခြင်းဟာ မိမိကိုယ်ကိုယ် ကယ်တင်ရာလည်း ရောက်ပါတယ်

ဒီနေ့ ရာသီဥတုက သာယာနေဆဲ။ နှစ်ဆန်းရှစ်ရက် ရှိပြီ၊ နှစ်စဉ် ဒီလိုအချိန် ဝင်းထဲမှာ စည်ကား သိုက်မြိုက်နေခဲ့တာကိုတောင် နည်းနည်း ပြန်တမ်းတမိတယ်။

မနက်နိုးနိုးချင်း ဖုန်းဖွင့်ပြီးပဲ သတင်းဖတ်မိတယ်။ ဇန်နဝါရီ ၃၁ ရက်က ကိန်းဂဏန်းစာရင်းဇယားတစ်ခုကို တွေ့မိတယ်။ ကိန်းဂဏန်းတွေမှာ ဖော်ပြချက်အရ ဝူဟန်မှာ ဓာတ်ခွဲအတည်ပြုလူနာနဲ့ သံသယလူနာတွေ တိုးနေဆဲဆိုပေမယ့် တိုးနှုန်းကတော့ သိသိသာသာ ကျဆင်းသွားပြီတဲ့။ သုံးရက်ဆက်တိုက်ကျဆင်းလာခဲ့တာပါတဲ့။ စိုးရိမ်လူနာ အရေအတွက်လည်း ကျဆင်းလာပြီး သေနှုန်းကတော့ ယခင်ကနဲ့စာရင် ၂ရာခိုင်နှုန်းဝန်းကျင် မှာ တည်ငြိမ်နေပါသတဲ့။ ပြန်ကောင်းလာသူအရေအတွက်နဲ့သံသယပယ်ဖျက်သူအရေအတွက်ဟာလည်း တိုးလာနေပါသတဲ့။ အတော့်ကို ကောင်းတဲ့ သတင်းပါပဲ။ တစ်နည်းအားဖြင့် ခုရက်ပိုင်း ကာကွယ်ထိန်းချုပ်မှုက သိသိသာသာ ထိရောက်မှုရှိတယ် ဆိုတဲ့ သဘောပဲ။ အဲဒါက ကျွန်မအစ်ကိုကြီး ဒီမနက် ကျွန်မတို့ မိသားစု ဂရုထဲမှာ တင်ထားတာ။ သတင်းမှန်၊ မမှန်ဝေ့ ကျွန်မလည်း အတည်မပြုနိုင်ဘူး။

mgyoe.com

SAMPLE BOOK


ဒါပေမဲ့ လုံးဝဥဿုံ မှန်ပါစေလို့ ဆုတောင်းမိပါတယ်။ ရှေ့တစ်ခေါက်က ပြောခဲ့တဲ့ စကားတစ်ခွန်းပါပဲ၊ ဂူဟာန်သာ တောင့်ခံထားနိုင်ရင် တစ်နိုင်ငံလုံးလည်း တောင့်ခံထားနိုင်ပါပြီ။

ပြန်စဉ်းစားကြည့်တော့ ဒီဗိုင်းရပ်စ်ပိုး ကူးစက်တဲ့အကြောင်း ကျွန်မကို ပထမဆုံး ပြောပြသူဟာလည်း အစ်ကိုကြီးပါပဲ။ ကျွန်မတို့မှာ မိသားစုဂရုတစ်ခု ဖွဲ့ထားတယ်။ တကယ်တော့ ကျွန်မတို့မောင်နှမ လေးယောက်တည်းပါ။ မရီးတို့၊ တူမတို့တောင် မပါပါဘူး။ အစ်ကိုနှစ်ယောက်စလုံးက တက္ကသိုလ်ပါမောက္ခတွေ ဆိုတော့ သူတို့တပည့်တွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ဂရုတဲကနေ သတင်းအချက်အလက်တွေ အတော်ကလေး စုံစုံလင်လင် သိကြရပါတယ်။ အထူးသဖြင့် အစ်ကိုကြီးပေါ့။ သူက ချင်းဟွာတက္ကသိုလ်က ဘွဲ့ရဖြစ်တဲ့အပြင် ဟွာကျုံး သိပ္ပံနှင့် နည်းပညာ တက္ကသိုလ်မှာလည်း ပါမောက္ခလုပ်နေတာ ဆိုတော့ သူ့ဆီမှာ တန်ဖိုးရှိတဲ့ သတင်းတွေ ပိုများများ ရတတ်ပါတယ်။

ဒီဇင်ဘာ ၃၁ ရက် မနက် ၁၀ နာရီတုန်းက အစ်ကိုကြီးက ပို့စ်တစ်ခုကို ပြန်ရှဲခဲ့တယ်။ အဲဒီမှာ 'ဂူဟာန်မှာ ဇာစ်မြစ်မသိတဲ့ အဆုတ်ရောင်ရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိသည်' လို့ ရေးထားပြီး ကွင်းစကွင်းပိတ်နဲ့ 'ဆားစ်' လို့လည်း ရေးထားတယ်။

အစ်ကိုကြီးက ပြောတယ်။ ဒါကြီးက တကယ် ဟုတ်၊ မဟုတ် မသိရသေးဘူးတဲ့။ အစ်ကိုလတ်က ချက်ချင်းပဲ အားလုံး အပြင်မထွက်ကြဖို့ သတိပေးတယ်။ အစ်ကိုလတ်က ရှန်ယန်းမှာ အလုပ်လုပ်နေတာ ဆိုတော့ နင်တို့ ရှန်ယန်းမှာ ခဏလာရှောင်ချင် ရှောင်နေလို့ ရတယ်လို့လည်း ပြောသေးတယ်။ ရှန်ယန်းမှာက အနုတ် ၂၀ ဒီဂရီ ဖြစ်နေတာကြောင့် ဘာဗိုင်းရပ်စ်မှ ရှင်နိုင်မှာ မဟုတ်ဘူးတဲ့။ အဲဒီမှာ အစ်ကိုကြီးက ဝင်ပြောတယ်၊ ဆားစ်ရောဂါက အပူချိန်မြင့်တာကို ကြောက်တာ၊ ၂၀၀၃ ခုနှစ်တုန်းက အဖြစ်အပျက်ကို မှတ်မိသေးလားတဲ့၊ နောက်တော့ အစ်ကိုကြီးက မက်ဆေ့ ထပ်ပို့လာတယ်။ ဟိုသတင်းက အမှန်ပဲတဲ့၊ အမျိုးသားကျန်းမာရေးကော်မရှင်က ပညာရှင်တွေ ဂူဟာန်ကို ရောက်နေပြီတဲ့။

အစ်ကိုလေး နည်းနည်းလန့်သွားတယ်။ ဘာလို့လဲဆိုတော့ သူ နေတဲ့ နေရာက ရောဂါစတင်ဖြစ်ပွားတဲ့ ဟွာနန် ပင်လယ်စာဈေး အနီးအနားမှာပဲလေ။ ဒါတွေကို ကျွန်မက နေ့လယ်မှ ဖတ်မိတာ၊ ချက်ချင်းပဲ ဒီရက်ပိုင်း ဆေးရုံမသွားဖို့ ပြောလိုက်တယ်။ အစ်ကိုလေးက ကျန်းမာရေး သိပ်မကောင်းဘူးလေ။ သူ အမြဲပြနေကျက ဟန်ခိုဗဟိုဆေးရုံကြီးမှာလေ။ အဲဒီဆေးရုံမှာက ဂူဟာန်အဆုတ်ရောင်

mgyne.com

mgyoe.com

ရောဂါသည်တွေ အများဆုံး စုနေတဲ့နေရာလေ။ အစ်ကိုလေးက ချက်ချင်း အကြောင်းပြန်လာတယ်။ သူ အိမ်အောက် ဆင်းကြည့်လိုက်တယ်တဲ့၊ ဟန်ခို ဗဟိုဆေးရုံကြီးက အေးဆေးပဲတဲ့၊ သူက သတင်းထောက်တွေ အများကြီး အုံနေမယ် ထင်ထားတာ။ မကြာပါဘူး၊ ကျွန်မရဲ့ ကျောင်းနေဖက်ဂရုထဲမှာလည်း ဟွာနန် ပင်လယ်စာဈေးနဲ့ ဟန်ခို ဗဟိုဆေးရုံကြီးတို့က အခြေအနေအကြောင်း တင်ပြထားတဲ့ ရုပ်သံဖိုင်တွေ တက်လာပါတယ်။ အဲဒါနဲ့ ချက်ချင်းပဲ ကိုယ့်မိသားစုဂရုထဲမှာ ပြန်ရှဲပေးလိုက်တယ်။ အစ်ကိုလေးကိုလည်း အပြင်ထွက်ရင် နှာခေါင်းစည်း တပ်ဖို့ သတိပေးလိုက်တယ်။ နှစ်ဆန်းတစ်ရက်ပြီးတာနဲ့ ကျွန်မအိမ်မှာ ပြောင်းလာနေဖို့ပါ အကြံပြုလိုက်တယ်။ ဘာပဲပြောပြော ကျွန်မနေတဲ့ နေရာက ကျန်းသျှ ဆင်ခြေဖုံးမြို့နယ်ဆိုတော့ ဟန်ခိုနဲ့ နည်းနည်းပိုဝေးတယ်လေ။

အစ်ကိုလေးက ပြောတယ်၊ အခြေအနေ ကြည့်လိုက်ပါဦးမယ်တဲ့။ အစ်ကိုလတ်ကတော့ ဒီလောက်ကြီး ကြောက်နေဖို့ မလိုဘူးလို့ ယူဆတယ်။ အစိုးရက သတင်းအမှောင် မချလောက်ပါဘူးတဲ့။ ပြည်သူတွေအပေါ် ပြစ်မှားလွန်းရာ ကျသွားမှာပေါ့တဲ့။ ကျွန်မလည်း အစ်ကိုလတ်နဲ့ အမြင်ချင်း သိပ်မကွာပါဘူး။ ဒီလောက်ကြီးတဲ့ အမှုကိစ္စကို အစိုးရကတော့ သတင်းအမှောင် မချလောက်ပါဘူးပေါ့။ ပြည်သူတွေကို အမှန်အတိုင်း မတင်ပြဘဲ မနေလောက်ပါဘူးပေါ့။ ဇန်နဝါရီ ၁ ရက် မနက်မှာ အစ်ကိုကြီးက ဝူဟန် ညနေခင်းသတင်းစာထဲက ဟွာနန် ပင်လယ်စာဈေး ပိတ်လိုက်တဲ့သတင်းကို ထပ်ပြန်ရှဲလာတယ်။ အစ်ကိုလေးကတော့ သူတို့အိမ်နားမှာ ဘာမှ အပြောင်းအလဲ မရှိပါဘူးတဲ့။ အားလုံး ကိုယ့်အလုပ် ကိုယ်လုပ်နေကြတုန်းပါပဲတဲ့။ တကယ်တော့ သာမန်ပြည်သူတစ်ယောက် အနေနဲ့ အဲဒီနေ့ကတည်းက ကျွန်မ ဒီကိစ္စအပေါ် အထူးသတိထားလာခဲ့ပါပြီ။ အဲဒီအတွက် ဆောင်ရွက်ချက်တွေကတော့ ယခုလုပ်နေတဲ့အတိုင်းပဲ နှာခေါင်းစည်း တပ်တယ်၊ အိမ်မှာ နေတယ်၊ အပြင်မထွက်ဘူး။ တခြား ဝူဟန်သူ၊ ဝူဟန်သားတွေ လည်း ကျွန်မလိုပဲ ဖြစ်ကြမယ် ထင်ပါတယ်။ ဆားစ်ရောဂါဆိုးကြီးနဲ့ ကြုံဖူးပြီး နောက်ပိုင်း ဒီလိုသတင်းမျိုးကို ဘယ်သူမှ ပေါ့ပေါ့တန်တန် ထားကြမှာ မဟုတ်ပါ ဘူး။ ဒါပေမဲ့ အစိုးရဘက်က အဆိုက လျင်မြန်စွာ ရောက်ရှိလာပါတယ်။ သူတို့ ဟာက ပညာရှင်တွေဆီက မှတ်ချက်ပဲ။ အနှစ်ချုပ်လိုက်ရင် လူလူချင်း မကူးပါ ဘူး၊ ကာကွယ်နိုင်တယ်၊ ထိန်းချုပ်နိုင်တယ်။ အဲဒီတော့ အားလုံး စိတ်အေးသွား တော့တာပေါ့။ နောက်ပြီး ကျွန်မတို့က တောရိုင်းတိရစ္ဆာန်သားမှ မစားတာပဲ။ ဟွာနန်ပင်လယ်စာဈေးကိုလည်း သွားဖို့အကြောင်း မရှိဘူးလေ။ ကျွန်မတို့ ဘာကို စိတ်ပူရဦးမှာလဲ။

mgyoe.com

ကျွန်မ အထက်ပါအကြောင်းအရာတွေကို ပြန်ပြောနေရတဲ့ အကြောင်းရင်းက ဒီနေ့ မနက်မှာ ဒေါက်တာဝမ်ကွမ်ဖားရဲ့ အင်တာဗျူးကို ဖတ်မိလိုက်လို့ပဲ။ ဒေါက်တာဝမ်ကွမ်ဖားဟာ ဂူဟာန်ကို ပထမဆုံးအသုတ် ရောက်လာတဲ့ ပညာရှင်ဖြစ်တယ်။ သူက "လူလူချင်း မကူးပါဘူး၊ ကာကွယ်နိုင်တယ်၊ ထိန်းချုပ်နိုင်တယ်" ပြောပြီးနောက်မှာ ကိုယ်တိုင် ကူးစက်ခံလိုက်ရတယ်။ သူလည်း အနည်းနဲ့အများတော့ မိမိကိုယ်ကိုယ် အပြစ်တင်မိ၊ နောင်တရမိလိမ့်မယ်လို့ ကျွန်မ ထင်တယ်။ ဒီအမှားက သူတစ်ယောက်တည်းနဲ့ မဆိုင်ပါဘူး၊ ကျွမ်းကျင်သူ ပညာရှင်အဖွဲ့တစ်ဖွဲ့လုံးရဲ့ ဆုံးဖြတ်ချက် ဖြစ်တယ် ဆိုပေမယ့်လည်းပေါ့လေ။ ဒါပေမဲ့ ကျွမ်းကျင်သူ ပညာရှင်အဖွဲ့ဝင်တစ်ယောက် အနေနဲ့တော့ သူဟာ ဂူဟာန်ပြည်သူတွေကို ပေါ့ပေါ့တန်တန် ကောက်ချက်ပေးခဲ့တာပဲ။ ဂူဟာန်အစိုးရအရာရှိတွေ ဘယ်လောက်ပဲ အသုံးမကျ မကျ၊ အဖြစ်မှန်ကို တမင်ဖုံးကွယ်ချင်သူတွေ အနည်းနဲ့အများ ဘယ်လောက်ပဲ ရှိရှိ ဆရာဝန်တစ်ယောက် ဖြစ်တဲ့ ဒေါက်တာဝမ်အနေနဲ့ သဘောထား တင်ပြရာမှာ ယခုလို ယတိပြတ်ကြီး ပြောပစ်လိုက်တာမျိုး မဟုတ်ဘဲ နည်းနည်းသတိရှိဖို့ မသင့်ပေဘူးလား။ နောက်ပြီး ဒေါက်တာဝမ်ဟာ ဇန်နဝါရီ ၁၆ ရက်မှာကတည်းက ကူးစက်ခံထားရပြီး ဖြစ်တာမို့ အဲဒီတုန်းကတည်းက ဒီရောဂါဟာ 'လူလူချင်း ကူးစက်နိုင်ကြောင်း' သိထားပြီးဖြစ်တာ ထင်ရှားပါတယ်။ ဒါပေမဲ့ ဒေါက်တာဝမ်ဟာ မိမိ ရှေ့ကပြောခဲ့တဲ့ စကားကို အချိန်မီ ပြန်ပြင်ပြောတာမျိုး ကျွန်မတို့ မကြားခဲ့ရသလို လူတွေ သတိထားနိုင်ကြအောင်လို့ သူ အသံကျယ်ကျယ် သတိပေးတာကိုလည်း ကျွန်မတို့ မကြားခဲ့ရပါဘူး။ သုံးရက်အကြာ ဒေါက်တာကျုံးနန်ဆန်း ဂူဟာန်ကို ရောက်လာတော့မှပဲ လူတွေကို အဖြစ်မှန် ပြောပြလာခဲ့တာပါ။

ဒေါက်တာဝမ်ရဲ့အင်တာဗျူးက မနေ့က ဗျူးထားတာပါ။ ဂူဟာန်သူ၊ ဂူဟာန်သားတွေရဲ့ စုတ်ပြတ်သတ်သွားတဲ့ နွေဦးပွဲတော် (ဂူဟာန်သူ၊ ဂူဟာန်သားတွေ အကောင်းမြင်တတ်ပါတယ်)၊ လူနာတွေရဲ့ ကြေကွဲဖွယ် အဖြစ်ဆိုး၊ ကွယ်လွန်သူတွေရဲ့ ကွဲပြိုသွားတဲ့ မိသားစု၊ မြို့ကို လော့ဒေါင်း လုပ်လိုက်ခြင်းကြောင့် တစ်တိုင်းပြည်လုံးအပေါ် သက်ရောက်တဲ့ ဆုံးရှုံးနစ်နာမှု၊ နောက်ပြီး ဒေါက်တာဝမ့် လုပ်ဖော်ကိုင်ဖက်တွေရဲ့ သူမတူအောင် ပင်ပန်းဆင်းရဲခံမှုနဲ့ မဟာဆောင်ရွက်မှုတို့ကို တစ်တိုင်းပြည်လုံး တွေ့မြင်ကြရပါပြီ။ ဒါပေမဲ့ အဲဒီမှာ အတိုင်းအတာတစ်ခုအထိ တာဝန်ရှိတဲ့ ဒေါက်တာဝမ်ဟာ အင်တာဗျူးဖြေရာမှာ နောင်တရခြင်း အလျှင်းမရှိ၊ တောင်းပန်တဲ့သဘော တစ်စက်မျှ မရှိတဲ့အပြင် အမှတ်တောင် ဝင်ယူချင်သေးတဲ့

mgyde.com

mgyoe.com SAMPLE BOOK

သဘောကို တွေ့ရပါတယ်။ သူက "ကျွန်တော်သာ ဝူဟန်ကို ဟန်ပြသဘော သွားခဲ့တာ ဖြစ်ပြီး လူနာခန်းတွေ၊ fever clinic တွေဆီ မသွားခဲ့ရင် ကျွန်တော်လည်း ကူးစက်ခံရမှာ မဟုတ်ပါဘူး။ သွားပြီးတော့ ကိုယ်တိုင် ကူးစက်ခံရတော့မှ အားလုံးက ဒီကပ်ရောဂါဟာ အမှန်ပင် အရေးကြီးပြီ ဆိုတာကို သိလာကြရတယ်" လို့ ဖြေခဲ့ပါတယ်။ ဒီစကားကို ကြားရပြီးနောက် ကျွန်မ ဆွံ့အသွားပါတယ်။ ကြည့်ရတာ ဒေါက်တာဝမ်ဟာ ဝူဟန်သားတွေရဲ့ ဖရုသဝါစာကို မကြောက်ဘူးနဲ့ တူပါတယ်။

အင်း... တရုတ်လူမျိုးတွေဟာ အပြစ် ဝန်မခံချင်ကြသလို၊ နောင်တရဖို့ အသိစိတ်လည်း သိပ်မရှိကြပါဘူး၊ အပြစ်ရှိကြောင်းခံစားချက် ဆိုရင်တော့ သာလို့တောင် အဖြစ်မလွယ်ကြဘူးလေ။ ဒီဟာက ယဉ်ကျေးမှု ဓလေ့စရိုက်နဲ့ ဆိုင်မယ် ထင်ပါတယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ သူ့အလုပ်ဟာ လူနာတွေကို ဆေးကုပေးဖို့၊ အသက်ကယ်ပေးဖို့ ဖြစ်ပါတယ်။ မိမိရဲ့ အပြောအဆိုကြောင့် လူတွေ ဒီလောက်အများကြီး ရောဂါဝေဒနာထဲမှာ ရုန်းကန်ရင်း မျှော်လင့်ချက်မဲ့စွာ သေသွားကြတာကို မြင်ရတဲ့အခါ သူများက အပြစ် များများစားစား မတင်ပေမယ့် မိမိကိုယ်ကိုယ် ကျတော့ရော။ ဒီလိုပဲ လွယ်လွယ်နဲ့ လွှတ်ပေးလိုက်တော့မှာလား။ စိတ်ထဲမှာ အပြစ်ခံစားချက် နည်းနည်းကလေးတောင်မှ မဖြစ်ပေါ်ဘူးလား။ ကရုဏာ ရှိတယ်ဆို။ ဘယ့်နှယ့်ကြောင့် ခုချိန်မျိုးမှာတောင် ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းဝံ့ရသေးတာလဲ။ တိုင်းပြည် ဒုက္ခရောက်တဲ့အခါ ရှေးတုန်းက ပြည့်ရှင်မင်းတွေတောင်မှ 'မိမိကိုယ်ကိုယ် အပြစ်တင်ကြောင်း' ကြေညာရ ကောင်းမှန်း သိခဲ့ကြပါသေးတယ်။ ဒေါက်တာဝမ် (နှင့်တကွ ကျွမ်းကျင်သူ ပညာ ရှင်အဖွဲ့) ကကော ဝူဟန်သူ၊ ဝူဟန်သားတွေကို တောင်းပန်ဖို့ အစီအစဉ် တကယ်ပဲ မရှိဘူးလား။ ဒါကို မိမိတို့ရဲ့ ဆရာဝန်သက်တမ်းတစ်လျှောက်မှာ သင်ခန်းစာ တစ်ခုလို့ တကယ်ပဲ မခံစားမိကြဘူးလား။

ထားလိုက်ပါလေ။ ဒီအချိန်မှာ ဒါတွေ တကယ်ပဲ များများ မပြောချင်ပါဘူး။ ဒေါက်တာဝမ့်အနေနဲ့ နောက်နောင် လူ့အသက်တွေ ပိုပြီးကြိုးစားကယ်တင်နိုင်ပါစေလို့ပဲ ဆုတောင်းလိုက်ပါတယ်။

သူတစ်ပါးကို ကယ်တင်ခြင်းဟာ မိမိကိုယ်ကိုယ် ကယ်တင်ရာလည်း ရောက်ပါတယ်။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ကိုးရက်နေ့ (ဖေဖော်ဝါရီ ၂)

### ခေတ်ရဲ့မြူတစ်မှုန်ဟာ တစ်ဦးချင်းရဲ့ခေါင်းပေါ် ကျလာတဲ့အခါ တောင်တစ်လုံး ဖြစ်လာတယ်

တရုတ်နှစ်ဆန်း ကိုးရက်။ ကျွန်မတို့ ဘယ်နှရက်တောင် တောင့်ခံလာခဲ့ပြီးကြပြီလဲ။ ရေတောင် မရေချင်တော့ပါဘူး။ တစ်ယောက်က ပဟေဠိတစ်ခု ထုတ်တယ်၊ လက်ကိုင်ဖုန်းကို မကြည့်ဘဲနဲ့ ဒီနေ့ ဘာနေ့လဲဆိုတာ ပြောရမယ်တဲ့၊ ချက်ချင်း ဖြေနိုင်ရမယ်တဲ့။ မေးခွန်းသတ်တယ်ပဲ ပြောရပါလိမ့်မယ်။ ခုချိန်မှာ ဒီနေ့ ဘာနေ့လဲ ဘယ်သူ သိနိုင်ဦးမှာလဲ။ နှစ်ဆန်းကိုးရက်လို့ သိနေသေးရင်ပဲ မဆိုးတော့ပါဘူး။ မိုးက အုံ့လာပြန်ပြီ။ နေ့ခင်းတုန်းက မိုးတောင် ရွာလိုက်သေးတယ်။ ပြေးနေ လွှားနေရတဲ့ လူနာတွေအဖို့တော့ ပိုပြီး သနားဖို့ကောင်းတဲ့ အနေအထား ဖြစ်လာခဲ့ပါတယ်။ ဝူဟန်မှာ အိမ်ပြင်ထွက်ကြည့်လိုက်ရင် လူတွေနည်း၊ မီးတွေလင်းနေတာကလွဲလို့ ကျန်တာအားလုံးကတော့ စည်းကမ်းတကျ ရှိနေဆဲပါ။ လူနေမှု အသုံးအဆောင်ပစ္စည်းတွေ ယေဘုယျ မပြတ်လပ်သေးပါဘူး။ နေမကောင်း မဖြစ်လို့ကတော့ အိမ်တိုင်း အေးအေးဆေးဆေး ရှိနိုင်ပါသေးတယ်။ တချို့လူတွေ စိတ်ကူးမြင်ယောင်ကြသလို လောကငရဲ မဟုတ်ပါဘူး။ တိတ်ဆိတ်ပြီး လှပနေတဲ့ အရှိန်အဟုန်ပြင်းထန်နေဆဲ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ အိမ်တစ်အိမ်မှာ တစ်ယောက် နေမကောင်းဖြစ်လို့ရှိရင် ယောက်ယက်ခတ်သွားတတ်

mgyoe.com

mgyoe.com

SAMPLE BOOK


တာ တစ်ခုပါပဲ။ ကူးစက်ရောဂါကိုး။ နောက်ပြီး ဆေးရုံ အရင်းအမြစ်ကလည်း ဒီလောက်ပဲ ရှိတာလေ။ မြို့နေပြည်သူတွေလည်း နားလည်ပါတယ်။ ဆရာဝန်ကိုယ်တိုင်ရဲ့ အိမ်သားတွေ နေမကောင်းဖြစ်ရင်တောင်မှ မပြင်းထန်လို့ရှိရင် ဆေးရုံမတင်ကြပါဘူး။ ဒီရက်ပိုင်းတွေက ကျွမ်းကျင်သူပညာရှင်တွေ ခန့်မှန်းထားတဲ့ ကပ်ရောဂါပေါက်ကွဲမှု ကာလထဲ ရောက်နေတာကိုး။ ယခုထက်ပိုပြီး ကြေကွဲဖွယ်ကောင်းတဲ့ သတင်းတွေ ဆက်တိုက်ကြားလာရဦးမယ် ထင်ပါတယ်။ ဒီနေ့ ခံစားရအခက်ဆုံး ရုပ်သံဖိုင်ကတော့ သမီးတစ်ယောက် နိဗ္ဗာန်ယာဉ်နောက်မှာ ငိုကြီးချက်မ ဖြစ်နေတဲ့ မြင်ကွင်းပဲ။ ဆုံးသွားတဲ့ မိခင်ကို ကားနဲ့ပဲ လာသယ်သွားပြီး သူကိုယ်တိုင်တော့ လိုက်ပါ သင်္ဂြိုဟ်ခွင့် မရခဲ့ရှာဘူး။ အရိုးပြာတွေ ဘယ်ရောက်သွားမယ်မှန်းလည်း မသိရဘူး။ သေသူကို အထွတ်အမြတ်ထားတဲ့ ရိုးရာ ယဉ်ကျေးမှုရှိတဲ့ တရုတ်ပြည်မှာတော့ ဒီအဖြစ်ဟာ သားသမီးတွေ ရင်ထဲ အနာကျင်ဆုံးခံစားချက် ဖြစ်လိမ့်မယ် ထင်ပါတယ်။

တကယ်တော့ မတတ်နိုင်ပါဘူး။ ဘယ်သူမှ မတတ်နိုင်ပါဘူး။ ကျွန်မတို့တစ်ခုတည်း လုပ်နိုင်တာက အရာအားလုံးကို လက်ခံပြီး ထမ်းထားလိုက်ဖို့ပဲ ရှိပါတယ်။ လူနာ တော်တော်များများ လက်မခံနိုင်ပေမယ့်၊ လူနာအိမ်သားတော်တော်များများလည်း လက်မခံနိုင်ပေမယ့် မတတ်နိုင်ပါဘူး။ ထမ်းမထားဘဲနေလို့ကော ဘာတတ်နိုင်မှာလဲ။ အရင်က ကျွန်မ ပြောဖူးတယ်။ ခေတ်ရဲ့ မြူတစ်မှုန်ဟာ တစ်ဦးချင်းရဲ့ ခေါင်းပေါ် ကျရောက်လာတဲ့အခါ တောင်တစ်လုံးဖြစ်လာတယ်။ ဒီစကားကို ပြောခဲ့တုန်းက ခံစားချက် ဒီလောက် မနက်ရှိုင်းခဲ့ဘူး။ ခုတစ်ကြိမ်မှာတော့ တကယ့်ကို အရိုးထဲ၊အသည်းထဲ စွဲသွားပါပြီ။နေ့ခင်းတုန်းက လူငယ်သတင်းထောက်တစ်ယောက်နဲ့ စကားပြောဖြစ်တယ်။ သူက တော်တော်ကလေး အားမရှိဘူးတဲ့၊ လူတွေဟာ ကိန်းဂဏန်းကိုပဲ မြင်ရတာ၊ အဲဒီကိန်းဂဏန်းရဲ့နောက်ဆက်တွဲကကော ဘာဖြစ်လာဦးမလဲ မသိဘူးတဲ့။ ဒီလူငယ်တွေလည်း တော်တော် ခက်ခဲရှာပါတယ်။ ဒီအရွယ်ကလေးနဲ့ ဒီလို ရက်စက်တဲ့အရာတွေကို ရင်ဆိုင်ကြရတယ်။ ရှန်းကန်ခြင်း၊ သေဆုံးခြင်း၊ အမျိုးမျိုးသော ခွင့်မပြုတဲ့ အမိန့်တွေ။ ကျွန်မလည်း တော်တော်ကလေး အားမလိုအားမရ ဖြစ်မိပါတယ်။ ဒါပေမဲ့ တစ်မျိုးလှည့်ပြီး စဉ်းစားကြည့်တော့ ကျွန်မတို့မှာ အားတင်းထားရုံက လွဲပြီး ဘာများတတ်နိုင်ဦးမှာလဲ။ ကျွန်မတို့ဟာ လူနာတွေကို မကူညီနိုင်ဘူး။ ကျွန်မတို့ ရင်ဆိုင်ရတဲ့ အရာမှန်သမျှကိုပဲ လက်ခံကြရမှာ ဖြစ်တယ်။ သူတစ်ပါးကို ကူညီ

mgyoe.com

mgyoe.com SAMPLE BOOK


နိုင်ဖို့ ခွန်အားတွေ ပိုလာတဲ့အခါကျမှ သူတစ်ပါးအတွက်ပါ ထမ်းပေးကြတာပေါ့။ မတတ်နိုင်ပါဘူး၊ နောက်တစ်ပတ်တော့ ထပ်ပြီး ထမ်းထားရဦးမှာပါပဲ။

နည်းနည်း ကောင်းတဲ့ သတင်းကောင်းတစ်ခု ရှိသေးတယ်၊ ကိန်းဂဏန်း တစ်ခုကို တွေ့ရလို့ပါ။ အဲဒီမှာ ရေးထားတာက တခြားပြည်နယ်တွေမှာ လူနာ အရေအတွက် လျော့နည်းလာပြီး ပြန်ကောင်းနှုန်း အလွန်မြင့်မားကာ သေနှုန်း အလွန် နိမ့်နေတယ်လို့ ဆိုပါတယ်။ ဟူပေမှာ ကိန်းဂဏန်းတွေ မတိကျတာ၊ သေဆုံးသူ ဦးရေ များပြားရခြင်းဟာ ဆေးကုသရေး အရင်းအမြစ် မလုံလောက်တာကြောင့် ဖြစ်ရတာပါတဲ့။ တချို့လူတွေ သေသာ သေသွားတယ်၊ ခတ်ခွဲအတည်ပြုချက် မရခဲ့ရှာဘူး။ နောက်တချို့ကကျတော့ အသက်ငင်နေတဲ့အချိန်ကျမှ ဆေးရုံ တက်ခွင့်ရကြသူတွေ။ နားလည်လွယ်အောင် ပြောရလို့ရှိရင် ဒီရောဂါဟာ ကုလို့ မရတာ မဟုတ်ဘူး။ ရောဂါဖြစ်စမှာကတည်းက ကုသမှု ခံယူနိုင်ခဲ့လို့ရှိရင် အမြန်ဆုံး ထိန်းချုပ်လာနိုင်လိမ့်မယ်။ တစ်ချိန်တည်းမှာ အကြံပြုချက်တချို့လည်း ဖတ်ရ သေးတယ်။ တကယ်တော့ အိမ်နီးချင်းပြည်နယ်တွေက ကုသရေးယန္တရားတွေဟာ အားလုံး အသင့်အနေအထားနဲ့ စောင့်နေကြပေမယ့် လူနာများများစားစား မရှိဘူး တဲ့။ A ကနေ B ကို ကူးတာ တချို့ရှိပေမယ့် B ကနေ C ကို ကူးတာကျတော့ သိပ်ကို နည်းတယ်တဲ့။ ကူးစက်တာ တစ်မှုနှစ်မှုတော့ ရှိပေမယ့် အဲဒါတွေကို C လို့တော့ အတည် မပြုနိုင်သေးဘူးတဲ့။ ဒါကြောင့်မို့ ဝူဟာန်ကနေ ကျန်းမာရေးဝန်ထမ်းတွေ လိုက်ပါတဲ့ လူနာတင်ယာဉ်တွေနဲ့ ကူးစက်မှုမခံရအောင် ကာကွယ်ထားတဲ့ အနေအထားမှာ တချို့သော လူနာတွေကို အိမ်နီးချင်းပြည်နယ်တွေက ကူးစက် ရောဂါကု ဆေးရုံတွေဆီ ပို့ဆောင်ကုသပေးဖို့ အကြံပြုပါတယ်တဲ့။ ဝူဟာန်ဟာ တိုင်းပြည်ရဲ့ အလယ်ဗဟိုမှာ တည်ရှိတာကြောင့် ပြည်နယ်မြို့တော်တွေ အတော် များများဆီကို သုံးလေးနာရီအတွင်း အရောက်သွားနိုင်ပါတယ်။ လူနာသာ ကုသမှု ခံယူရပါက သေမင်းလက်က လွတ်လာမှာ ဖြစ်ပါတယ်။ ဒီအကြံပြုချက် အသုံး တည့်၊ မတည့်တော့ မသိပါဘူး။ ကျွန်မကတော့ နည်းနည်း နည်းလမ်းကျတယ် လို့တော့ ထင်မိတယ်။ ဒါပေမဲ့ ခုနက ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်ဆီ က ကြားလာတာ ရှိသေးတယ်။ မီးနတ်တောင် ဆေးရုံက မနက်ဖြန်ကစပြီး လူနာ လက်ခံနိုင်ပြီတဲ့ (သတင်း မှန်၊ မမှန်တော့ မသိရသေးဘူး)။ ဟိုမှာက လူနာခုတင် နေရာ များတဲ့အပြင် ကုသမှုအတွက်လည်း ပိုပြီး သင့်တော်ပါတယ်။ အပြင်က လာကူညီတဲ့ ကျန်းမာရေးဝန်ထမ်းတွေလည်း အများကြီးပါပဲ။ အကယ်၍

mgyoe.com SAMPLE BOOK

မနက်ဖြန်က စပြီး လူနာလက်ခံနိုင်မယ် ဆိုရင်တော့ တခြားပြည်နယ်ကို လူနာလွှဲပေးဖို့ အကြံပြုချက်ဟာ ပျက်ပြယ်သွားမှာ ဖြစ်ပါတယ်။ အင်း... ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ကျွန်မ ဖြစ်ချင်တဲ့ ဆန္ဒက သေးသေးလေးပါ။ နေမကောင်းဖြစ်တဲ့လူတွေ ဆေးရုံတက်နိုင်ဖို့ပဲ ဖြစ်စေချင်ပါတယ်။ သူတို့အတွက် ဆုတောင်းပေးပါမယ်။

နောက်ပြီး ဝူဟာန်က လူငယ်တွေကို ကျွန်မ တစ်ချက် ချီးကျူးချင်ပါတယ်။ ရှေ့တန်းမှာ လှုပ်ရှားနေတဲ့ လူငယ် ဗော်လန်တီယာတွေ သောင်းပေါင်း ဘယ်လောက်တောင် ရှိနေပြီလဲ။ အားလုံးဟာ မိမိဆန္ဒအလျောက် ဝင်လုပ်ကြတဲ့ သူတွေချည်းပဲ။ သူတို့က ဝီချက်မှာ ဂရုဖွဲ့တဲ့နည်းနဲ့ လူစုကြပြီး အကုန်လုံး ဝင်လုပ်ကြပါတယ်။ တကယ့်ကို လေးစားဖို့ ကောင်းပါတယ်။ ဟိုတုန်းက ကျွန်မဟာ ခုခေတ် လူငယ်တွေ ဂုဏ်ပကာသနတွေနောက်ပဲ လိုက်စားနေကြမှာကို စိုးရိမ်မိခဲ့တယ်။ ဒီအချိန်မှာတော့ အညွန့်တလူလူ ဖြစ်နေတဲ့ သူတို့ကို ကြည့်ရင်း တို့အဘွားကြီးတွေ အလကား ဘာတွေ လျှောက်တွေးပူနေတာလဲပေါ့။ တကယ်တော့ ခေတ်တိုင်း ခေတ်တိုင်းမှာ သူနဲ့လိုက်ဖက်တဲ့ လူတွေ ပေါ်လာကြမှာပါပဲ။ လူကြီးတွေ အနေနဲ့ မိုးပြိုမှာကို စိုးရိမ်နေစရာ မလိုပါဘူး။ မနေ့က ချန်ချွန်း ကျွန်မဆီကို ရုပ်သံဖိုင်တစ်ခု ပို့လာပေးတယ်။လော့ဒေါင်း လုပ်ပြီးနောက် နေ့စဉ်ဖြစ်ရပ်တွေကို ဝူဟာန်က လူငယ်တစ်ယောက် ရိုက်ကူး မှတ်တမ်းတင်ထားတာပါ။ ရက်ပေါင်းများစွာ ဆက်တိုက်ရိုက်ထားတာပါ။ ကျွန်မ တစ်ထိုင်တည်း ပြီးအောင် ကြည့်လိုက်တယ်။ သိပ်ကောင်းတာပဲ။ နောင်များမှာ အဲဒီသူငယ်ကို တွေ့ခွင့်ကြုံခဲ့ရင် သူ့ကို လေးစားကြောင်း ပြသတဲ့အနေနဲ့ ကျွန်မစာအုပ်တွေ လက်ဆောင်ပေးရဦးမယ်။ နောက်ပြီး သူ့ကို ပြောပြဦးမယ်။ ချမ်းစိမ့်ကြေကွဲဖွယ် ကောင်းတဲ့ တစ်ခုသော ညမှာ သူ့ရုပ်သံဖိုင်က ကျွန်မကို အားပေးခဲ့ပါတယ်လို့။

❖

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ်ရက်နေ့ (ဖေဖော်ဝါရီ ၃)

### ပြည်သူ့ဘဝအခက်အခဲကို ညည်းညူရင်း သက်ပြင်းချကာ မျက်ရည်ကျမိ

တရုတ်နှစ်ဆန်း ဆယ်ရက်။ သာယာသော နောက်ထပ် နေ့သစ်တစ်ခု။ မနေ့က မိုးဆက်ရွာဦးမယ် ထင်ခဲ့တာ၊ ဒီနေ့တော့ ရုတ်တရက် နေသာလာတယ်။ ဆေးရုံတက်နိုင်ဖို့ ကြိုးပမ်းနေကြသူတွေလည်း ဒီနေရောင်ကြောင့် နွေးထွေးမှု နည်းနည်း ရှိလာကောင်းပါရဲ့။ သူတို့ထဲမှာ ကူးစက်သူအများကြီးရှိပြီး ဗိုင်းရပ်စ်သယ်ဆောင်ကာ အသက်ရှင်ရေးအတွက် အရပ်တကာ လှည့်လည်နေကြရပေမယ့်လည်း သူတို့အားလုံးဟာ ဒီလိုမလုပ်ချင်ကြဘူးဆိုတာ လူတိုင်း သိပါတယ်။ ဒါပေမဲ့ အသက်ရှင်ဖို့အတွက် သူတို့ ဒီလို မလုပ်လို့ မဖြစ်ဘူးလေ။ သူတို့မှာ ရွေးချယ်စရာတခြားလမ်းမရှိဘူး။သူတို့ရင်ထဲကကြေကွဲမှုဟာဒီဆောင်းဒဏ်ထက်တောင်ပိုပြီး ဆိုးရွားလိမ့်မှာပါ။ ဒါကြောင့်မို့ ကျွန်မကတော့ သူတို့ကို ရုန်းကန်လှုပ်ရှားနေရတဲ့ လမ်းမှာ ဒုက္ခဆင်းရဲတွေ နည်းနိုင်သလောက် နည်းပါစေလို့ ဆုတောင်းပါတယ်။ ဆေးရုံခုတင်က သူတို့အတွက် အလှည့်မရောက်သေးပေမယ့် နေရောင်ကတော့ သူတို့အပေါ် ကျရောက်နိုင်ပါသေးတယ်။

နိုးနိုးချင်း အိပ်ရာမထသေးဘဲ ဖုန်း အရင်ကြည့်တယ်။ အရင်ဦးဆုံးဖတ်ရတဲ့ သတင်းက ချန်တူး လျှောင်သတင်းပဲ။ လျှောင်က အထိတ်တလန့် ဖြစ်စေပေမယ့် အန္တရာယ်တော့ မရှိခဲ့ပါဘူး။ ပြက်လုံးထဲမှာ ပြက်ထားတာကတော့

mgyoe.com

mgyoe.com
SAMPLE BOOK


တော်တော်ကို ရယ်ရပါတယ်။ ပြက်လုံးတစ်ခုက "ချန်တူးမှာရှိတဲ့ ဝူဟန်သား နှစ်သောင်းကို အားလုံး ရှာတွေ့ပြီ။ ဘာလို့လဲဆိုတော့ ခုနက လျှောင်လှုပ်လို့ လမ်းပေါ် အလန့်တကြား ဆင်းပြေးကြသူတွေဟာ ဝူဟန်သားတွေပဲ ဖြစ်ရမယ်။ ချန်တူးသား တွေကတော့ အိမ်ထဲမှာ ခြေထောက် ရေနွေးစိမ်နေကြတယ်" လို့ ဆိုထားတယ်။ တကယ့်ကို မအောင့်နိုင်ဘဲ အသံထွက် ရယ်မိပါတယ်။ ချန်တူးက ပြက်လုံးဆရာ တွေကြောင့် ဝူဟန်သားတွေ ဒီမနက်မှာ 'ပျော်ရွှင်ဖွယ်တစ်ခဏ' တိုးလာကြမှာပါ။ ကျွန်မ စဉ်းစားကြည့်တယ်။ ဝူဟန်သားတွေထက် ပိုပြီး ဟာသ လုပ်တတ်တာ ဆိုရင် စီချွမ်သားတွေပဲ ရှိတော့မယ် ထင်တယ်။ ပြက်လုံးဆရာတွေကို ကျေးဇူး တင်ပါတယ်။

အင်တာနက်ပေါ်က တချို့ရုပ်သံဖိုင်တွေကို ကျွန်မ ထပ်ပြီးမကြည့်ရဲ တော့ဘူး။ သိပ်ကို ကြေကွဲဖွယ် ကောင်းလွန်းလို့ပါ။ ဒါပေမဲ့ ကျွန်မတို့ ဆင်ခြင်တုံ ဉာဏ် ရှိလာကြတယ်။ ဝမ်းနည်းနေရုံနဲ့ မပြီးသေးဘူးဆိုတာ နားလည်လာတယ်။ သေသူတွေက သွားနှင့်ပြီ၊ ရှင်ကျန်ရစ်သူတွေက နေရဦးမယ်။ ကျွန်မတို့အနေနဲ့ မှတ်ဉာဏ်ကိုသာ အားကိုးကြရပါမယ်။ အဲဒီ အညတရပုဂ္ဂိုလ်တွေကို မှတ်ထားရ ပါမယ်။ မသေသင့်ဘဲ သေသွားရသူတွေကို မှတ်ထားရပါမယ်။ အဲဒီကြေကွဲဖွယ် နေ့တွေ၊ ညတွေကို မှတ်ထားရပါမယ်။ ပျော်ရွှင်ဖွယ်ဖြစ်ရမယ့် နွေဦးပွဲတော်မှာ သူတို့ဘဝတွေ အဆုံးသတ်သွားကြရရှာတဲ့ အကြောင်းရင်းကို မှတ်ထားရပါမယ်။ ကျွန်မတို့သာ ဒီလောကမှာ အသက်ဆက်ရှင်နိုင်သေးလို့ကတော့ သူတို့အတွက် တရားမျှတမှုကို ရရှိအောင် တောင်းဆိုပေးကြရပါမယ်။ တာဝန်ပေါ့လျော့သူ၊ အလုပ်မလုပ်သူ၊ တာဝန်မယူသူတွေကို ကျွန်မတို့ တစ်ဆင့်ပြီးတစ်ဆင့် စာရင်း ရှင်းရပါမယ်။ တစ်ယောက်မှ အလွတ်မပေးရပါဘူး။ နို့မို့ရင် လူသေအိတ်ထဲ ထည့် ပြီး သယ်သွားခံရတဲ့ သူတွေအပေါ် ကျွန်မတို့ တာဝန်မကျေရာ ကျသွားမှာပေါ့။ သူတို့တစ်တွေဟာ ကျွန်မတို့နဲ့အတူ ဝူဟန်မှာ အတူတတည်ဆောက်၊ အတူမျှဝေ ခံစားသွားခဲ့ကြတဲ့ လူတွေလေ။

ဒီနေ့ ဝူဟန်အကြောင်း ရုပ်သံဖိုင်တစ်ခု ကြည့်လိုက်ရတယ်။ ရိုက်ထား တာ မဆိုးပါဘူး။ ဝူဟန်ဆိုတဲ့ ဒီမြို့ကြီးရဲ့ ဗလာဟင်းလင်းဖြစ်နေမှုနဲ့ တိတ်ဆိတ် နေမှုတို့ကို 'pause ခလုတ်နှိပ်လိုက်တာ' နဲ့ ခိုင်းနှိုင်းပြထားတယ်။ ဟုတ်တာပဲ လေ။ ဝူဟန်ကတော့ ခေတ္တရပ်နားနေတာပါ။ ဒါပေမဲ့ လူသေအိတ်ထဲ ထည့်ခံရသူ တွေကတော့ အဆုံးသတ်သွားတာပါ။ အင်း၊ မီးသင်္ဂြိုဟ်စက်က အလုပ်သမားတွေ

mgyoe.com

mgyoe.com SAMPLE BOOK


ခုလိုမျိုး တစ်ခါမှ အလုပ်မပင်ပန်းဖူးဘူး။ ဒါပေမဲ့ သူတို့က ပြောရှာပါတယ်၊ ဆရာဝန် တွေကိုပဲ ဂရုစိုက်ကြပါတဲ့၊ သူတို့က လူအရှင်တွေကို ကုပေးနေကြတာပါတဲ့။

နေ့ခင်းပိုင်းမှာ ကျွန်မ မိတ်ဆွေ ဆရာဝန်တစ်ယောက်ဆီကနေ လတ်တလော အခြေအနေကို စုံစမ်းကြည့်တယ်။ သူက ရှေ့တန်းမှာဆိုတော့ အားလပ်တဲ့ အချိန်ကလေးမှာ ကျွန်မ မေးတာကို ဖြေပေးရှာတယ်။ ကျွန်မတို့ ပြောဖြစ်တာတွေက စုံတယ်။ အချက်တချို့အနေနဲ့ ခြုံငုံလို့ရတယ်။ တစ်က လက်ရှိ ဝူဟန်ဟာ အကောင်းဘက်မှာ လုံးဝ မရှိသေးဘူး၊ အခြေအနေက တော်တော်ကို ဆိုးရွားနေဆဲပဲ။ ကုသရေးပစ္စည်းတွေဟာ 'ကျပ်တည်းစွာ လောက်င' တဲ့ အနေအထား။ ကျွန်မလည်း ဒီဝေါဟာရကို ခုမှ ပထမဆုံးကြားဖူးတာ။ စကားလုံးအရ နားလည်ရမယ်ဆိုရင် ကျပ်တည်းတယ်ပေါ့၊ ဒါပေမဲ့ လောက်ငရုံလောက်တော့ ရှိသေးတယ်ပေါ့။ ဆရာဝန်က ပြောတယ်၊ နောက်ထပ် နှစ်ရက်၊ သုံးရက်လောက်တော့ လုံလောက်ပါသေးတယ်။ နှစ်က အောက်ခြေဆေးရုံတွေမှာ အတော်ကြီးကို ခက်ခဲနေကြတယ်။ အောက်ခြေဆေးရုံတွေဟာ နဂိုကတည်းကိုက ဂရုစိုက်ခံရမှု နည်းတဲ့အတွက်ကြောင့် ကုသရေးဆိုင်ရာ အရင်းအမြစ်တွေလည်း နည်းတယ်လေ။ ဆရာဝန်မိတ်ဆွေက ပြောတယ်။ အောက်ခြေဆေးရုံတွေကို လူတွေ ဂရုစိုက်လာကြအောင် နင်လည်း တစ်ချက်လောက် ဆော်ဩပေးပါဦးတဲ့။ ဒါပေမဲ့ သူက ပြောသေးတယ်၊ အောက်ခြေက ဒေသအစိုးရတွေ၊ ရပ်ကွက် ကျေးရွာတွေမှာက သီးသန့်ခွဲခြားမှု ဆောင်ရွက်ချက်တွေ တော်တော်အောင်မြင်တယ်တဲ့၊ ဝူဟန်ထက် အများကြီး သာတယ်တဲ့။ သုံးကတော့ အဖျားတက်တဲ့ သံသယလူနာတွေကို ရပ်ရွာလက်ထဲ အပ်တာဟာ မသင့်တော်တဲ့ လုပ်ရပ်ပဲ။ ရပ်ရွာထဲမှာက ပရော်ဖက်ရှင်နယ် အသိပညာတွေ အားနည်းသလို အကာအကွယ်ပစ္စည်းတွေလည်း မပြည့်စုံပါဘူး။ သူတို့ ဘယ်လို စွမ်းဆောင်နိုင်ကြမှာလဲ။ နောက်ပြီး ရပ်ရွာက လူတွေ ကိုယ်၌ကိုက ကြောက်နေကြတာလေ။ သူတို့က ပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မလည်း စဉ်းစားကြည့်တယ်၊ ဟုတ်တယ်၊ အဲဒီ မှားယွင်းတဲ့ ဆုံးဖြတ်ချက်ကြောင့် ဝူဟန်ရဲ့ ကူးစက်သူဦးရေ ကြီးထွားနေဆဲ ဖြစ်နေတာ။ နောက်ပြီး တစ်ယောက် ကူးစက်ခံရတာနဲ့ တစ်အိမ်လုံး ထိတာပဲ။ နံပါတ်လေးက ခုချိန်မှာ ရှိရှိသမျှဆေးရုံတွေက ဆရာဝန်တွေအားလုံး မအားကြဘူး။ အခြားဌာနတွေကိုလည်း ရှေ့တန်းဆီ ရွေးထုတ်ပို့လိုက်ကြပြီ။ ဒါပေမဲ့ အခု ကုသနေတာက လက်ကျန်လူနာတွေပဲ ရှိသေးတာ၊ ခွဲတ်ခွဲအတည်ပြုလူနာတွေ၊ သံသယ

mgyoe.com

mgyoe.com SAMPLE BOOK


လူနာတွေက တစ်နေ့တစ်နေ့ တစ်ဟုန်ထိုး တက်လာနေတာလေ (လူနာအသစ်တွေ ကုမပေးနိုင်တော့ဘူးလား။ ကျွန်မ မမေးရဲဘူး)။ နံပါတ်ငါးအချက်၊ မိတ်ဆွေဆရာဝန် ခန့်မှန်းတာက နောက်ဆုံးဖြစ်လာမယ့် ကူးစက်ခံရသူ အရေအတွက်ဟာ ကြောက်ခမန်းလိလိ ကိန်းဂဏန်းတစ်ခု ဖြစ်လာမယ်တဲ့။ သူက သိပ်ကိုသေချာစွာ ပြောလိုက်တယ်– "ဆေးရုံတက်သင့်တဲ့လူတွေကို ဆေးရုံ ပေးတက်ပြီး သီးသန့် ခွဲခြားထားသင့်တဲ့ လူတွေကို သီးသန့်ခွဲခြားထားမှသာ ကပ်ရောဂါကို ထိန်းချုပ်နိုင်မယ်" တဲ့။ ဘယ်လိုပဲပြောပြော ဒါဟာ တစ်ခုတည်းသော နည်းလမ်းပါပဲ။ ဒီကနေ့ရဲ့ ဆောင်ရွက်ချက်တွေအရ ကြည့်လိုက်ရင် အစိုးရလည်း ဒီအချက်ကို သဘောပေါက်သွားလောက်ပါပြီ။

ကပ်ရောဂါ ကျရောက်လာပြီ။ သူ့ရဲ့ အစအဦးပိုင်းကနေ ပြန့်ပွား၊ ပြန့်ပွားရာကတစ်ဆင့် အရှုံးအမူး ပေါက်ကွဲလာတဲ့ အဆင့်အထိ ကျွန်မတို့ရဲ့ ကိုင်တွယ်ဖြေရှင်းမှုဟာ မှားရာကနေ ကြန့်ကြာ၊ ကြန့်ကြာရာကနေ သတိလစ်ဟင်းကာ လွဲမှားသွားတယ်။ ကျွန်မတို့ ဒီလောက်ကြီးကြီးမားမား ပေးဆပ် စတေးခဲ့ကြရပေမယ့် ကျွန်မတို့ဟာ ဗိုင်းရပ်စ်ကို ရှေ့ကနေ ပိတ်ပြီး မတားဆီးနိုင်ခဲ့ဘဲ သူ့နောက်ကနေပဲ အမီလိုက်နေကြရတယ်။ စမ်းတဝါးဝါး လုပ်တာဟာ အဆင်မပြေပါဘူး။ ဒါဖြင့်ရင် ရှေ့က နမူနာတွေကို အတုယူပေါ့။ ဘာလို့ လိုက်မလုပ်ကြရတာလဲ။ တိုက်ရိုက်ကူးချလည်း ရတယ်လေကွယ်။ ကျွန်မ အတွေးလွယ်လွန်းတာလည်း ဖြစ်ချင် ဖြစ်မှာပါ။

ဒီနေ့ ရုပ်သံဖိုင်တစ်ခု တက်လာသေးတယ်။ မိသားစုတစ်စု တံတားဖြတ်ကူးကြတဲ့ အကြောင်းပါ။ တံတားရဲ့ ဒီဘက်ကမ်းက ချုံကင်း၊ ဟိုဘက်ကမ်းက ကျွေ့ကျိုး။ လင်မယားနှစ်ယောက် ကလေးတစ်ယောက်လား၊ နှစ်ယောက်လား (သေချာ မကြည့်မိဘူး) ခေါ်လာတယ်။ ယောကျ်ားက ချုံကင်းက၊ မိန်းမက ကျွေ့ကျိုးက။ ကားက ချုံကင်းကနေ ထွက်လာတာ၊ တံတားဖြတ်ပြီး ကျွေ့ကျိုးအပိုင်ထဲ ဝင်ဖို့၊ အဲဒါ ကျွေ့ကျိုးဘက်က လူတွေက ယောကျ်ားကို အဝင်မခံဘူး၊ ကျွေ့ကျိုးသူ မိန်းမကတော့ အိမ်ပြန်လို့ ရတယ်၊ ချုံကင်းသား ယောကျ်ားကိုတော့ ဝင်ခွင့် မပြုနိုင်ဘူးတဲ့။ ယောကျ်ားလည်း ကားနဲ့ လှည့်ပြန်သွားရရှာတယ်။ ချုံကင်းဘက် ပြန်ရောက်သွားတော့– "မင်းတို့က ချုံကင်းကနေ ထွက်သွားပြီးပြီ၊ ယောကျ်ားက အိမ်ပြန်လို့ ရတယ်၊ မိန်းမကိုတော့ ဝင်ခွင့် မပြုနိုင်ဘူး" တဲ့။ ကားမောင်းတဲ့ ယောကျ်ားလည်း "ရှေ့ဆက်တော့လည်း ပေးမသွားဘူး၊ နောက်လှည့်

mgyoe.com

တော့လည်း ပေးမပြန်ဘူး၊ ကျုပ်တို့ တံတားပေါ်မှာပဲ နေရတော့မှာလား” လို့ ပြောလိုက်တော့တယ်။ အဲဒါဟာ တကယ့်ကို ငိုရခက် ရယ်ရခက်တဲ့ ရုပ်သံဖိုင်တစ်ခု ပါပဲ။ ကျွန်မလည်း ဂူချန်းမြို့ ဆိုတဲ့ ဝတ္ထုရှည်တစ်ပုဒ် ရေးဖူးတယ်။ အကြောင်း အရာက ဂူချန်းမြို့ကို မြောက်ပိုင်းချီစစ်တပ်က တစ်လကြာ ဝိုင်းထားတဲ့ အဖြစ် အပျက်ကို ရေးထားတာ (တိုက်ဆိုင်လိုက်တာ၊ ကျွန်မကိုယ်တိုင်လည်း အခု ဂူချန်းမြို့ထဲမှာ ပိတ်မိနေပြီ)။ မြို့ကို ဝိုင်းထားစဉ်ကာလအတွင်း ဂူချန်းမြို့ထဲမှာ ငတ်မွတ် ဖျားနာပြီး သေတဲ့လူတွေ မနည်းဘူး။ ဟာန်ခိုတို့၊ ဟာန်ယန်းတို့ဘက်က လူတွေ ဝိုင်းကူကြတော့မှ နောက်ဆုံး နှစ်ဖက်တပ်တွေ သဘောတူညီချက် ရရှိ လာခဲ့တယ်။ ပြည်သူတွေ မြို့ပြင်ထွက်ပြီး အစာရေစာရှိတဲ့ နေရာတွေဆီ သွားနိုင် ဖို့ သုံးရက် အချိန်ပေးလိုက်ကြတယ်။ မြို့ဝိုင်းတဲ့ဘက်က ထိုးစစ် မဆင်ဘူး၊ မြို့ထဲကနေ ခုခံနေတဲ့ဘက်ကလည်း ပြည်သူတွေကို ထွက်ခွင့်ပေးမယ်ပေါ့။ အဲဒါဟာ ၁၉၂၆ ခုနှစ်တုန်းက အဖြစ်အပျက်ပါ။ စစ်ဖြစ်နေတဲ့ ကာလကြီးမှာ တောင်မှ နှစ်ဖက်တပ်တွေ ညှိနှိုင်းနိုင်ကြသေးတာပဲ၊ အခုဟာက မိုးပြိုနေတာ လည်း မဟုတ်ပါဘူး၊ ဘာ့ကြောင့်များ ဒီလောက်အထိ ဖြစ်နေကြရတာလဲ၊ နည်းလမ်း တွေမှအများကြီးပါရှင်။ နောက်တော့ အဲဒီလူငယ်လေး ချုံကင်းပဲပြန်သွားသလား၊ ကွေ့ကျိုးကိုပဲ ဆက်သွားသလား၊ ကျွန်မလည်း မသိတော့ပါဘူး။

အင်း... ပြည်သူ့ဘဝ အခက်အခဲကို ညည်းညူရင်း သက်ပြင်းချကာ မျက်ရည်ကျမိ။ ဒီရက်ပိုင်းတွေမှာ လူအတော်များများ အဲဒီစာသားကို ရေးလာ နေကြတယ်။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ့်တစ်ရက်နေ့ (ဖေဖော်ဝါရီ ၄)

## ကံကြီးပေလို့လို့ မိမိကိုယ်ကိုယ် နောက်တစ်ကြိမ် ခံစားမိခြင်း

ဒီနေ့ရာသီဥတုက ကောင်းနေဆဲပဲ။ ဝူဟန်မြို့နေ ပြည်သူတွေရဲ့ ဘဝဟာအတော်ကလေးတည်ငြိမ်နေဆဲ။ပျင်းစရာတော့နည်းနည်းကောင်းတာပေါ့။ ဒါပေမဲ့ အသက်ရှင်နေဖို့အတွက် ပျင်းတာကိုတော့ သည်းခံရမှာပဲလေ။

နေ့ခင်းတုန်းက ဆူပါမားကက်တွေမှာ လူတွေ အထိတ်တလန့်နဲ့ ပစ္စည်းတွေကို (နောက်တစ်ကြိမ်) အလုအယက် သွားဝယ်ကြပြန်တယ် ဆိုတဲ့ သတင်းရုတ်တရက် တက်လာတယ်။ ဆူပါမားကက်တွေ ပိတ်သွားပြီး ရိက္ခာပြတ်သွားမှာ စိုးလို့လို့တော့ ပြောကြတာပဲ။ ကျွန်မအထင် ဒီလိုတော့ မဖြစ်တန်ကောင်းပါဘူး။ အဲဒီအတွက် မြူနီစီပယ်အစိုးရကလည်း ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်တယ်။ ဆူပါမားကက်တွေ မပိတ်စေရပါဘူးလို့ အာမခံပါတယ်တဲ့။ အမှန်ဆိုရင် တစ်တိုင်းပြည်လုံး ပြည်သူအပေါင်းက ဝူဟန်ကို ဝိုင်းဝန်းထောက်ပံ့နေကြတာပါ။ တရုတ်ပြည်မှာလည်း စားသောက်ကုန် လူသုံးကုန်တွေ မပြတ်လပ်ပါဘူး။ ဝူဟန်ပြည်သူတွေရဲ့ နေ့စဉ်ဘဝအတွက် ပစ္စည်းတွေ မပြတ်လပ်အောင် စီမံဖို့က ခက်ခဲလှမယ် မထင်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့၊ စောင့်ရှောက်သူမဲ့တဲ့ အသက်ကြီးပိုင်း တချို့ကတော့ ခက်ခဲကြပါတယ် (ကပ်ရောဂါ မဖြစ်လည်း သူတို့ဘဝက ခက်ခဲတာပါပဲ)။ ရပ်ရွာနဲ့ ဗော်လန်တီယာတွေက သူတို့ဆီကို သွားရောက် ကူညီကြ

mgyoe.com

လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အစိုးရက အစောပိုင်းမှာ ဘယ်လောက်ပဲ အမှား တွေ ရှိခဲ့ပါစေ၊ လက်ရှိအချိန်မှာ ကျွန်မတို့ဟာ အစိုးရကိုပဲ ယုံကြည်ကြရမှာပါ။ သူတို့ကို ကျွန်မတို့ ယုံကြည်ပေးရဦးမှာပါပဲ။ သူတို့ကို မယုံကြည်လို့ ဒီလိုအချိန် မှာ ဘယ်သူ့ကို ယုံကြည်နိုင်ဦးမှာလဲ၊ ဘယ်သူ့ကို အားကိုးနိုင်ဦးမှာလဲ။ ထိတ်လန့် တဲ့ လူတွေကတော့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ထိတ်လန့်နေကြမှာပါပဲ။ မတတ် နိုင်ပါဘူး။ ခုနက အမှိုက်သွားပစ်တော့ ကျွန်မအိမ်တံခါးပေါ်မှာ 'ပိုးသတ်ပြီး' ဆိုတဲ့ စာရွက်လေး ကပ်ထားတာ တွေ့လိုက်ရတယ်။ အကြောင်းကြားစာ တစ်စောင် လည်း ကပ်ထားသေးတယ်။ အဲဒီမှာ ရေးထားတာက ကိုယ်အပူချိန် တက်လာ တယ်လို့ ထင်လို့ရှိရင် ဝူချန်းမြို့နယ် ဖုန်းနံပါတ် ဘယ်လောက် ဘယ်လောက်ကို ဆက်သွယ်ပါလို့ ရေးထားတာပါ။ ဒါကို ကြည့်ခြင်းအားဖြင့် ရပ်ရွာလုပ်ငန်းတွေရဲ့ ဆောင်ရွက်ချက်ဟာ အတော်ကလေး အသေးစိတ်တယ်လို့ ဆိုရပါမယ်။

ကပ်ရောဂါဟာ ရန်သူကြီးပါ။ တစ်မျိုးသားလုံးရဲ့ ဘုံရန်သူပါ။ ဘယ်သူ မှ မပေါ့ဆရဲတော့ပါဘူး။ မူဝါဒချမှတ်သူတွေ မိုက်မဲတဲ့လုပ်ရပ် ထပ်မလုပ်မိစေဖို့ပဲ အရေးကြီးပါတယ်။

နောင်မှာ လူတွေ ဘယ်လောက်အထိ ကူးစက်ခံရနိုင်တယ်ဆိုတဲ့ ကိန်း ဂဏန်းအပေါ် အားလုံးက အကဲဆတ်ကြပါတယ်။ ကိန်းဂဏန်းတွေ ကြီးလွန်း လို့လည်း စိုးရိမ်ထိတ်လန့်ကြပါတယ်။ တကယ်တော့ မနေ့က ကျွန်မ 'ဝေပေါ်' ထဲမှာ တစ်သိန်းဆိုတဲ့ ကိန်းဂဏန်းကို ပြောခဲ့ပါတယ်။ ဆရာဝန်တွေကတော့ အစောကြီးကတည်းက သိပြီးသားပါ။ အစောကြီးကတည်းကလည်း ပြောထား ပြီးသားပါ။ ဒီနေ့ အခြား ဆရာဝန်မိတ်ဆွေ တစ်ယောက်က ကျွန်မကို ပြောပြ တယ်။ ဒီကိန်းဂဏန်းက တစ်စက်မှ မမှားဘူးတဲ့။ အရေအတွက်က အဲဒီလောက် အထိကို တက်လာမှာတဲ့။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ရှိရှိသမျှသော ‌ ူးစက်ခံရ သူတိုင်း နေမကောင်းဖြစ်ကြတာ မဟုတ်ဘူးတဲ့။ နေမကောင်းဖြစ်ကြသူတွေ ဆိုတာ အဲဒီထဲက တစ်ဝက် သို့မဟုတ် သုံးပုံတစ်ပုံသာ ရှိနိုင်တယ်တဲ့၊ အဲဒါနဲ့ ကျွန်မ လည်း တစ်ခုဆက်မေးလိုက်တယ်၊ ကူးစက်ခံရပေမယ့်လည်း ရောဂါလက္ခဏာ မပြ၊ နေထိုင်မကောင်းမဖြစ်လို့ရှိရင် သူ့အလိုလို ဖြည်းဖြည်းချင်းပြန်ကောင်းသွား မှာလားလို့ မေးလိုက်တယ်။ ဆရာဝန်မိတ်ဆွေက ဟုတ်တယ်လို့ အခိုင်အမာ ပြန်ဖြေလိုက်တယ်။ ဒီလိုသာ တကယ်ဆိုရင် ဒါဟာ သတင်းကောင်းတစ်ခုလို့ ဆိုနိုင်လေမလား။

mgyoe.com

mgyoe.com

ထပ်ပြောပါမယ်။ ဆရာဝန်တွေရဲ့ ပြောပြချက်အရ ကိုရိုနာရောဂါဟာ ကူးစက်အား သိပ်ကောင်းပါတယ်၊ ဒါပေမဲ့ နည်းမှန်လမ်းမှန် ကုသမှု ရှိလို့ရှိရင် သေနှုန်းက မမြင့်ပါဘူး။ အခြားပြည်နယ်တွေမှာ ကုသမှုခံယူနိုင်ခဲ့တဲ့ လူနာတွေကလည်း ဒီတစ်ချက်ကိုသက်သေခံနေပါတယ်။ ဝူဟန်ရဲ့ သေဆုံးသူအရေအတွက်များနေခြင်းဟာ အဓိကကတော့ ဆေးရုံတက်ခွင့် မရကြဘဲ လက္ခဏာပျော့ကနေ လက္ခဏာပြင်းအဖြစ် ပြောင်းလဲကာ လက္ခဏာပြင်းကနေ သေဆုံးသွားကြရတာပါ။ သီးသန့်ခွဲခြားတဲ့ နည်းလမ်းကလည်း မမှန်ပြန်တော့ ဟုမ်းကွာရန်တင်းလုပ်ရင်း တစ်အိမ်လုံး ကူးစက်ခံရကာ လူနာအရေအတွက် ပိုများလာရာက ခုလိုအဖြစ်ဆိုးတွေ အများကြီး ဖြစ်လာရတာပါ။ ဆရာဝန်မိတ်ဆွေက ပြောပါတယ်၊ အကယ်၍ စောစောစီးစီးကတည်းကသာ ဆောင်ရွက်မှုတွေ ရှိခဲ့ရင် ဝူဟန်မှာ အခုလက်ရှိ ရှိတဲ့ ခုတင်အရေအတွက်က လက္ခဏာပြင်းလူနာတွေ ဆေးရုံမှာ ကုသမှုခံယူနိုင်ဖို့ ကောင်းကောင်းကြီး လုံလောက်ပါတယ်တဲ့။ ဒါပေမဲ့ အစောပိုင်းမှာက ရှုပ်ယှက်ခတ်ကုန်တော့ လူတွေလည်း ကြောက်အားလန့်အားနဲ့ ရောဂါမရှိဘဲ ဆေးရုံပြေးလာကြရာက နောက်ပိုင်းမှာ အခြေအနေတွေ ရှုပ်ထွေးကုန်ရတာပါ။ ခုတော့ အစိုးရကလည်း လုပ်နည်းကိုင်နည်းတွေကို အဆက်မပြတ် ထိန်းညှိမှုတွေလုပ်ဆောင်လာနေပါပြီ။ ဆက်လက်ပြီး အလှည့်အပြောင်းဖြစ်လာနိုင်မလားကိုပဲ စောင့်ကြည့်ရမှာပါ။ အချိုးအကွေ့ မြန်မြန် ဖြစ်ပေါ်လာပါစေလို့ပဲ မျှော်လင့်ရတော့မှာပါ။

ဒီ့အပြင် အင်တာနက်မှာ တချို့လည်း မနေ့က ကြေညာလိုက်တဲ့ 'ဖန်းချန်း' လို့ခေါ်တဲ့ 'ယာယီဆေးရုံ' အပေါ် မေးခွန်းထုတ်ကြတာတွေ ရှိပါတယ်။ ဒီလိုတစုတစည်းတည်း သီးသန့်ခွဲခြားခြင်း ပြုလုပ်တဲ့အတွက် လူနာတွေ နေရာ တစ်ခုတည်းမှာ စုပြုံနေတာကြောင့် cross infection လို့ ခေါ်တဲ့ အပြန်အလှန် ကူးစက်ခြင်းတွေ ပိုပြီး ဖြစ်မလာနိုင်ဘူးလားပေ့ါ။ ဒါပေမဲ့ ကျွန်မ စဉ်းစားကြည့်တယ်၊ ဒါဟာ စစ်မြေပြင်ဆေးရုံ ပုံစံပါပဲ။ ရှေးဦးစွာ အဖျားတက်သူတွေ၊ သံသယလူနာတွေကို အမြန်ဆုံး စုစည်းပြီး ဆရာဝန်တွေကနေ ကုသမှု ပေးရမယ်။ တစ်ချိန်တည်းမှာ သီးသန့် ခွဲခြားခြင်းကိုလည်း ပြီးပြတ်အောင် လုပ်ဆောင်ရမယ်။ နို့မို့ရင် သွားလာနိုင်တဲ့ ပိုးရှိသူတွေ အရပ်တကာ လျှောက်သွားနေခဲ့ရင် လူတွေ ပိုပြီး ကူးစက်ခံလာရမှာပါ။ အဲဒီအခါကျရင် ဘယ်လိုမှ ထိန်းချုပ်လို့ ရမှာ မဟုတ်တော့ပါဘူး။ လက်ရှိက နေရာအကျယ်ကြီးမှာ အပြင်အဆင်တွေ သိပ်စိတ်တိုင်းကျဖွယ်

mgyoe.com

mgyoe.com
SAMPLE BOOK


မရှိသေးပေမယ့်လို့ နောက်တစ်ဆင့်အနေနဲ့ အခန်းငယ်တွေအဖြစ် ထပ်ခွဲချင်လည်း ခွဲလာမှာပါ။ ဒီလိုပဲ ခန့်မှန်းကြည့်တာပါ၊ တကယ် ဖြစ်လာမယ်၊ ဖြစ်မလာဘူးဆိုတာတော့ မသိပါဘူး။ ဘာပဲဖြစ်ဖြစ် လျှောက်သွားနေတဲ့ ပိုးရှိသူတွေကို သီးသန့်ခွဲခြားထားရေးဟာ ခုချိန်မှာ အရေးအကြီးဆုံးပါပဲ။

ဒီနေ့ ရုပ်သံဖိုင်တစ်ခုကြည့်လိုက်ရသေးတယ်။ မီးနတ်တောင်ဆေးရုံကရုပ်သံဖိုင်။ လူနာ ကိုယ့်ဘာသာ ရိုက်ထားတာ။ ရုပ်သံဖိုင်ထဲမှာ တွေ့ရတဲ့အရဆေးကုသမှုပတ်ဝန်းကျင်က အတော်ကလေး မဆိုးပါဘူး။ လူနာတွေလည်း အကောင်းမြင်စိတ် ရှိကြပါတယ်။ ကျွန်မတို့ မြင်ချင်တာ အဲဒါပါပဲ။ သူတို့တစ်တွေ အမြန်ဆုံး နေပြန်ကောင်းပါစေ၊ ရှိရှိသမျှသော အရာတွေလည်း ပို၍ တရားနည်းလမ်း ကျပါစေ၊ ပို၍ စည်းကမ်းစနစ်ကျပါစေလို့ ဆုတောင်းပါတယ်။ ဒီကပ်ရောဂါဟာ အားတွေစုပြီး ဖြစ်ပွားလာတာမှန်း ထင်ရှားပါတယ်။ ရန်သူဟာဗိုင်းရပ်စ်တစ်ခုတည်း မဟုတ်ပါဘူး။ ကျွန်မတို့ကိုယ်တိုင်ဟာလည်း မိမိရဲ့ ရန်သူသို့မဟုတ် ရန်သူ့အားပေး ဖြစ်လာနိုင်ပါတယ်။ ပြောသံ ကြားရတာက ခုချိန်ကျမှလူတော်တော်များများ ရုတ်တရက် အသိတရား နိုးကြား လာခဲ့တာတဲ့။ နေ့ရှိသရွေ့ 'အင်အားကြီးပါပေ့ ငါ့တိုင်းပြည်ရေ' လို့ ကြွေးကြော်နေတာ အဓိပ္ပာယ်မရှိမှန်း အသိတရား ရလာကြပါပြီ။ နေ့ရှိသရွေ့ နိုင်ငံရေးစကားတွေချည်း သကြန်အမြောက် ပစ်နေပြီးတော့ ဘာအလုပ်မှ မည်မည်ရရ မလုပ်တဲ့ ကေဒါတွေ တစ်စက်မှ အသုံးမကျမှန်း အသိတရား ရလာကြပါပြီ (အရင်က ဒီလိုလူတွေကို ကျွန်မတို့က 'ဝါယောလုပ်သား' လို့ ခေါ်ကြပါတယ်)။ လူ့အဖွဲ့အစည်းတစ်ခုဟာ သာမန်အသိ ချို့တဲ့ပြီး အရှိကို အရှိအတိုင်း ထောက်ပြခြင်း မလုပ်ကြလို့ရှိရင် နောက်ဆက်တွဲရလဒ်က နှုတ်ပြောအရ လူသေတာတင်မကဘဲ တကယ့်လက်တွေ့လူသေမှာပါ၊ သေတာမှ လူတွေအများကြီး သေကြမှာပါ။ ဒါဟာ သင်ခန်းစာတစ်ခုပဲ။ နက်ရှိုင်းသလောက် ပြင်းလည်း ပြင်းထန်လှပါတယ်။ ကျွန်မတို့ဆီမှာ ၂၀၀၃ ခုနှစ် အဖြစ်မျိုး ကြုံခဲ့ဖူးပေမယ့် လူတွေက မကြာခင်မှာပဲ မေ့မေ့ပျောက်ပျောက်ဖြစ်လာကြပါတယ်။ အခုတစ်ဖန် ၂၀၂၀ ကို ကြုံလာရပြန်တဲ့အခါ ကျွန်မတို့မေ့မေ့ပျောက်ပျောက် ဖြစ်ကြဦးမှာလား။ မကောင်းဆိုးဝါးက နောက်ကနေအမြဲလိုက်နေတာ။ ကျွန်မတို့ တစ်ချက်ကလေး သတိလွတ်သွားတာနဲ့ သင်းကတစ်ဆင့် တက်လာဦးမှာ။ ကျွန်မတို့တစ်တွေ နိုးထလာတဲ့အသိ နှိပ်စက်လာမှာ။ ပြဿနာက ကျွန်မတို့ နိုးထချင်ပါသလား။

mgyoe.com

mgyoe.com SAMPLE BOOK

ဆားစ်ရောဂါ ဖြစ်တဲ့နှစ်တုန်းကအဖြစ်ကို သတိရသေးတယ်။ မတ်လဆိုတာ ဆားစ်ရောဂါ ပြန့်ပွားနေပြီး အာဏာပိုင်တွေ သတင်းအမှောင်ချ ဖုံးကွယ်ထားတဲ့ နေ့ရက်တွေပေ့ါ။ ကွမ်ကျိုးက ကျောင်းနေဖက်တစ်ယောက် ခွဲစိတ်ခန်းမှာ မေဂျာအော်ပရေးရှင်း လုပ်ဖို့ ရှိတယ်။ ကျွန်မတို့ တက္ကသိုလ်ကျောင်းနေဖက် သူငယ်ချင်းတွေလည်း နိုင်ငံတစ်ဝန်း အနယ်နယ် အရပ်ရပ်ကနေ ကွမ်ကျိုးက ဆားစ်ရောဂါ ဖြစ်ပွားမှုအပြင်းထန်ဆုံး ဆေးရုံဆီကို အပြေးရောက်လာကြပြီး သူ့ကို အားပေးကြတယ် (တစ်ယောက်မှာ နှာခေါင်းစည်း မတပ်ခဲ့ကြဘူး)။ အပြန်မှာ အားလုံးက ရထားစီးပြီး ပြန်ခဲ့ကြတာ။ နောက်ပိုင်း သတင်းတွေ ထွက်လာတော့မှ တစ်တိုင်းပြည်လုံး ထိတ်လန့်တုန်လှုပ်သွားတယ်။ ကျွန်မတို့အားလုံးလည်း ဇောချွေးတွေ ပြန်ကုန်တာပေ့ါ။ ကံကြီးပေလို့ ကူးစက်မခံခဲ့ရတာ။ ဒီတစ်ကြိမ်မှာလည်း ကျွန်မဟာ ဇန်နဝါရီလဆန်းကနေ ၁၈ ရက်အထိ ဆေးရုံနှစ်ရုံမှာ ခွဲစိတ်ကုသမှုခံရတဲ့ လုပ်ဖော်ကိုင်ဖက် နှစ်ယောက်ဆီကို သုံးကြိမ်ကြီးများတောင် သတင်းသွားမေးခဲ့တယ်။ အဲဒီထဲက နှစ်ကြိမ်မှာ နှာခေါင်းစည်း တပ်မသွားခဲ့ဘူး။

ခုပြန်စဉ်းစားကြည့်တော့ ဖြစ်ပြီးမှ ကြောက်တယ်လို့ပဲ ဆိုရမလား၊ ကံကြီးပေလို့လို့ မိမိကိုယ်ကိုယ် နောက်တစ်ကြိမ် ခံစားမိပါတယ်။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တာရုတ်နှစ်ဆန်း ဆယ့်နှစ်ရက်နေ့ (ဖေဖော်ဝါရီ ၅)

### လူ့ပယောဂကြောင့် ဖြစ်လာတဲ့ ဒီကပ်ဘေးကြီးအတွက် ကျွန်မတို့အားလုံး ပေးဆပ်နေကြရတယ်

မနေ့က နွေဦး စပြီ။ ဒီနေ့ ရာသီဥတုကလည်း နွေဦးရာသီအတိုင်းပါပဲ။ ကျွန်မအိမ်ရှေ့မှာ ပရုတ်သစ်ကြံပိုးပင်တန်း တစ်တန်းနဲ့ ပင်လုံးကြိုင်နှစ်ပင်၊ စံကားပင် တစ်ပင် ရှိပါတယ်။ သစ်ရွက်တွေ စိမ်းနေလိုက်တယ် ဆိုတာ ဆောင်းတွင်း ရောက်မလာခဲ့သယောင် ထင်မှတ်မှားရတယ်။

ဒီကနေ့လည်း ပညာရှင်တွေ ခန့်မှန်းထားတဲ့ ဖြစ်ပွားမှုအမြင့်ဆုံး ကာလထဲမှာ ရှိနေဆဲပါ။ ဓာတ်ခွဲအတည်ပြုလူနာ အရေအတွက်က တက်နေဆဲပဲလို့ ပြောကြပါတယ်။ ကျွန်မသိတဲ့ နာမည်ကြီးပန်းချီဆရာ တစ်ယောက်လည်း ရောဂါ ဖြစ်နေတယ်တဲ့။ ကျွန်မလုပ်ဖော်ကိုင်ဖက် YL က ပြောတယ်၊ သူ့ရဲ့ Moments သူငယ်ချင်းတွေထဲက ဓာတ်ပုံအတူ အပျော်တမ်းရိုက်ကြတဲ့ သုံးယောက် သေသွားပြီတဲ့။ ကျွန်မရဲ့ Moments ထဲမှာတော့ လူနည်းနည်းလေးပဲ ရှိပါတယ်။ အားလုံး သက်ရှိထင်ရှား ရှိနေသေးလို့ ကျေးဇူးတင်မိပါတယ်။ ဝူဟန်ရဲ့ ဆိုးရွားတဲ့ အခြေအနေဟာ ရှေ့ပိုင်းတုန်းကလို မရှုပ်ထွေးတော့ပေမယ့် တကယ်တမ်း သက်သာ ပြေလျော့လာတာတော့ မဟုတ်သေးပါဘူး။ အင်တာနက်မှာ ဝမ်းနည်းကြေကွဲဖွယ် ကောင်းတဲ့ ရုပ်သံဖိုင်တွေ၊ မျှော်လင့်ချက်မဲ့နေတဲ့ အကူအညီတောင်းခံသံ

mgyoe.com

mgyoe.com SAMPLE BOOK

တွေ အများကြီး နည်းလာသယောင် ထင်ရပါတယ်။ အဲဒါတွေနေရာမှာ အပြုသဘော ဆောင်တဲ့ ခွန်အားတွေ အစားထိုး ဝင်လာနေပါပြီ။ ပြဿနာတွေကို ဖြေရှင်းပြီး ပြေလည်သွားလို့လား၊တင်လာတာနဲ့ တစ်ခါတည်းဖျက်ချခံလိုက်ရလို့လားတော့ မသိပါဘူး။ ကျွန်မတို့တစ်တွေလည်း လိုင်းပေါ်တင်သမျှ ဖျက်ချခံရတာတွေ ကြုံရ ဖန် များလာတာနဲ့အမျှ ဒီအကွက်တွေအပေါ်လည်း ရိုးအီလာခဲ့ပါပြီ။ မနေ့က ကျွန်မက ကျွန်မတို့ ကိုယ်တိုင်ဟာလည်း မိမိရဲ့ ရန်သူ ဖြစ်လာနိုင်ပါတယ်လို့ ပြောခဲ့ပါတယ်။ ကျွန်မတို့ မိမိကိုယ်ကိုယ် ရန်သူအဖြစ် သဘောထားလာကြတာ ဟာလည်း ဒီလို ရိုးအီလာခြင်းရဲ့ အစ ဖြစ်လောက်ပါတယ်။ လက်ရှိ ကျွန်မတို့ သတိထားရဦးမှာက မိမိရဲ့ကျန်းမာရေးကို အထူးသတိရှိကြဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မဟာ အိမ်သားတွေ၊ မိတ်ဆွေသူငယ်ချင်းတွေကို အပြင်မထွက်ပါနဲ့၊ အပြင် မထွက်ပါနဲ့လို့ တစ်ချိန်လုံး တဖွဖွ ပြောနေဆဲပါ။ ဒီလောက်အကြာကြီး အိမ်တွင်း အောင်းလာပြီးခါမှ နောက်ထပ်ပိုပြီး အောင်းနေရတာကို ဂရုစိုက်မနေပါနဲ့တော့။ ထမင်း၊ ဟင်းတွေ စားလို့မကောင်းရင်လည်း စားလို့မကောင်းဘူးလို့ပဲ မှတ်ပေါ့။ ကပ်ရောဂါပြီးသွားတဲ့အခါကျမှ ဒီရက်ပိုင်းတွေမှာ စားချင်လွန်းလို့ တောင့်တနေ ခဲ့တဲ့ ဆိုင်တွေကို တစ်ဆိုင်ပြီးတစ်ဆိုင် သွားစားကြတာပေါ့။ ကျွန်မတို့လည်း ပျော်ရမယ်၊ စားသောက်ဆိုင်တွေလည်း ဝင်ငွေ ရှိလာမယ်လေ။

နေ့ခင်းတုန်းက သတင်းတစ်ပုဒ် ဖတ်ရတယ်။ နည်းနည်းတော့ စိတ်ဝင် စားဖို့ ကောင်းတယ်။ ပထမဆုံး တစ်ခွန်းမှာ အစိုးရမီဒီယာဆန်ဆန် "ဝူဟာန် ကပ်ရောဂါ ခုခံရေးတိုက်ပွဲကြီး စတင်ပါပြီ" လို့ ပြောခဲ့တာကလွဲလို့ သတင်းထဲက အကြောင်းအရာကတော့ တန်ဖိုးရှိပါတယ်။ အဲဒီသတင်းကို အနှစ်ချုပ်လိုက် မယ်ဆိုရင်–

(၁) လူနာတွေကို အဆင့်အတန်း သုံးခု ခွဲပြီး သီးသန့်ခွဲခြားထားရှိမယ်။

(၂) မီးနတ်တောင်(ဟောရှန်ဆန်း)ဆေးရုံရယ်၊ မိုးကြိုးနတ်တောင် (လေးရှန်ဆန်း)ဆေးရုံရယ်၊ သတ်မှတ်ဆေးရုံတွေရယ်က ပထမတန်း၊ အဲဒီနေရာတွေမှာလက္ခဏာပြင်းလူနာတွေကို သီးသန့် ခွဲခြားထားရှိပြီး ကုသပေးမယ်။

(၃) ဆောက်လုပ်ပြီးနဲ့ ဆောက်လုပ်ဆဲ ဖန်းချန်းလို့ ခေါ်တဲ့ ယာယီဆေးရုံ စုစုပေါင်း နှစ်ဆယ့်တစ်ရုံက ဒုတိယတန်း၊ အဲဒီနေရာတွေမှာ လက္ခဏာ ပျော့ လူနာတွေကို သီးသန့်ခွဲခြားထားရှိပြီး ကုသပေးမယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

(၄) ဟိုတယ်တွေ၊ ပါတီသင်တန်းကျောင်းတွေက တတိယတန်း၊ အဲဒီနေရာတွေမှာ သံသယလူနာတွေ၊ ထိတွေ့မှုရှိသူတွေ အုပ်စုကို သီးသန့်ခွဲခြား ထားရှိမှာ ဖြစ်တယ်။

(၅) ဒီအုပ်စု သုံးစုကို သီးသန့်ခွဲခြား ထားရှိပြီးတဲ့နောက် တစ်မြို့လုံး နေရာလပ်မကျန် ပိုးသတ်မယ်။

(၆) ရှိရှိသမျှ ဆေးရုံတွေမှာ ပုံမှန်အတိုင်း လူနာတွေကို လက်ခံကုသပေးမယ် (ရှေ့မှာ ပိတ်သိမ်း ရပ်နားခဲ့တဲ့ အခြားသော ဆေးခန်းတွေလည်း ချက်ချင်း ပြန်ဖွင့်ရမယ်)။

(၇) အခြားလုပ်ငန်းတွေ စတင် လည်ပတ်နိုင်ပြီ။

(၈) လက္ခဏာပြင်းလူနာအဖြစ်ကနေ လက္ခဏာပျော့အဖြစ် သက်သာလာသူတွေကို ဖန်းချန်းဆေးရုံတွေဆီ ဂျက်ချင်း လွှဲပြောင်းရမယ်။ လက္ခဏာပျော့လူနာအဖြစ်ကနေ လက္ခဏာပြင်းအဖြစ် ဆိုးရွားလာသူတွေကိုလည်း သတ်မှတ်ဆေးရုံဆီ လွှဲပြောင်းရမယ်။ လူနာရဲ့ ရောဂါအခြေအနေကို လိုက်ပြီး ထိန်းညှိမှုတွေ လုပ်ဆောင်ရမယ်။

ဒီလိုနည်းနဲ့ လူနာတွေ သက်သာပျောက်ကင်းတဲ့အထိ လုပ်ဆောင်သွားရမယ်။ ဒီသတင်း အမှန် ဟုတ်၊ မဟုတ် ကျွန်မ အတည် မပြုနိုင်ပါဘူး။ ဒါပေမဲ့ ပုံမှန်အတိုင်း သုံးသပ်မယ်ဆိုရင် ဒီဟာက သတင်းအမှန် ဖြစ်တန်ပါတယ်။ ဂူဟာန်ကို တပ်တွေ ဝင်လာပြီးနောက်ပိုင်း ဂူဟာန်ရဲ့ စွမ်းဆောင်ရည်ဟာ သိသိသာသာ မြင့်တက်လာပါတယ်။ ဒီတိုက်ကွက်က စစ်သားဆန်ပြီး တိကျပြတ်သားတာကြောင့် ကျွန်မ အများကြီး မျှော်လင့်ထားပါတယ်။ ပိုပြီးတော့ မျှော်လင့်မိတာက သီးသန့်ခွဲခြား ထားရှိခံရသူ အဆင့်ဆင့်က လူနာတွေအနေနဲ့ အရည်အသွေးပြည့်မီပြီး ယုံကြည်စိတ်ချရတဲ့ ကုသမှု အာမခံချက် ရှိနိုင်ဖို့ပါပဲ။

ကပ်ရောဂါကြောင့် လူတွေရဲ့ ဘဝအစီအစဉ်တွေအားလုံး ရှုပ်ယှက်ခတ်ကုန်ပါတယ်။ ဆေးရုံတွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ နယ်ပယ်အသီးသီးက ဆရာဝန်တွေအားလုံး ကပ်ရောဂါတိုက်ဖျက်ရေးနဲ့ လုံးပန်းလာကြရတယ်။ တကယ်တော့ ကပ်ရောဂါသာ မရှိခဲ့ရင် ပုံမှန်အချိန်မှာ တခြားလူနာတွေလည်း အများကြီး ရှိပါတယ်။ ခုတော့ အဲဒီလူနာတွေဟာ ကပ်ရောဂါ တိုက်ဖျက်ရေးကို ဦးစားပေးကာ မိမိတို့ရဲ့ ရောဂါဝေဒနာကို ကြိတ်မှိတ် ခံစားနေကြရပါတယ်။ တချို့ရောဂါတွေ အချိန်ဆွဲထားမိလို့ နောက်ဆက်တွဲ ဘာတွေ ဖြစ်လာ

mgyoe.com

မယ် ဆိုတာနဲ့ ပတ်သက်ပြီးလည်း လူနာတွေကိုယ်တိုင် ရတက်မအေး ဖြစ်နေကြရှာပါတယ်။ ဒါပေမဲ့ သူတို့ အလျှော့ပေးခဲ့ကြပါတယ်။ ဒီလူတွေဟာ တကယ့်ကို လေးစားဖို့ ကောင်းပါတယ်။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက် ဆိုရင် ကံမကောင်းစွာဘဲ ဇန်နဝါရီလထဲမှာမှ နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသ ခံခဲ့ရပါတယ်။ ရောဂါက အသေးစား မဟုတ်သလို လုပ်ရတဲ့ အော်ပရေးရှင်းကလည်း မိုင်နာကေ့စ် မဟုတ်ဘူး။ နွေဦးပွဲတော် ရှေ့ပိုင်းမှာ ကပ်ရောဂါ ဖြစ်ပွားလာတော့ သူလည်း ဆေးရုံကဆင်းပြီး အိမ်ပြန်လာခဲ့ရတယ်။ ဒါပေမဲ့ ခွဲစိတ်ကုသပြီးရင် ခွဲထားတဲ့ ဒဏ်ရာအနာကို ဆေးထည့်ဖို့၊ ဆေးထိုးဖို့ လိုသေးတာကြောင့် ခမျာ ဆေးထည့်ဖို့အတွက် ဆေးရုံကို ကြိတ်မှိတ်ပြီး ကားမောင်းသွားခဲ့ရရှာတယ်။ အနာကျက်တာကလည်း သိပ်မကောင်းလှဘူး။ ပြည်တွေတောင် တည်နေပြီ။ ဆေးရုံမှာက လူများပြီး ရောဂါစုံတာကြောင့် ကျန်းမာရေးဝန်ထမ်းတွေလည်း သူ့ကို နေ့တိုင်း မလာခိုင်းရဲတာကြောင့် ခမျာ ဆေးထည့်ပစ္စည်းထုပ်တွေကို အိမ်ယူလာခဲ့ပြီး အိမ်မှာပဲ ကိုယ့်ဘာသာ ဆေးထည့်ရတယ်။ ဆေးထည့်ပစ္စည်းထုပ်တွေ ကုန်သွားတဲ့အခါ ကိုယ်ဘာသာ ဆေးဆိုင်မှာ သွားဝယ်ရသေးတယ်။ အနာရင်းတာ မသက်သာလို့ ခမျာ ရပ်ကွက်ဆေးခန်းမှာပဲ ဆေးသွားထိုးရရှာတယ်။ စိတ်ပူရာက စိတ်မကောင်းဖြစ်၊ စိတ်မကောင်းဖြစ်တော့ ငိုတာပေါ့။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ သူကိုယ်တိုင်လည်း ပြောပါတယ်၊ တောင့်ခံထားလိုက်ဦးပေါ့တဲ့၊ ကပ်ရောဂါ ပြီးသွားတော့မှပဲ ကြည့်တာပေါ့တဲ့။ အခြား လုပ်ဖော်ကိုင်ဖက်တစ်ယောက် ဆိုရင်လည်း သူ့အဖေ ကင်ဆာဖြစ်လို့ ဒီနှစ်ကျမှ မိဘနှစ်ပါးစလုံးကို ဝူဟန်မှာ နှစ်သစ်ကူးဖို့ သွားခေါ်လာခဲ့တယ်။ အချိန်တန်တော့ မိသားစု မျိုးဆက်သုံးဆက်စလုံး အိမ်ထဲမှာ ပိတ်မိသွားကြတယ်။ ဘယ်မှ သွားလို့ မရတော့ဘူး။ အဖေ၊ အမေကလည်း ပျင်းလာတော့ ခမျာ အဖေနဲ့ အမေ မပျင်းရလေအောင် နေ့တိုင်း သူတို့နဲ့အတူ ဖဲရိုက်ပေးရတယ်။ ခုနက ဖုန်းဆက်လာတော့ ပြောသေးတယ်၊ ဖဲရိုက်ရတာ ပျင်းလွန်းလို့ သေတော့မယ်တဲ့။ တကယ်တော့ ဒါဟာလည်း ပေါ့သေးသေးတော့ မဟုတ်ပါဘူး။ ပိုပြီး စိတ်ပူနေကြတာက ကိုယ်ဝန်ဆောင်တွေပဲ။ သူတို့က သည်းခံနိုင်ပေမယ့် ဗိုက်ထဲက ကျေးဇူးရှင်လေးတွေကတော့ သည်းခံမှာ မဟုတ်ဘူး။ ဒီကလေးတွေမလည်း အချိန်မဟုတ် အခါမဟုတ် ရောက်လာတယ်လို့ ဆိုရလေမလားပဲ။ မိခင်လောင်း၊ ဖခင်လောင်းတွေရဲ့ အပျော်တွေအားလုံးကို ရတက်မအေးစရာတွေ ဖြစ်လာစေခဲ့တယ်လေ။ အင်း…

mgyoe.com

ဒီကမ္ဘာကြီးဟာ ခြောက်ပြစ်ကင်း သဲလဲစင်တဲ့ ကမ္ဘာကြီးတစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကလေးတွေ သတ္တိကြီးစွာ ရောက်လာရဲမှတော့ လာကြပစေပေါ့။ ဒီမှာက ကပ်ရောဂါဇုန် ဖြစ်နေတယ်ဆိုပေမယ့် မင်းတို့လေးတွေကို ကြိုဆိုမယ့် နေရာကတော့ နွေးထွေးပြီး သန့်ရှင်းတဲ့နေရာ အသေအချာ ဖြစ်စေရမယ် ဆိုတာကိုတော့ ယုံကြည်လိုက်ပါလေ။

ဒီဖြုတ်စဇျင်းတောင်းတွေကို ကျွန်မ မှတ်တမ်းတင်ထားရတဲ့ အကြောင်းရင်းက ဟိုအပြစ်ရှိသူတွေကို တစ်ခု ပြောပြချင်လို့ပဲ။ ဒီကပ်ဘေးကြီးကို သေဆုံးသူတွေနဲ့ လူနာတွေချည်းသာ ခံစားနေကြရတာ မဟုတ်ဘူး၊ လူ့ပယောဂကြောင့် ဖြစ်လာတဲ့ ဒီကပ်ဘေးကြီးအတွက် ကျွန်မတို့ သာမန်လူတွေအားလုံး ပေးဆပ်နေကြရပါတယ်လို့။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ့်သုံးရက်နေ့ (ဖေဖော်ဝါရီ ၆)

### ခုတော့ ဝူဟန်တစ်မြို့လုံး သူ့အတွက် ငိုနေကြပြီ

ဒီကနေ့ ဝူဟန်မှာ မိုးပြန်ရွာလာပြီ။ ကောင်းကင်အရောင် မည်းမှောင်နေတယ်။ မည်းမှောင်နေတဲ့ မိုးသည်းနေ့က ကျောစိမ့်စရာ ကောင်းတယ်။ အပြင်ထွက်တော့ လေအေးတိုက်လိုက်တာ တစ်ကိုယ်လုံး စိမ့်ခနဲ ဖြစ်သွားတယ်။

ဒါပေမဲ့ ဒီနေ့မှာ သတင်းကောင်းတွေ ပိုများလာပါတယ်။ ရက်တွေဒီလောက်ကြာလာပြီးတဲ့နောက် ဝမ်းသာစရာ အကောင်းဆုံး သတင်းပါပဲ။ ရှေ့ဦးစွာ ရေဒီယိုအသံလွှင့် သတင်းတစ်ပုဒ်က ကပ်ရောဂါဟာ အမြန်ဆုံး ပြေလျော့လာတော့မှာပါလို့ ဆိုပါတယ်။ ပြောကြားသူက ကျွမ်းကျင်သူပညာရှင် တစ်ယောက်ပဲ။ အနည်းဆုံးတော့ ကျွန်မ နားထောင်ပြီးတဲ့အခါ ယုံကြည်နိုင်တယ်လို့ ခံစားမိတယ်။ ဆက်ပြီးတော့ အင်တာနက်မှာ ပြန့်နေတဲ့ အမေရိကန် ဂျီလိဒ်သိပ္ပံ(Gilead Sciences)က သုတေသနလုပ်တဲ့ ရမ်ဒက်ဆီဗာ(Remdesivir) ဆေးသစ် (တရုတ်ပြည်က ကျွမ်းကျင်သူ ပညာရှင်ကတော့ သူ့ကို 'ပြည်သူ့မျှော်လင့်ချက်' လို့ နာမည်ပေးထားသလား) ကို ကျင်းယင်ထန် ဆေးရုံမှာ စတင် စမ်းသပ်အသုံးပြုနေပြီး အာနိသင် အတော်ကောင်းတယ်လို့ ပြောကြတယ် ဆိုတဲ့ သတင်း။ ဝူဟန်သူ၊ ဝူဟန်သားတွေ ဝမ်းသာကြပါပြီကော။ စည်းကမ်းတွေ လိုက်နာနေရလို့ အပြင်ထွက်လို့ မရလို့သာပေါ့။ နို့မို့ရင် အားလုံး လမ်းပေါ်ထွက်ပြီး ပျော်မြူး ကခုန်နေ

mgyoe.com

m g y o b e . c o m

ကြလောက်ပြီ။ ဒီလောက်အကြာကြီး ပိတ်လှောင်ခံထားရတာ၊ ဒီလောက်အကြာကြီး မျှော်လင့်နေခဲ့ရတာ နောက်ဆုံးတော့ မျှော်လင့်ချက်ကို လှမ်းမြင်လာရပြီ။ နောက်ပြီး ရောက်လာတာကလည်း မြန်ဆန်လှပါတယ်၊ အချိန်မီကလေး ရောက်လာခဲ့တာပါ၊ အားလုံး တစ်နေ့တခြား စိတ်ဓာတ်ကျစ ပြုလာချိန်မှာ ရောက်လာခဲ့တာပါ။ နောက်တော့ ဒီသတင်းက ကောလာဟလပါ၊ ရလဒ် မထွက်သေးပါဘူးလို့ ဖြေရှင်းလာတာတွေ ရှိပေမယ့်လည်းပေ့ါလေ။ ဒါပေမဲ့ ကျွန်မ စဉ်းစားကြည့်တယ်။ အဲဒီတော့လည်း ဘာအရေးလဲပေ့ါ၊ ဒါကို သတင်းကောင်းအနေနဲ့ပဲ မှတ်ယူလိုက်ပါတယ်။ သုံးရက်လောက် ထပ်စောင့်ကြည့်ပေ့ါ၊ ကျွန်မတို့ မျှော်လင့်ထားတာတွေ တကယ်ဖြစ်ချင် ဖြစ်လာမှာပါလေ။

အားလုံး စိတ်ဝင်စားကြတဲ့ ဖန်းချန်းဆေးရုံတွေကို စတင်အသုံးပြုနေပါပြီ။ အဲဒီကို ရောက်သွားတဲ့ လူနာတွေဆီက ရုပ်သံဖိုင်တွေ၊ ဓာတ်ပုံတွေ၊ စာသားတွေ တက်လာပါပြီ။ တချို့ကလည်း ဖက်စလတီ ညံ့လွန်းတယ်ဆိုပြီး ကွန်ပလိန်း တက်ကြတာတွေ ရှိပါတယ်။ ဒါပေမဲ့ ကျွန်မ စဉ်းစားကြည့်တယ်။ အချိန်တစ်ရက်တည်းနဲ့ ပြီးအောင် ဆောက်ရတဲ့ ဖန်းချန်းဆေးရုံဟာ ဖြုန်းစားကြီး ဆောက်ရတဲ့အတွက် နည်းနည်းတော့ ရှုပ်ထွေးမှု ရှိမှာပါ။ နောက်ဆက်တွဲတွေ လျှင်မြန်စွာ ဆက်လုပ်လာကြမှာပါ။ ဒီလောက် လူတွေ အများကြီးကို တစ်နေရာတည်းမှာ ထားရတာမို့ ထိန်းညှိရ မလွယ်ပါဘူး။ နောက်ပြီး ထားတဲ့လူတွေက သာမန်လူတွေ မဟုတ်ဘူး၊ လူနာတွေ။ ရတက်မအေးတာတွေ၊ တွေးပူနေတာတွေကတော့ ရှိကို ရှိမှာပါပဲ။ ဘာပဲပြောပြော ကိုယ့်အိမ်မှာလောက်တော့ ဘယ်နေလို့ အဆင်ပြေပါ့မလဲ။ နေ့ခင်းတုန်းက ဂူဟန်တက္ကသိုလ်က ဆရာဖုန်ထျန်းယွီ ကျွန်မဆီ မက်ဆေ့ ပို့လာတယ်။ ယန်ကျိုက သူ့ကို ပြောပြတယ်တဲ့၊ သူတို့ ကွန်ဗင်းရှင်းစင်တာနဲ့ ဂူဟန်ဧည့်ခန်းမဆောင် နှစ်နေရာက ဖန်းချန်းဆေးရုံကို တာဝန်ယူထားတယ်တဲ့။ အကောင်းဆုံး ဖြစ်အောင် အစွမ်းကုန် ကြိုးစားကြမှာပါတဲ့။ "တီဗီတွေ အများကြီးတပ်ဆင်၊ စာအုပ်ကော်နာတွေ ဆင်၊ အားသွင်းခုံတွေ ဆင်၊ အမြန်ရစားစရာကော်နာတွေ ဆင်၊ လူနာအယောက်တိုင်း တစ်နေ့ကို ပန်းသီး သို့မဟုတ် ငှက်ပျောသီးတစ်လုံး ရစေရမယ်၊ လူနာတွေကို အတတ်နိုင်ဆုံး နွေးထွေးမှု ခံစားရအောင် ကြိုးစားကြမယ်" တဲ့။ ကြည့်ပါဦး။ တကယ်တော့ အားလုံး ထည့်စဉ်းစားပေးထားတာပဲ။ တခြား ဖန်းချန်းဆေးရုံတွေမှာလည်း ဒီလို တာဝန်ခံစနစ်တွေ အသီးသီး ရှိကြလောက်မှာပါ။ ယန်ကျို စွမ်းဆောင်နိုင်

mgyoe.com

သလို တခြား တာဝန်ခံပုဂ္ဂိုလ်တွေ အများစုလည်း စွမ်းဆောင်နိုင်ကြမှာပါ။ ဂူဟာန်ဟာ ဒီကနေ့အထိ ရောက်လာခဲ့ပြီ။ အခက်ခဲဆုံး အချိန်ကို အားလုံး ကျော်ဖြတ်လာခဲ့ပြီ။ ခုချိန်မှာ ပိုပြီးတော့ကို စိတ်မပူပန်သင့်တော့ဘူး။ ရှေ့ရက်တွေတုန်းက နေ့တိုင်း အပြင်မှာ ပြေးလွှားနေရတဲ့ လူနာတွေ အရိပ်အောက်မှာ အေးဆေးတည်ငြိမ်စွာ လှဲနေနိုင်စေခဲ့ပြီ၊ သီးသန့် ခွဲခြားထားရှိမှုကို ခံယူနိုင်စေခဲ့ပြီ၊ ကျန်းမာရေး ဝန်ထမ်းတွေရဲ့ ကုသမှုကို ခံယူနိုင်စေခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် သူတို့အားလုံးအတွက်တော့ ကောင်းတဲ့ကိစ္စ တစ်ခုပါပဲ။ နို့မို့ရင် ဒီနေ့လို ရာသီဥတုမျိုးမှာ သူတို့ထဲက ဘယ်နှယောက်လောက် လက္ခဏာပြင်းလူနာတွေ ဖြစ်လာကြဦးမလဲ၊ သို့မဟုတ် လမ်းပေါ် လဲကျသွားဦးမလဲ မသိဘူး။ ဒါကြောင့်မို့ ကျွန်မတို့ ကြိတ်မှိတ်သည်းခံနေကြရဖို့ပဲ ရှိတယ်။ အခြေအနေတစ်ခုလုံးကို ထိန်းချုပ်ထားနိုင်ပြီ ဆိုမှသာ လူတိုင်း တကယ် တည်ငြိမ်အေးချမ်းနိုင်မှာ ဖြစ်တယ်။

မနက်က ရုပ်သံဖိုင်တစ်ခု ကြည့်လိုက်ရသေးတယ်။ ကျုံးနန်ဆေးရုံ အသက်ရှူလမ်းကြောင်းရောဂါကုဌာနက ဆရာဝန်ရဲ့ ရုပ်သံဖိုင်။ သူကိုယ်တိုင်လည်း ပိုးထိသွားလို့ သေရွာက မနည်း ပြန်လာခဲ့ရတာ။ ခုတော့ သက်သာလာခဲ့ပြီ။ သူက မိမိဖြစ်စဉ်ကို ဟာသနှောကာ ပြောပြခဲ့တယ်။ သူက လူနာနဲ့ တိုက်ရိုက်ထိတွေ့ရာကတစ်ဆင့် ကူးစက်ခံလာရတာ။ နောက်တော့ သူ့အမျိုးသမီးလည်း သူ သေကောင်ပေါင်းလဲ ဖြစ်နေချိန်မှာ သူ့ကို ပြုစုပေးရလို့ ကူးစက်ခံခဲ့ရပေမယ့် လက္ခဏာပျော့သာ ပြသခဲ့ပါတယ်။ ဒါကြောင့်မို့ သူက အားလုံးကို စိုးရိမ် ထိတ်လန့်မကြီးကြဖို့ ပြောပါတယ်။ နောက်ပြီး ရောဂါဖိစီးမှုဒဏ်ကို မခံနိုင်ဘဲ လက္ခဏာပြင်းလူနာ ဖြစ်လာကြသူတွေဟာ အများစုက နဂိုရောဂါ အခံရှိသူတွေနဲ့ သက်ကြီးရွယ်အိုတွေ ဖြစ်ပါတယ်လို့လည်း ဆိုပါတယ်။ လူငယ်တွေ ပိုးထိလို့ ရှိရင် နဂိုကျန်းမာရေးအခံကလည်းကောင်းတယ်ဆိုရင် ဆေးထိုး၊ ဆေးသောက်၊ ရေသောက်၊ အနားယူ၊ ဒါတွေ လုပ်တာနဲ့တင် အလွယ်တကူ ကျော်ဖြတ်နိုင်မှာပါတဲ့။ သူက ကိုရိုနာ အဆုတ်ရောင်ရောဂါရဲ့ ထူးခြားတဲ့ လက္ခဏာတချို့ကိုလည်း ပြောပြသေးတယ်။ ဥပမာ– အဆုတ်နှစ်ဖက်စလုံးရဲ့ အနားသားတွေမှာ ကူးစက်ပြီး နှာရည်ယိုတာတွေ ဘာတွေ စတဲ့လက္ခဏာ သိသိသာသာ မပြတတ်တာလည်း ရှိတယ်တဲ့။ ကြုံခဲ့ဖူးသူဖြစ်တဲ့ သူ့ရဲ့ စကားဟာ ယုံကြည်စရာ ကောင်းလှပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ လုပ်ရမှာက အိမ်မှာ နေပါ၊ စိုးရိမ်ထိတ်လန့် မကြီးပါနဲ့။ ပျာယာမခတ်ပါနဲ့။ အဖျားနည်းနည်းတက်၊ ချောင်းနည်းနည်း ဆိုးလာခဲ့လို့ ရှိရင်လည်း စိတ်အေးအေးထားပြီး ကိုင်တွယ် ဖြေရှင်းရပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဒီနေ့ အစိုးရက ကြေညာသေးတယ်။ အားလုံး အဖျားတိုင်းကြရမယ်တဲ့။ လူတွေလည်း ယောက်ယက်တွေ ခတ်ကုန်တော့တာ။ အဖျားတိုင်းရာကတစ်ဆင့် ကူးစက်ခံရမှာ စိုးရိမ်ကြလို့လေ။ ကျွန်မ စုံစမ်းလို့ သိရသလောက်ကတော့ သံသယရှိသူတွေကိုသာ အိမ်တိုင်ရာရောက် အဖျားတိုင်းပေးတာ ဖြစ်ပါတယ်။ တခြားလူတွေကတော့ ကိုယ့်ဘာသာ တိုင်းပြီး ရပ်ရွာအာဏာပိုင်တွေဆီ ဖုန်းဆက်သတင်းပို့လိုက်ရင် ရပါပြီ။ ဒါကြောင့်မို့ လူတိုင်း စိုးရိမ်ထိတ်လန့် ကြီးစရာ မလိုပါဘူး။ ကပ်ရောဂါ တိုက်ဖျက်ရေး ကာလအတွင်း ပုံမှန်ဘဝအတိုင်းပဲ၊ မိုက်မဲသူတွေ တော်တော်များများ မိုက်မဲတဲ့ အမှုကိစ္စတွေ လုပ်ခဲ့ကြပေမယ့် လူအများစုက မိုက်မဲသူတွေ မဟုတ်ကြသလို အားလုံးကလည်း မိုက်မဲတဲ့ အမှုကိစ္စတွေချည်း လုပ်နေကြတာ မဟုတ်ပါဘူး။

ကိုယ့်အကြောင်း ကိုယ် ပြောပါဦးမယ်။ အိပ်ရာက နိုးတာနဲ့ ဖုန်းကြည့်တယ်။ အိမ်နီးချင်းဆီက မက်ဆေ့ကို တွေ့ရတယ်။ သူ့သမီး ဒီနေ့ အပြင်ထွက်ဈေးဝယ်လို့ ကျွန်မအတွက်လည်း နည်းနည်းပါးပါး ဝယ်လာပေးထားတယ်တဲ့၊ ကျွန်မအိမ်တံခါးဝမှာ ချပေးထားတယ်တဲ့။ အိပ်ရာထပြီးလို့ရှိရင် တစ်ချက်လောက် ထွက်ယူလိုက်ပါဦးတဲ့။ ဟင်းထွက်ယူပြီး ပြန်ဝင်လာခါ ရှိသေး၊ တစ်ဝင်းတည်း အတူနေတဲ့ တူဝရီးက ဖုန်းဆက်လာတယ်။ ဝက်အူချောင်းနဲ့ ဆီတိုဟူး တချို့လာပို့မလို့တဲ့။ တံခါးဝမှာပဲ ထွက်ယူရင် ရပြီတဲ့။ သွားယူတော့ သူ သယ်လာတာတွေက အများကြီးပဲ။ ဒီအတိုင်းဆိုရင် နောက်တစ်လလောက် အိမ်တွင်းအောင်းနေရလည်း စားလို့ကုန်မှာ မဟုတ်ဘူး။ အခက်အခဲ ကြုံလာချိန်မှာ အားလုံး တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား စိတ်ဓာတ်နဲ့ အပြန်အလှန် ကူညီကြတာ အလွန်ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ရင်ထဲမှာလည်း အလွန်နွေးထွေးရပါတယ်။

အခု 'ဝေပေါ်' ရေးပြီးချိန်မှာပဲ ဒေါက်တာ လီဝန်လျန် ကွယ်လွန်သွားပြီဆိုတဲ့ သတင်း တက်လာတယ်။ သူဟာ သတိပေး ဆုံးမခံရတဲ့ ဆရာဝန် ရှစ်ယောက်ထဲက တစ်ယောက်ပါ။ ကိုရိုနာ အဆုတ်ရောင်ရောဂါပိုးလည်း ကူးစက်ခံခဲ့ရပါတယ်။ ခုတော့ ဝူဟာန်တစ်မြို့လုံး သူ့အတွက် ငိုနေကြပြီ။ လွန်စွာမှ စိတ်မကောင်းဖြစ်ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ့်လေးရက်နေ့ (ဖေဖော်ဝါရီ ၇)

## မှောင်မိုက်သော ညမှာ လီဝန်လျန်ဟာ အလင်းရောင်တစ်ခုပဲ

ဒီနေ့ဟာ လော့ဒေါင်းချတဲ့ဆယ့်ခြောက်ရက်မြောက်နေ့။ ညက လီဝန်လျန် ဆုံးသွားပြီ။ ကျွန်မ လွန်စွာမှ စိတ်မကောင်းဖြစ်ရလို့ ဒီညတော့ ဝူဟန်တစ်မြို့လုံး သူ့အတွက် ငိုနေကြပြီ ဆိုတဲ့ ပို့စ် ချက်ချင်းတင်လိုက်တယ်။ နောက်မှ သိရတာ တရုတ်တစ်ပြည်လုံး သူ့အတွက် ငိုနေကြတာရှင့်။ မျက်ရည်တွေ များလွန်းလို့ အင်တာနက်မှာတောင် လှိုင်းတံပိုး ထန်လာခဲ့တယ်။ အဲဒီညက လီဝန်လျန်ဟာ လူတွေရဲ့ မျက်ရည်ထဲမှာ အခြားတစ်ကမ္ဘာဆီသို့ ကူးပြောင်းသွားခဲ့ပါပြီ။

ဒီနေ့ မိုးအုံ့တယ်။ ကောင်းကင်ကြီးကလည်း သူ့အတွက် ဝမ်းနည်းကြေကွဲ ပြနေတာလား မသိဘူး။ တကယ်တော့ ကျွန်မတို့မှာ ကောင်းကင်ကြီးကို ပြောစရာ စကား မရှိတော့ပါဘူး။ ကောင်းကင်ကြီးကကော ဘာတတ်နိုင်မှာမို့လို့လဲ။ နေ့လယ်တုန်းက ဝူဟန်သူ၊ ဝူဟန်သားတွေက လီဝန်လျန်ရဲ့ အိမ်သားနဲ့ ကလေးတွေကို တို့ဝူဟန်ပြည်သူတွေ ကျွေးမွေးစောင့်ရှောက်မယ်လို့ ကြွေးကြော်ခဲ့ကြတယ်။ ညကျတော့ ဝူဟန်သူ၊ ဝူဟန်သားတွေဟာ မနေ့က လီဝန်လျန် ကွယ်လွန်သွားတဲ့ အချိန်မှာ မီးတွေ အကုန်ပိတ်ပြီး လက်နှိပ်ဓာတ်မီး သို့မဟုတ် လက်ကိုင်ဖုန်းတွေနဲ့ ကောင်းကင်ယံကို အလင်းတန်းတစ်ခု ထိုးလွှတ်လုပ်ကြတယ်။ ခရာမှုတ်ဖို့ လုပ်ကြတယ်။ မှောင်မိုက်သော ညမှာ လီဝန်လျန်ဟာ အဲဒီအလင်းတန်းပဲ။

mgyoe.com

အချိန်တွေ ဒီလောက်ကြာခဲ့တာ ဂူဟာန်သူ၊ ဂူဟာန်သားတွေ မိမိတို့ ရင်ထဲက မွန်းကျပ်မှုတွေ၊ ဝမ်းနည်းကြေကွဲမှုတွေ၊ အမျက်ဒေါသတွေကို ဘယ်လိုနည်းနဲ့ ဖြေဖျောက်နိုင်ကြဦးမှာလဲ။ ဒီနည်းနဲ့ပဲ ဖြစ်တော့မယ် ထင်ပါတယ်။

နှစ်ဆန်းဆယ့်ငါးရက်မှာ အချိုးအကွေ့ ပေါ်လာလိမ့်မယ်လို့ ကျွမ်းကျင်သူ ပညာရှင်တွေ မူလက ပြောခဲ့ပေမယ့် အခုကြည့်ရတာတော့ သိပ်မဖြစ်နိုင်တော့ပါဘူး။ မနေ့က လီဝန်လျန် ကွယ်လွန်တဲ့ သတင်း။ ဒီနေ့က နောက်ထပ် ၁၄ ရက်လော့ဒေါင်းချထားဦးမယ့် သတင်း။ အင်း... ဂူဟာန်မှာ ရှိမနေသူတွေကတော့ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့ ရင်ထဲက စိတ်ဒဏ်ရာဟာ အိမ်ထဲမှာ ပိတ်လှောင်ခံထားရတာ တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ ဂူဟာန်သူ၊ ဂူဟာန်သားတွေ နှစ်သိမ့်မှု ရရှိဖို့၊ ပေါက်ကွဲခွင့် ရရှိဖို့ သိပ်ကို လိုအပ်နေပါတယ်။ ဒါကြောင့် မို့လည်း လီဝန်လျန် ကွယ်လွန်ခြင်းက ဂူဟာန်တစ်မြို့လုံးကို ဒီလောက်အထိ ဖြစ်လာစေခဲ့ရတာလား။ သူတို့တစ်တွေကို အော်ဟစ် ငိုကြွေးလာစေချင်ခဲ့ရတာလား။ ဘာလို့လဲဆိုတော့ လူတွေက လီဝန်လျန်ကို မိမိတို့နဲ့အတူတူပဲ၊ မိမိတို့အဖွဲ့ဝင်ပဲ၊ အိမ်ထဲမှာ ပိတ်မိနေတဲ့ မိမိပဲလို့ မှတ်ယူထားကြလို့ပဲ ဖြစ်ပါတယ်။

ကပ်ရောဂါဟာ မူလ ခန့်မှန်းထားတာထက် ပိုပြီး ပြင်းထန် ဆိုးရွားပါတယ်။ ကူးစက်နှုန်းက စိတ်ကူး မြင်ယောင်ကြည့်နိုင်တာထက်ကို ပိုပြီး မြန်ဆန်လွန်းပါတယ်။ လျှို့ဝှက်ပြီး ဉာဏ်များတဲ့ ပိုးသဏ္ဍာန်ကြောင့်လည်း အတွေ့အကြုံရင့်ကျက်တဲ့ ဆရာဝန်ကြီးတွေတောင် လိုက်မမီနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။ တချို့လူတွေက အခြေအနေ သိသိသာသာ ပြန်ကောင်းလာနေပြီးမှ ရုတ်တရက်ကြီး အသက်အန္တရာယ် စိုးရိမ်လာရတယ်။ တချို့ကျတော့လည်း ကူးစက်ခံထားရတာတောင် ဘာမှ မဖြစ်ကြဘူး။ အဲဒီ တစ္ဆေဝိညာဉ်ပမာ ဗိုင်းရပ်စ်ပိုးဟာ ဒီလိုပဲ အရပ်တကာ လျှောက်ပြန့်နေပြီး အချိန်မရွေး၊ နေရာမရွေး အလစ်အငိုက် ပေးလို့ကို မရလောက်အောင် ဖြစ်ခဲ့ရတာပါ။

တကယ်တော့ ဒဏ်ရာပြင်းထန်စွာရခဲ့သူတွေက ကျန်းမာရေးဝန်ထမ်းတွေပါ။ သူတို့ဟာ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေနဲ့ အစောဆုံး ထိတွေ့ခဲ့ရသူတွေပါ။ ဒေါက်တာလီဝန်လျန် အမှုထမ်းရာ ဗဟိုဆေးရုံကြီး တစ်ခုတည်းမှာပဲ ကွယ်လွန်သွားခဲ့တဲ့ ကျန်းမာရေးဝန်ထမ်းတွေဟာ လီဝန်လျန်တစ်ယောက်တည်း မကပါဘူး။ ကျွန်မ ပြောသံကြားတာကတော့ ဆရာဝန်သုံးယောက် ကွယ်လွန်သွားပြီလို့ ကြားရပါတယ်။ ကျွန်မရဲ့ ဆရာဝန် မိတ်ဆွေက ပြောတယ်၊ ထုန်ကျိဆေးရုံမှာ

mgyoe.com

လည်းခွဲစိတ်ဆရာဝန်ပါမောက္ခတစ်ဦးကွယ်လွန်သွားရှာပြီတဲ့၊အဲဒီပါမောက္ခဟာ သူ့မိတ်ဆွေပါတဲ့။ ဆေးရုံတိုင်းလိုလိုမှာ ကျန်းမာရေးဝန်ထမ်းတချို့ နေမကောင်း ဖြစ်ပြီး လဲကျကုန်ကြပါပြီ။ သူတို့အားလုံးဟာ သူတစ်ပါးအသက်ကို မိမိအသက် နဲ့ ရင်းပြီး ကယ်တင်နေကြတဲ့ ကရုဏာရှင် ဆေးသမားတွေ ဖြစ်ကြပါတယ်။

နည်းနည်းဖြေသာစရာ ကောင်းတဲ့တစ်ချက်ကတော့ ကူးစက်ခံရတဲ့ ကျန်းမာရေးဝန်ထမ်းတွေထဲက အများစုဟာ အစောပိုင်းကာလမှာ ကူးစက်ခံခဲ့ ကြရတာ ဖြစ်ပါတယ်။ အင်း... 'လူလူချင်း မကူးပါဘူး' လို့ ဆိုခဲ့တာကြောင့် အဲဒီ အချိန်တုန်းက ဘယ်ဆရာဝန်က မိမိကိုယ်ကိုယ် ခါတုလက်နက် ကာကွယ်ရေး ဝတ်စုံလိုဟာမျိုး ဝတ်ထားကြမှာတုံး။ အဲဒီလို 'လူလူချင်း မကူးပါဘူး' ဆိုတဲ့ ကာလဟာ ဟူပေ ဝူဟန်မှာ လျှန်ပွဲ့လို့ ခေါ်တဲ့ ပါတီညီလာခံတွေ ကျင်းပနေ ချိန်နဲ့ တိုက်ဆိုင်နေလို့ အဲဒီလို အနုတ်လက္ခဏာဆောင်တဲ့ သတင်းတွေ တင်ပြခွင့် မရှိတဲ့ အချိန်အတွင်းမှာပဲ ကျန်းမာရေးဝန်ထမ်း အတော်များများ ကူးစက်ခံလိုက် ကြရတာပါ။ သူတို့သာမက သူတို့အိမ်သားတွေပါ ကူးစက်ခံခဲ့ကြရတာပါ။ ဆရာဝန်မိတ်ဆွေက ပြောတယ်၊ လက္ခဏာအပြင်းစား ပြလာခဲ့တာ အဲဒီကာလ အပိုင်းအခြားအတွင်းက ကူးစက်ခံရသူတွေ အားလုံးလောက် နီးနီးဆီကပဲတဲ့။ ဒါပေမဲ့ ခုချိန်မှာ ကာကွယ်ရေးအပြင်အဆင်တွေ ပြည့်ပြည့်စုံစုံ ရှိလာပြီမို့ ကျန်းမာ ရေးဝန်ထမ်းတွေ ကူးစက်ခံရတာ အလွန်နည်းသွားပါပြီ။ ရှိခဲ့ရင်လည်း လက္ခဏာ ပျော့တွေပဲ ဖြစ်ကြပါတော့တယ်။ ဆရာဝန်မိတ်ဆွေက အကြောင်းအရာ နောက် တစ်ခုကို ပြောပြလာတယ်၊ အဲဒီနောက်ပိုင်းမှာ ဆရာဝန်တွေ ကူးစက်ခံရတာ များလာတာနဲ့အမျှ အားလုံးကလည်း ဒါကြီးဟာ 'လူလူချင်း ကူးစက်နိုင်' မှန်း သိလာကြပေမယ့် ဘယ်သူမှ အသံကျယ်ကျယ် မပြောဝံ့ကြဘူး။ ဘာလို့လဲဆို တော့ ပြောခွင့် မပြုခဲ့လို့ပဲ။ ပြောခွင့်မပြုတာနဲ့ပဲ မပြောရတော့ဘူးလား။ အားလုံး သိပြီးသား အဖြစ်မှန်တစ်ခုကို အားလုံးက ဖွင့်မပြောကြခြင်းဟာလည်း ပြဿနာ တစ်ခု မဟုတ်ပေဘူးလား။ ဆေးရုံအကြီးအကဲက ဘာလို့ ပြောခွင့် မပြုရတာလဲ။ သူတို့က ပြောခွင့်မပြုတာနဲ့ တို့က မပြောကြရတော့ဘူးတဲ့လား။ ငါတို့ဆရာဝန် တွေမှာလည်း တာဝန်မကင်းဘူး။ သူက မိမိနဲ့ မိမိလုပ်ဖော်ကိုင်ဖက်တွေကို တိုက်ရိုက် မေးခွန်းထုတ်ခဲ့တယ်။ ဒီလိုအချိန်မှာ သူ ပြန်လည် ဆန်းစစ် ဝေဖန် သုံးသပ်နိုင်တဲ့အပေါ် ကျွန်မ လေးစားမိပါတယ်။

ကျွန်မလည်း စဉ်းစားမိတယ်။ ဟုတ်တယ်လေ၊ ဒါကိုက ကျွန်မတို့

mgyoe.com

m gyoe.com SAMPLE BOOK

တစ်တွေ လီဝန်လျှန် သေဆုံးရခြင်းအတွက် ဒေါသထွက်ကြရခြင်းအကြောင်းရင်း ပဲလေ။ ဘာပဲဖြစ်ဖြစ် သူက အရင် ပြောထွက်လာပြီ။ သူက မိမိသူငယ်ချင်းတွေကို သတိပေးရုံမျှသာ ဖြစ်တယ်ဆိုပေမယ့် အဖြစ်မှန်ကိုတော့ သူ ပြောထွက်လာနိုင် ခဲ့ပါပြီ။ တစ်ခုပဲ ရှိတယ်၊ အဖြစ်မှန်ကို ပြောခဲ့တဲ့ လီဝန်လျှန်ကတော့ အရေးယူ အပြစ်ပေးခံရပြီး အသက်ပါ ဆုံးပါးခဲ့ရတယ်။ သေသွားတဲ့အထိတောင် ဘယ်သူမှ သူ့ကို မတောင်းပန်သေးဘူး။ ဒီလို ရလဒ်မျိုးနဲ့တော့ နောက်နောင် ဘယ်သူက အမှန်ပြောဝံ့ဦးတော့မှာလဲ။ လူတွေက ဆိတ်ဆိတ်နေ ထောင်တန် ဖြစ်ချင်ကြ တယ်။ ဒါပေမဲ့ ဒီတစ်ခေါက် ဆိတ်ဆိတ်နေလိုက်တာက ဘာလဲ။ ကျွန်မတို့နောင်မှာ အလားတူ ဆိတ်ဆိတ်နေမှုမျိုး ကြုံရဦးမှာလား။

ဂူဟာန်တစ်မြို့လုံး ခုချိန်အထိ စည်းကမ်းတကျ ရှိနေဆဲပါ။ ရှေ့ရက်တွေ ကနဲ့ စာရင် အကောင်းမြင်တဲ့ ဂူဟာန်သူ၊ ဂူဟာန်သားတွေမှာ ဖိစီးမှုနဲ့ မွန်းကျပ်မှုတို့ ပိုလာပါတယ်။ အိမ်တွင်းအောင်းနေရတာ ကြာတာကြောင့်လည်း ပါပါတယ်။ နောက်ပြီး မိသားစု တော်တော်များများရဲ့ အိမ်တွေက အကျယ်ကြီး မဟုတ်ဘူး လေ။ ကန့်သတ်မဲ့ သုံးနိုင်တဲ့ အင်တာနက် ရှိတယ်ဆိုပေမယ့် ငြီးငွေ့တဲ့အခါတော့ ရှိတာပါပဲ။ နောက်ပြီး တစ်ဦးချင်းစီမှာ ကိုယ့်အပူနဲ့ကိုယ် ရှိကြသေးတယ်လေ။ ဥပမာ– ကျွန်မမှာရော၊ ကျွန်မအစ်ကို နှစ်ယောက်စလုံးမှာရော ဆီးချိုရှိတယ်။ ဆရာဝန်က ကျွန်မတို့ကို နေ့တိုင်း လမ်းလျှောက်ခိုင်းတယ်။ အစ်ကိုကြီး အရင် တုန်းက တစ်ရက် တစ်ရက် လမ်းလျှောက်တဲ့ ခြေလှမ်းဟာ အမြဲလိုလို သောင်းချီ ရှိတယ်။ အစ်ကိုလေးလည်း ထိုနည်းလည်းကောင်းပဲ၊ နေ့စဉ် မနက်ပိုင်းနဲ့ ညနေ ပိုင်းမှာ အပြင်ကို လမ်းလျှောက်ထွက်လေ့ ရှိတယ်။ ခုတော့ သူလည်း အပြင် မထွက်ရတာ ဆယ့်ခြောက်ရက်တောင် ရှိသွားပြီ။ ကျွန်မကျတော့ ခုချိန်မှာ တစ်ရက် ခြားမှတစ်ခါဆေးသောက်ရတော့တာဆိုပေမယ့်ဆေးကမနက်ဖြန်တစ်ရက်စာပဲ ကျန်တော့တယ်လေ။ ဆေးရုံတစ်ခေါက် ပြေးရဦးမလား ဆိုတာကိုလည်း စဉ်းစား နေတုန်းပဲ။

ခုနက ရုပ်သံဖိုင်တစ်ခု ကြည့်လိုက်ရတယ်။ ဂူဟာန်မြို့နေ ပြည်သူတွေ လီဝန်လျှန်ရဲ့ နောက်ဆုံးခရီးကို ကား ၈ စီးနဲ့ လိုက်ပို့ကြတယ်။ ၈ ဆိုတဲ့ ဂဏန်း က သတိပေး ဆုံးမခံရတဲ့ လီဝန်လျှန်တို့ ရှစ်ယောက်ကို ကိုယ်စားပြုတယ်။ သူတို့တစ်တွေအားလုံး မျက်ရည်ဝဲနေကြတယ်၊ ဆို့နင့်နေကြတယ်။ လူတိုင်း စိတ်ခံတက်မာကျောသူတွေ မဟုတ်ဘူး၊ လူတိုင်း ဆင်ခြင်တုံတရား လက်ကိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


ထားနိုင်တာ မဟုတ်ဘူး။ နောင်လာမယ့် နေ့ရက်တွေမှာ ဝူဟာန်သူ၊ ဝူဟာန်သား တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ပိုများလာမှာမို့ ကျွမ်းကျင်သူတွေရဲ့ နှစ်သိမ့် ဆွေးနွေးပေးမှုတို့ လိုအပ်နေပါတယ်။ ပြက်လုံးဆရာရဲ့ အနက်ရောင်ဟာသက လည်း ဒီလို ကြီးလေးလှတဲ့ ပြဿနာကို ဖြေရှင်းမပေးနိုင်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ့်ငါးရက်နေ့ (ဖေဖော်ဝါရီ ၈)

## ကပ်ရောဂါစစ်ပွဲက ဆက်တိုက်နေဆဲ၊ ကျွန်မတို့လည်း တောင့်ခံနေဆဲ

ဒီနေ့ နှစ်သစ်ရဲ့ ပထမဆုံး လပြည့်နေ့။ အစက ဒီနေ့မှာ အချိုးအကွေ့ပေါ်လာမယ်လို့ မှန်းထားတာ၊ လက်တွေ့မှာတော့ ဖြစ်မလာခဲ့ပါဘူး။ ကျွန်မတို့လည်း တောင့်ခံနေဆဲပါ။ အိမ်တွင်းအောင်းနေမှတော့လည်း ဒီရက်ပိုင်း အဖြစ်အပျက်တွေကို ကျွန်မ မှတ်တမ်းတင်နေဦးမှာပါ။ တစ်ပုဒ်ရေး တစ်ပုဒ်ဖျက်ချခံရပေမယ့် ဆက်တော့ရေးနေဦးမှာပါပဲ။ မိတ်ဆွေတွေဆီက ဖုန်းဆက်လာပြီး အားပေးကြတယ်။ အရေး မရပ်လိုက်ပါနဲ့၊ အားပေးနေပါတယ်တဲ့။ တချို့မိတ်ဆွေတွေကလည်း ကျွန်မ အခက်အခဲဖြစ်မှာ စိတ်ပူကြတယ်။ တကယ်တော့လည်း မဖြစ်ပါဘူး။ ကျွန်မလည်း မိတ်ဆွေကို "ဟိုတုန်းက မြေအောက်ပါတီဝင်တွေတောင်မှ သတင်းကို အခက်အခဲတွေကြားက ပို့လွှတ်နိုင်ခဲ့ကြသေးတာပဲ၊ ခုခေတ်က အင်တာနက်တွေ ဒီလောက် တိုးတက်နေတဲ့ဟာ စာတစ်ပုဒ်လောက်ကတော့ ပို့လွှတ်လို့ရနိုင်ပါတယ်" ဆိုပြီး နောက်လိုက်သေးတယ်။ ဘာပဲပြောပြော ကျွန်မတို့ရဲ့ ရန်သူဟာ ဗိုင်းရပ်စ်ပိုးပါ။ ကျွန်မအနေနဲ့ အစိုးရဘက်က လုံးဝရပ်တည်ပြီး အစိုးရရဲ့ ဆောင်ရွက်ချက်တိုင်းမှာ ပူးပေါင်းပါဝင်ရုံမက အစိုးရက ရှင်းပြလို့ နားမလည်နိုင်တဲ့သူတွေကိုပါ အတတ်နိုင်ဆုံး ကူညီရှင်းပြပြီး ပူပန်ကြောင့်ကြနေသူတွေကို အစိုးရကိုယ်စား ကူညီနှစ်သိမ့်ပေးဦးမှာပါ။ တစ်ခုပဲရှိတာ၊ ကျွန်မတို့ လုပ်နည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကိုင်နည်းကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ဘူးပေါ့။ ကျွန်မအနေနဲ့ ကတော့ စာရေးနေစဉ်အတွင်း မိမိရဲ့ ခံစားချက် အမြင်လေးတွေ အခါအားလျော်စွာ ထွက်ပေါ်လာတတ်တာလေး တစ်ခုပါပဲ။

ခုအခြေအနေဟာ မျှော်မှန်းထားတာထက် အများကြီး ပိုကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ရပ်ရွာအဖွဲ့တွေကလည်း အလုပ်လုပ်တာ စနစ်ကျပါတယ်။ မနေ့က ရပ်ကွက်ကနေ ဖုန်းဆက်မေးတယ်၊ အဖျားတက်တဲ့လူ ရှိလား၊ အိမ်မှာ လူဘယ်နှယောက် ရှိသလဲပေါ့။ ကျွန်မလည်း သေချာ ပြန်ဖြေပေးခဲ့တယ်။ ဒီနေ့ စာရေးဆရာအသင်းက တာဝန်ကျတဲ့ ရှောင်လီလည်း ဖုန်းဆက်လာပြီး နေလို့ထိုင်လို့ ကောင်းလား အခြေအနေ မေးပါတယ်။ လုပ်ဖော် ကိုင်ဖက်တစ်ယောက်ဆိုရင် ကျွန်မမှာ ဆေးကုန်သွားတဲ့ သတင်း ကြားရလို့ ကျွန်မကိုယ်စား ဆေးရုံမှာ ဆေးသွားထုတ်ပေးမယ်လို့ ကမ်းလှမ်းလာပါသေးတယ်။ စိတ်မကောင်းစရာသတင်းကတော့ ဒီနေ့ အစ်ကိုကြီးဆီက မက်ဆေ့ပဲ။ သူတို့ကျောင်းက အင်မတန်တော်တဲ့ ပါမောက္ခတစ်ယောက် ကွယ်လွန်သွားရှာပြီတဲ့၊ အသက်က ၅၃ နှစ်ပဲ ရှိသေးတာ။ တကယ့်ကို နှမြောစရာ ကောင်းလှတယ်။ ပါမောက္ခချုပ် လီဖေကင်းဆီက ဝင်လာတဲ့ ဖုန်းမက်ဆေ့မှာလည်း အဲဒီဆရာဟာ အင်မတန် အလုပ်ကြိုးစားသူ တစ်ယောက် ဖြစ်ကြောင်း၊ အလုပ်များလွန်းလို့ ရုံးခန်းမှာပဲ ညအိပ်ရလေ့ ရှိကြောင်း၊တကယ့်ကိုပညာလေ့လာလိုက်စားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း ဆိုပါတယ်။ အင်း... ကောင်းရာသုဂတိ လားပါစေ၊ အေးချမ်းပါစေလို့ပဲ ဆုတောင်းလိုက်ပါတယ်။

ကောင်းကင်အရောင်က မနေ့ကထက် အများကြီး လင်းလာပြီ။ နေ့ခင်းကျတော့ သတ္တိမွေးပြီး ဆေးရုံတစ်ခေါက် ပြေးလိုက်တယ်။ ဆီးချိုသမား ဆိုတော့ ဆေးမပြတ်တာ အကောင်းဆုံးပါပဲ။ ဆေးရုံ ပြင်ပလူနာဌာနက မဖွင့်သေးတော့ ဆရာဝန်ဆီမှာပဲ အကူအညီတောင်းပြီး ဆေးပေးခန်းကနေ ဆေးထုတ်လာခဲ့ရတယ်။ ဆေးရုံမှာ ခါတိုင်းထက် လူတော်တော်နည်းသွားပြီ။ ကားရပ်ကွင်းဟာ ခုလို တစ်ခါမှာ ရှင်းမနေခဲ့ဖူးဘူး။ ကုန်တင်ကားကြီးတစ်စီး ဆေးရုံရဲ့ အဆောင် (၄) တံခါးဝမှာ ရပ်ထားတယ်။ ကားထဲ တင်လာတာက တခြားနယ်က ပို့လာတဲ့ လှူဒါန်းပစ္စည်းတွေပဲ။ ကားပေါ်ကနေ ကုန်ပစ္စည်းချနေသူတွေက အများကြီးပဲ။ ဘယ်သူက ဆရာဝန်၊ ဘယ်သူက အလုပ်သမားမှန်း ခွဲမရတော့ဘူး။ ခန်းမထဲမှာလည်း သူနာပြုတွေ ဓာတ်လှေကား တန်းစီနေကြတယ်။ လူတိုင်းကိုယ်စီ ဆေးရုံ

mgyoe.com

mgyoe.com SAMPLE BOOK

သုံး လက်တွန်းလှည်းတစ်လုံးစီ တွန်းလျက် လှည်းပေါ်မှာ သစ်သီးတွေ၊ စားသောက်ကုန်တွေ ထည့်ထားတယ်။ ကြည့်ရတာ ဒါတွေလည်း အနယ်နယ် အရပ်ရပ်က ပေးပို့လှူဒါန်းလိုက်တာတွေနဲ့ တူပါတယ်။ သူတို့က အဲဒါတွေကို အပေါ်ထပ်က လူနာတွေဆီ သွားဝေပေးမလို့နဲ့ တူပါတယ်။ ဆေးရုံထဲမှာ သွားလာလှုပ်ရှားနေတာ လူနာတွေက ဒီလောက် မများဘူး၊ အလုပ်မအား ဖြစ်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေပဲ များတယ်။ ကျွန်မ မေးကြည့်တော့ ပြန်ဖြေတာက "ခုချိန်မှာ အဓိက အလုပ်များတာက ကပ်ရောဂါ တိုက်ဖျက်ရေး အလုပ်ပါပဲ" တဲ့။ ဟုတ်သားလား၊ ဒါဟာ ခုလက်ရှိ ကျွန်မတို့ရဲ့ တစ်ခုတည်းသော အရေးကြီးဆုံး ကိစ္စပေပဲလေ။

လမ်းပေါ်မှာ ခါတိုင်းလိုပဲ စည်းကမ်းတကျ ရှိနေဆဲပါ။ ကားတွေ၊ လူတွေ ရှိသေးပေမယ့် သိပ်နည်းသွားပါပြီ။ ကျွန်မ သတိထားကြည့်မိတယ်၊ ကျွန်မ ရှေ့မှာ အများဆုံးမြင်ရတဲ့ လူက သုံးမျိုးသုံးစား ရှိတယ်။ တစ်မျိုးက ဒလီဗရီလူငယ်။ သူတို့က ဆိုင်ကယ်ကလေး စီးမြဲစီးလျက် လမ်းကြီး၊ လမ်းငယ် အသွယ်သွယ်မှာ ပြေးလွှား လှုပ်ရှားနေကြရတယ်။ နောက်တစ်မျိုးက ရဲ။ သူတို့အများစုက လမ်းဆုံလမ်းခွတွေမှာ ရပ်နေလေ့ ရှိတယ်။ ဆေးရုံအဝတွေမှာလည်း တချို့ရှိတယ်။ ရာသီဥတုက သိပ်အေးတော့ အပြင်မှာ မတ်တတ်ရပ်နေနိုင်ဖို့ တကယ်တော့ မလွယ်လှပါဘူး။ အောက်ခြေ ရဲတွေရဲ့ ဘဝက အတော့်ကို ပင်ပန်းပါတယ်။ သူတို့က လူပေါင်းစုံနဲ့ အမြဲ တိုက်ရိုက်ထိတွေ့ရပြီး သူတို့ ဆောင်ရွက်ရမယ့် တာဝန်တွေကို ဆောင်ရွက်နေကြရတယ်။ ကျွန်မ ပြောသံကြားဖူးတယ်၊ တချို့လူနာတွေ အပေါ်ထပ်ကနေ အောက်ကို လုံးဝ မဆင်းနိုင်တဲ့အခါ ရဲတွေကပဲ သူတို့ကို ကုန်းပိုးပြီး သယ်ချပေးကြရတာတဲ့။ တစ်ယောက်ဆိုရင် ကုန်းပိုးသယ်ချပြီး အောက်ထပ်ရောက်ရောက်ချင်း သေသွားလို့ ရဲလည်း ငိုခဲ့ရတယ်။ တတိယတစ်မျိုးက သန့်ရှင်းရေးလုပ်သား။ သူတို့ဟာ တကယ့်ကို လေးစားဖို့ ကောင်းပါတယ်။ လမ်းထွက်တဲ့လူ နည်းလို့ လမ်းမှာ ဒီလောက်ကြီးတော့ မညစ်ပတ်ပါဘူး။ သစ်ရွက်တွေလောက်ပဲ ရှိပါတယ်။ သို့ထက်တိုင် သူတို့က တာဝန်မလစ်ဟင်းစေရဘဲ တစ်မြို့လုံး သန့်သန့်ရှင်းရှင်း ရှိနေစေဖို့အတွက် ကြိုးကြိုးစားစား လှည်းကျင်းကြရှာပါတယ်။ ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက ခုထက်ထိ သူတို့ဟာ ကျွန်မတို့ ရှေ့မှာ အေးအေးဆေးဆေး ရှိတဲ့ အနေအထားမျိုးနဲ့ အစဉ် ရှိနေခဲ့ကြပါတယ်။ ဂရုစိုက်မှု မခံရဆုံးသူတွေဟာ သူတို့ပါပဲ။ ဒါပေမဲ့ သူတို့က ကျွန်မတို့ တစ်မြို့လုံးရဲ့ နှလုံးသားကို အစဉ် တည်ငြိမ်နေစေခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လတ်တလောကပ်ရောဂါသတင်းကို ကြည့်လိုက်ရတယ်။ တခြားပြည်နယ်တွေမှာ အခြေအနေ သိသိသာသာ ပြေလျော့လာပြီ၊ မျဉ်းကွေး အောက်စိုက်သွားပြီ။ ဟူပေကတော့ စိုးရိမ်နေရတုန်းပဲ။ ခေတ်ခွဲအတည်ပြုလူနာနဲ့ သံသယလူနာ အရေအတွက် တက်နေတုန်းပဲ။ ဒါတွေဟာ အဓိကအားဖြင့် အစောပိုင်းကာလတုန်းက သေချာ မထိန်းချုပ်ခဲ့တဲ့ ကူးစက်ခံရသူ အုပ်စုထဲက ဖြစ်နေတာ။ အခု ဖန်းချန်းဆေးရုံတွေ စတင်လည်ပတ်လာနေပြီ ဖြစ်ကာ အကျိုးအာနိသင်ကို စတင်မြင်ရလာတော့မှာ ဖြစ်တယ်။ ဒါကြောင့်မို့ ခုချိန်မှာ အားလုံးက ဒီလောက်ကြီး စိုးရိမ်ထိတ်လန့်တာ မရှိတော့ပါဘူး။ နည်းနည်း မွန်းကျပ်နေတာလောက်ပဲ ရှိတာပါ။ ဖန်းချန်းဆေးရုံတွေက ဖက်စလတီတွေ ပြည့်စုံလာတာနဲ့အမျှ လူနာတွေလည်း အဲဒီမှာ နေသားတကျ ရှိစပြုလာပါပြီ။ ဒီနေ့ ပြက်လုံးတစ်ခု ဖတ်ရသေးတယ်။ ကောင်လေးတစ်ယောက် ဖန်းချန်းဆေးရုံ တက်ရင်း ဘေးခုတင်က အဘနဲ့ ရင်းနှီးသွားပါသတဲ့။ အဘက ဒီကောင်လေးမှာ ရည်းစား မရှိသေးမှန်းသိရတော့ သူ့ကို ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ ကောင်မလေးကလည်း အဲဒီ ဖန်းချန်းဆေးရုံမှာပဲတဲ့။ ဒီလိုနဲ့ နှစ်ယောက်သား သမီးရည်းစား ဖြစ်သွားကြပါလေသတည်းပေါ့။ ပြက်လုံးဆရာက ဒါကို 'ဖန်းချန်း အချစ်ဇာတ်လမ်း'လို့ ဆိုပါတယ်။ ဒါဟာ ဒီနေ့ ကြားရတဲ့ ရင်ထဲ အနွေးထွေးမိဆုံး ဇာတ်လမ်းပါပဲ။ ဒီနေ့က လပြည့်နေ့ ဆိုတော့ ကျွန်မတို့ နွေးထွေးမှု လိုအပ်တယ်လေ။

ကျွန်မကို အကြံပြုတင်ပြခိုင်းတဲ့လူ ရှိတယ်။ ဝူဟန်ဟာ ဒီအခြေ ဆိုက်လာပြီမို့ ဗဟိုရုပ်သံဌာနက ထုတ်လွှင့်မယ့် မီးပုံးပွဲတော်ည အစီအစဉ်ကို မကျင်းပဖို့ အကြံပြု တင်ပြခိုင်းတာပါ။ ကျွန်မကတော့ ဒီလို အကြံပြုတင်ပြတာကို သဘောမတူပါဘူး။ ဟူပေသူ၊ ဟူပေသားတွေ ကပ်ရောဂါဒေသထဲ ကျရောက်နေပေမယ့် တခြားနေရာက လူတွေကတော့ သူတို့ဘဝနေ့ရက်တွေကို နေထိုင်ဖြတ်သန်းကြရဦးမှာပဲလေ။ တစ်တိုင်းပြည်လုံးက ပြည်သူတွေ ပုံမှန်အတိုင်း ဘဝကို ဖြတ်သန်းကြရဦးမယ်လေ။ မီးပုံးပွဲတော်က ပျော်ရမှာပါပဲ။ ဗဟိုရုပ်သံဌာနက စည်စည်ကားကား ခြိမ့်ခြိမ့်သဲ အစီအစဉ်ကို ပြည်သူအများက နှစ်သက်ကြပါတယ်။ တစ်တိုင်းပြည်လုံးက ပြည်သူတွေ ပုံမှန်အတိုင်း ဘဝကိုဖြတ်သန်းနိုင်စေဖို့ ဟူပေသူ၊ ဟူပေသားတွေအနေနဲ့ ကပ်ဘေးဒဏ်ကို ကြိတ်မှိတ်ခံလိုက်ကြတော့ စိတ်ထဲမှာလည်း အများကြီး ကျေနပ်စရာ ဖြစ်လာမှာ မဟုတ်ပါလား။ နောက်ပြီး အားလုံး အိမ်တွင်းအောင်းနေကြရတာမို့ ပျော်စရာလေးတွေနဲ့ မိမိကိုယ်ကိုယ်

mgyoe.com

mgyoe.com
SAMPLE BOOK


နှစ်သိမ့်ဖို့ လိုတယ်လေ။ ဒီနေ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်က ပြောတယ်၊ ဟူနန်ရုပ်သံဌာနက သီချင်းဆိုပြိုင်ပွဲအစီအစဉ် ပြန်စနေပြီတဲ့။ စိတ်ပြေလက်ပျောက် ထွက်ပေါက်ရှာနိုင်ပါပြီလေ။

ကြည့်ပါလေ... ဟူပေသူ ဟူပေသားတွေ၊ ဝူဟာန်သူ ဝူဟာန်သားတွေ ဆိုတာ ဒီလိုပဲကွဲ့။

ဒီနေ့ တင်တဲ့ ဒီတစ်ပုဒ်ကော ဖျက်ချခံရဦးမှာလား ဟင်။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ့်ခြောက်ရက်နေ့ (ဖေဖော်ဝါရီ ၉)

## ဘဝတွေ ဘယ်လောက်ပဲ ခက်ခဲ ခက်ခဲ နည်းလမ်းကတော့ ရှိတာပါပဲ

တရုတ်လူမျိုးတို့ရဲ့ ဓလေ့ထုံးစံအရ ဒီနေ့ကျမှ တကယ် နှစ်သစ်ကူးလို့ပြီးတာပါ။ အိပ်ရာထတော့ ပြတင်းခန်းဆီး ဆွဲဖွင့်လိုက်တယ်။ နေရောင်ဟာ နွေဝင်ခါစ ပမာပ။ စိတ်တွေ ချက်ချင်းပဲ လန်းဆန်းလာခဲ့တယ်။ ဒီလို နေရောင်မျိုး ကျွန်မတို့ သိပ်ကို လိုအပ်တာပါ။ တစ်မြို့လုံး အုံ့မှိုင်းနေတဲ့ မြူခိုးတွေ လွင့်ပြယ်သွားအောင် သူ့အားကိုးနဲ့ပဲ မောင်းထုတ်ပစ်ရမှာပါ။ လူတွေရဲ့ ရင်ထဲက နာကျင်မှုကို သူ့အားကိုးနဲ့ပဲ ကုစားရမှာပါ။

ထမင်းစားချိန်မှာ ဖုန်းနဲ့ သတင်းဖတ်တယ်။ မဆိုးပါဘူး၊ သတင်းကောင်းတွေ အများကြီး တက်လာပါတယ်။ သတင်းကောင်းလို့ ဆိုတာက ကပ်ရောဂါ အခြေအနေ ဆိုးနေသေးလင့်ကစား အခြေအနေ သိသိသာသာ အကောင်းဘက် လှည့်လာတာကို ဆိုလိုတာပါ။

ခြုံငုံလိုက်ရင် –

(၁) ဟူပေပြည်နယ်ပြင်ပ သံသယလူနာသစ် အရေအတွက် သိသိသာသာ ကျဆင်း။

(၂) ဟူပေ ဓာတ်ခွဲအတည်ပြုလူနာအရေအတွက်နဲ့ သံသယလူနာသစ် အရေအတွက် ဆက်တိုက် ကျဆင်း။

mgyoe.com

mgyoe.com
SAMPLE BOOK


(၃) တစ်နိုင်ငံလုံး (ဟူပေ အပါအဝင်) လက္ခဏာပြင်း လူနာအသစ် အရေအတွက် တစ်ဟုန်ထိုး ကျဆင်း။ ဒီသတင်းကတော့ တကယ့်ကို အတိုင်းထက်အလွန် ဝမ်းသာစရာကောင်းလှပါတယ်။ ကျွန်မ သိသလောက်တော့ လက္ခဏာပျော့ လူနာတွေဟာ ယေဘုယျအားဖြင့် အားလုံး သက်သာပျောက်ကင်းနိုင်ပါတယ်။ သေဆုံးသူတွေ အများစုဟာ ကုသမှုခံယူဖို့ နောက်ကျသွားတဲ့ လက္ခဏာပြင်းလူနာတွေ ဖြစ်ပါတယ်။

(၄) သက်သာပျောက်ကင်းနှုန်း တစ်နေ့တခြား မြင့်တက်လာတယ်။ သက်သာပျောက်ကင်းသူ အရေအတွက်ဟာ ခတ်ခွဲအတည်ပြုလူနာ အရေအတွက်ထက်တောင် များလာပြီလို့ ပြောကြတာလည်း ရှိတယ်၊ ဟုတ်''ဟုတ်တော့ မသိဘူး။ ဘာပဲဖြစ်ဖြစ် သက်သာပျောက်ကင်းသူ များလာလေ လူနာတွေ မျှော်လင့်ချက် ပိုရှိလာလေပါပဲ။

(၅) အမေရိကန်က ဗိုင်းရပ်စ်ပိုးသတ်ဆေး ရမ်ဒက်ဆီဗာ(Remdesivir) နဲ့ လူနာကို ကုသကြည့်တာ အကျိုးအာနိသင် သိပ်ကောင်းပါတယ်။ လက္ခဏာပြင်း လူနာတောင်မှ ဆေးသုံးပြီးတဲ့အခါ သက်သာလာတာ ရှိပါတယ်။

(၆) ကပ်ရောဂါဟာ နောက် ဆယ်ရက်ဝန်းကျင်မှာ အလှည့်အပြောင်း ဖြစ်လာလိမ့်မယ်။

နောက်ဆုံးတစ်ချက်ကတော့ အားတက်စရာ ကောင်းလှပါတယ်၊ အထက်ဖော်ပြပါတွေဟာ မိတ်ဆွေအသီးသီးထံက ကြားရတဲ့ သတင်းတွေ ဖြစ်ပါတယ်။ ကြည့်ရတာတော့ သတင်းရင်းမြစ်က စိတ်ချရပါတယ်။ အနည်းဆုံး ကျွန်မကတော့ ယုံပါတယ်။ စိတ်မကောင်းစရာကတော့ သေနှုန်း ကျဆင်းမလာသေးတာပါပဲ။ သေဆုံးသူ အများစုဟာ အစောပိုင်းကာလမှာ ကူးစက်ခံရသူတွေ ဖြစ်ကာ ဆေးရုံတက်ခွင့် မရခဲ့ကြသလို ထိရောက်တဲ့ ကုသမှုလည်း မခံယူခဲ့ကြရှာပါဘူး။ တချို့ဆိုရင် ခတ်ခွဲ အတည်ပြုခြင်းတောင် မရလိုက်ဘဲ ကွယ်လွန်သွားကြရှာပါတယ်။ ဒီလိုမျိုးက အရေအတွေက် ဘယ်လောက်တောင် ရှိလေမလဲ။ ကျွန်မ မသိဘူး။ မနက်က စကားပြော အသံဖိုင်တစ်ခု နားထောင်လိုက်ရတယ်။ စုံစမ်းရေးမှူး တစ်ယောက်နဲ့ ရပ်ကွက်ရုံးက အမျိုးသမီးဝန်ထမ်းတစ်ယောက် အမေး အဖြေ လုပ်ထားတာနဲ့ တူပါတယ်။ အဲဒီအမျိုးသမီးဟာ ဦးနှောက်ပြေးတယ်၊ အတွေးရှင်းတယ်၊ စကားပြတ်သားတယ်၊ ကျွန်မ ရေးတဲ့ 'မြားအစင်းသောင်းချီ နှလုံး

mgyoe.com

mgyoe.com

ဖောက်ထွင်း’ ဝတ္ထုထဲက လီပေါင်လိနဲ့ သိပ်တူတယ်။ သူက သူတို့ဝန်ထမ်းတွေ လုံးဝ နားချိန် မရကြဘူး၊ သူကိုယ်တိုင်လည်း လဲကျတော့မယ်လို့ ဆိုပါတယ်။ ဒေါသကြီးစွာ ပြောပြနေရင်း သူက အရာရှိတွေကို နာမည်တပ် ဆဲတယ်။ ခွေးအရာရှိတွေလို့ ဆဲတယ်။ တကယ့်ကို စိတ်ထဲ ပေါ့သွားလောက်အောင်ကို ပေါက်ကွဲခဲ့တာ။ ဒီနေ့ ကျွန်မ ကြည့်ရတဲ့ထဲမှာ ဒီလို ပေါက်ကွဲနေတဲ့ ရုပ်သံဖိုင်မျိုး နှစ်ခု ရှိသွားပြီ။

ဝူဟန်သူ၊ ဝူဟန်သားတွေက သိပ်ကို ဘွင်းဘွင်းရှင်းရှင်း ရှိတယ်၊ အချင်းချင်းပဲ ဆိုတဲ့ စိတ်ဓာတ်မျိုး ရှိတယ်၊ အစိုးရကို အင်မတန်မှ ကူညီတယ်။ အစိုးရထဲက အရာရှိကြီး၊ ငယ်တွေ ဆိုတာလည်း နှစ်ပတ်၊ သုံးပတ်လောက် လှည့်လိုက်ရင် လူရင်းတွေချည်းပဲလေ။ မကူညီလို့ ဘယ်ဖြစ်မလဲ။ ဒီလောက်ကြီးတဲ့ ကပ်ဘေးမျိုးကို မထမ်းရွက်နိုင်လည်း ကြိတ်မှိတ်ထမ်းရမှာပဲ။ ဒီတစ်ချက်နဲ့တင် ဝူဟန်သူ၊ ဝူဟန်သားတွေကို ကျွန်မ ချီးကျူးမိပါတယ်။ ဒါပေမဲ့ ထမ်းပေးတယ် ဆိုရာမှာလည်း ကိုယ်အသက်ရှူ မွန်းကျပ်လာတဲ့အခါတော့ ရှိဦးမှာပဲလေ။ ငါက မင်းကိုယ်စား ထမ်းပေးထားတယ်၊ ငါ့ကို ပေါက်ကွဲခွင့်၊ ဆဲခွင့်လေးတော့ ပြုရမှာပေ့ါ။ ဝူဟန်သူ၊ ဝူဟန်သားတွေ ပေါက်ကွဲတဲ့အခါလည်း တော်တော်ကို ပြင်းထန်တာ။ ဘယ်သူ့မျက်နှာမှ မထောက်ဘူး။ နောက်ပြီး တစ်ဖက်လူရဲ့ ဘိုးအေတွေကိုပါ ဆွဲထည့်ပြီး ပေါက်ကွဲပစ်လိုက်တာ။ ကျွန်မ ထင်တယ်၊ တချို့လူတွေဆိုရင် ဝူဟန်သူ၊ ဝူဟန်သားတွေ ဆဲတာနဲ့တင် သေသွားနိုင်တယ်။ မိမိဘိုးအေတွေပါ ထိပါးခံရတဲ့အတွက် ဝူဟန်သူ၊ ဝူဟန်သားတွေကို အပြစ်မတင်ပါနဲ့။ အပြစ်တင်ချင်ရင် ရှင်တို့ရဲ့ ပေ့ါဆမှု၊ တာဝန်မဲ့မှုကိုသာ အပြစ်တင်ကြပါ။

ဒီရက်တွေမှာ သေဆုံးသူတွေက ကိုယ်နဲ့ နီးသထက် နီးလာသလို ခံစားမိတယ်။ အိမ်နီးချင်းရဲ့ ညီမဝမ်းကွဲ ဆုံးသွားပြီ။ အသိတစ်ယောက်ရဲ့ မောင်လေး ဆုံးသွားပြီ။ သူငယ်ချင်းတစ်ယောက် ဆိုရင် မိဘရောမိန်းမရော ဆုံးသွားပြီးတော့ နောက်ဆုံး သူကိုယ်တိုင်လည်း ဆုံးသွားပြီ။ လူတွေ ငိုတောင် မငိုနိုင်တော့ပါဘူး။ ခါတိုင်းအချိန်မှာ မိတ်ဆွေသူငယ်ချင်းတွေ ဆုံးပါးသွားတာ မကြုံဖူးလို့ မဟုတ်ဘူး။ ကိုယ့်မိတ်ဆွေ သူငယ်ချင်းတွေ ကုသမှု မအောင်မြင်လို့ သေဆုံးသွားတာ မကြုံဖူးလို့ မဟုတ်ဘူး။ လူနာဖြစ်တဲ့ ကိုယ့်မိတ်ဆွေဘက်ကလည်း ကြိုးစားတယ်၊ ဆရာဝန်ဘက်ကလည်း ကြိုးစားကုပေးတယ်၊ ဒါပေမဲ့ ပြန်မကောင်းနိုင်တာကို စိတ်မကောင်းပေမယ့် လူတိုင်း လက်ခံနိုင်ကြသေးတယ်။ လူနာကိုယ်တိုင်လည်း ကိုယ့်ကံပဲလေ ဆိုပြီး နားလည် လက်ခံပေးနိုင်သေးတယ်။ ဒါပေမဲ့ ဒီ

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ကြိမ် ကပ်ဘေးကြီးမှာ အစောပိုင်းကာလ ကူးစက်ခံရသူတွေဟာ အသက်ဆုံးရတာတင်မက မျှော်လင့်ချက်ပါ မဲ့ခဲ့ကြရရှာတယ်။ ကူပါ၊ ကယ်ပါ အော်ပေမယ့် ဆေးကုပေးမယ့်သူ မရှိဘူး၊ ဆေးလိုက်ရှာရင်း မျှော်လင့်ချက်တွေ ပျက်သုဉ်းခဲ့ကြရရှာတယ်။ လူနာ များလွန်းပြီး ခုတင်နေရာ နည်းလွန်းတဲ့အတွက် ဆေးရုံမှာလည်း အလျဉ်မမီနိုင်ဘဲ ဖြစ်ခဲ့ရတယ်။ ကျန်တာကတော့ သေဖို့ စောင့်နေရုံမှတစ်ပါး အခြား ဘာများ တတ်နိုင်ဦးမှာလဲ။ အခြေအနေ တည်ငြိမ်လာရင် ဆရာဝန်ပြခွင့် ရလိမ့်မယ်လို့ လူနာတွေ အတော်များများ ထင်မှတ်ခဲ့ကြတာ၊ သေဖို့အတွက် ဘာမှ ပြင်ဆင်မထားခဲ့ကြဘူး။ ကုသမှု ခံယူချင်လျက် ကုသမှု မရနိုင်တဲ့ ဘဝအတွေ့အကြုံမျိုး သူတို့မှာ သာလို့တောင် မရှိခဲ့ကြဘူး။ သူတို့ သေခါနီး ခံစားရတဲ့ နာကျင်ခံခက်မှုနဲ့ မျှော်လင့်ချက်မဲ့ စိတ်ခံစားမှုတို့ဟာ ချောက်ကမ်းပါးထက် ပိုနက်ပါတယ်။ ဒီလိုသတင်းတွေ နေ့တိုင်းကြားနေရတော့ စိတ်မကောင်းဘဲ ဘယ့်နှယ် နေနိုင်မှာလဲလို့ ဒီနေ့ မိတ်ဆွေကို ပြောဖြစ်တယ်၊ "လူလူချင်း မကူးပါဘူး၊ ကာကွယ်နိုင်တယ်၊ ထိန်းချုပ်နိုင်တယ်" ဆိုတဲ့ ဒီစကားလုံးတွေကြောင့် တစ်မြို့လုံး သွေးချောင်းစီး၊ မျက်ရည်ချောင်းစီး ဖြစ်ခဲ့ရပါပြီ။ အတိုင်းမသိ နာကျင်ကြေကွဲကြရပြီ။

ချစ်ခင်ရပါသော အင်တာနက် ကင်ပေတိုင်တို့၊ ကချို့စကားတွေကိုတော့ ရှင်တို့ ဂူဟာန်သူ၊ ဂူဟာန်သားတွေကို ပြောခွင့် ပြုရပါလိမ့်မယ်။ ဒီလို ပြောလိုက်မှပဲ ရင်ထဲ ခံစားရတာ နည်းနည်း သက်သာလာမှာမို့လို့ပါ။ ကျွန်မတို့ ဒီမှာ ဆယ်ရက်ကျော်ကြာ အပိတ်ခံထားရပြီးပါပြီ။ ကြေကွဲဖွယ် ဖြစ်ရပ်တွေကိုလည်း အများကြီး တွေ့ခဲ့ရပြီးပါပြီ။ ဒါကိုမှ ခံစားချက်ကို နည်းနည်းကလေးမှ ပေါက်ကွဲခွင့်မပြုဘူး၊ညည်းညူသံကလေးတစ်ချက်၊သို့မဟုတ်ပြန်လည်ဆန်းစစ်သုံးသပ်မှုတစ်စက်ကလေးတောင်မှ ခွင့်မပြုဘူး ဆိုရင်တော့ အားလုံး ရူးသွားဖို့ပဲ ရှိပါလိမ့်မယ်။ ထားပါလေ၊ ရူးကုန်လည်း ပြဿနာကို မဖြေရှင်းနိုင်ပါဘူး။ သေကုန်လည်း ဒီလူတွေက အရေးစိုက်မှာ မဟုတ်ပါဘူး။ ဒါတွေ မပြောတော့ပါဘူး။

ကျန်ရှိတဲ့ နေ့ရက်တွေက ရှေ့ဆက်နေဦးမှာ ဖြစ်တယ်။ ကျွန်မတို့ အစိုးရနဲ့ ဆက်ပြီး အစွမ်းကုန် ပူးပေါင်းပါဝင်ဦးမှာ ဖြစ်ပါတယ်။ တံခါးပိတ်၊ အိမ်တွင်းအောင်းကာ အဆုံးအထိ တောင့်ခံနေကြဦးမှာပါ။ အချိုးအကွေ့ အမြန်ဆုံး ရောက်လာဖို့ကိုပဲ မျှော်လင့်မိပါတယ်။ ဂူဟာန် လော့ဒေါင်း မြန်မြန် ပြန်ပွင့်ပါစေလို့ပဲ မျှော်လင့်မိပါတယ်။ လူနာတွေအားလုံး သက်သာပျောက်ကင်းပါစေလို့ ဆုတောင်းပေးပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


အချိန်ကြာလာတော့ ထမင်းစားဖို့ ပြဿနာက သိသာလာခဲ့တာပါပဲ။ စိတ်ဝင်စားဖို့ကောင်းတဲ့ တစ်ချက်က ရပ်ကွက်တော်တော်များများမှာ လုပ်ရည်ကိုင်ရည်ရှိသူတွေ ညတွင်းချင်းဆိုသလို ထွက်ပေါ်လာကြခြင်းပါပဲ၊ ကျွန်မ အစ်ကိုလေးက ပြောတယ်၊ သူတို့ရပ်ကွက်ကလေးထဲမှာ ဈေးဝယ်အဖွဲ့ ကိုယ့်ဘာသာ ဖွဲ့လိုက်ကြပြီတဲ့။ အဖွဲ့ဝင်ပြီးတဲ့နောက် နံပါတ်တွေ ထုတ်ပေးတယ်။ ဈေးဝယ်အဖွဲ့ကနေ ဒိုင်ခံ ဈေးဝယ်ပေးတယ်။ တစ်အိမ်ကို တစ်ထုပ်စီ။ ဈေးဝယ်လာတဲ့ အထုပ်ကလေးတွေကို ရပ်ကွက်ကလေးထဲက ကွက်လပ်မှာ ချပေးထားတယ်။ ကိုယ့်နံပါတ်နဲ့ကိုယ် လာယူကြတယ်။ အချင်းချင်း မထိတွေ့ကြဘူး။ ဝယ်လာတဲ့ ဟင်းတွေ မကြိုက်ဘူးဆိုရင် အရင်ယူထားလိုက်။ ပြီးတော့မှ မြေကွက်လပ်တစ်ခုမှာ တာဝန်ခံဆီ ဖုန်းဆက်ပြီး ပြန်လဲဖို့ လုပ်ကြ။ သူတို့က ဈေးဝယ်ရတာ စနစ်တကျ ရှိအောင်လို့ ဗျူဟာတွေတောင် ဆွဲထားကြသေးတာ။ အဲဒီတော့ လူတွေအားလုံး ဆူပါမားကက် ပြေးနေစရာ မလိုတော့ဘဲ ဈေးဝယ်ဖို့ ပြဿနာကို တစ်ခဏအတွင်း ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ကြတယ်။ ဒီနေ့လည်း လုပ်ဖော်ကိုင်ဖက်တစ်ယောက် နေတဲ့ ရပ်ကွက်ကလေးထဲမှာ ဈေးဝယ်အဖွဲ့ ဖွဲ့လိုက်ပြီတဲ့။ ကြက်သား၊ ဝက်သား၊ ကြက်ဥ စတာတွေ ဝယ်ပေးပါတယ်။ ဆက်မင်ညူး(set menu)လိုက်လည်း မှာလို့ရတယ်။ အသားမျှင်၊ အသားစဉ်းကော၊ အဆီမပါ ဝက်သားချည်းသီးသန့်၊ နံရိုးချည်းသီးသန့် စသည်ဖြင့်ပေါ့။ ပမာဏနဲ့ ဈေးနှုန်းတွေကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြပေးထားတယ်။ အယောက်နှစ်ဆယ် ပြည့်တာနဲ့ ပို့ပေးတယ်။ အားလုံး ကိုယ့်ဘာသာ ဆင်းယူကြရုံပဲ။ ကျွန်မကိုကော ဈေးဝယ်ဖို့ လိုသလားလို့ လုပ်ဖော်ကိုင်ဖက်က မေးပါတယ်။ ဒီလောက်ကောင်းတဲ့ ဝန်ဆောင်မှု မယူဘဲ နေမလား။ ဘာပဲပြောပြော နောက်နှစ်ပတ်လောက် အိမ်တွင်းအောင်းနေရဦးမှာလေ။ ကျွန်မလည်း ဝက်သား ဆက်မင်ညူး-စီ (Set Menu C) တစ်ဆက် မှာလိုက်တယ်။ စုစုပေါင်း ၁၉၉ ယွမ် ကျတယ်။ ဘဝတွေ ဘယ်လောက်ပဲ ခက်ခဲခက်ခဲ နည်းလမ်းကတော့ ရှိတာပါပဲ။

✣

mgyoe.com

mgyoe.com SAMPLE BOOK

## တာရုတ်နှစ်ဆန်း ဆယ့်ခုနစ်ရက်နေ့ (ဖေဖော်ဝါရီ ၁၀)

### အလှည့်အပြောင်းက အချိန်မရွေး ထွက်ပေါ်လာတော့မှာပါ

မိုးအုံ့ပြန်ပြီ။ ဒါပေမဲ့ ကောင်းကင်ကတော့ လင်းတယ်လို့ ဆိုနိုင်ပါသေးတယ်။ ကျွန်မတို့ သတင်းကောင်းတွေ စုံစမ်းနေဆဲ သို့မဟုတ် မျှော်လင့်နေဆဲပါ။ တစ်ယောက် လုပ်ထားတဲ့ ရုပ်သံဖိုင်တစ်ခုထဲမှာ "အကယ်၍သာ ဒေါက်တာကျုံးနန်ဆန်းက ဘယ်နေ့တော့ဖြင့် အပြင်ထွက်လို့ရပြီဟေ့လို့ ကြေညာလိုက်တာနဲ့ ဝူဟန်တစ်မြို့လုံး ဘယ်လိုဖြစ်လာမယ် ထင်သလဲ" လို့ မေးလိုက်တယ်။ ပြီးတဲ့နောက်မှာ ကြက်အုပ်တွေ၊ ဘဲအုပ်တွေလို အုပ်လိုက်ကြီး အပြင်ကို ခုန်ထွက်လာကြမယ်။ တစ်ယောက်တစ်မျိုး မရိုးရအောင် စတိုင်အမျိုးမျိုး ထုတ်ကြမယ်။ လမ်းလျှောက်တဲ့ ပုံစံကအစ အမျိုးမျိုး လုပ်ပြလာကြမယ်။ လက်စသတ်တော့ ဝူဟန်သူ၊ ဝူဟန်သားတွေဟာ ကြုံလာသမျှဒဏ်ကို ခါးဆီးခံနိုင်ရုံသာမက၊ ဆဲတတ်ရုံသာမက ဒီလို အမျိုးစုံလည်း စိတ်ကူးယဉ်တတ်ကြသေးတာပဲ။

ပြည်နယ် ဆယ့်ခြောက်ပြည်နယ်က အားလုံးအပြီးအစီး ပုံစံမျိုးနဲ့ ဟူပေ ဆယ့်ခြောက်မြို့ကို လာရောက် ကူညီကြတယ်။ ကျန်းမာရေးဝန်ထမ်းတွေ သူ့ထက်ငါ အပြိုင် စာရင်းပေးကြ၊ ဆံပင်တိုညှပ်ကြ၊ ခေါင်းတုံးတုံးကြ၊ နှုတ်ဆက်ခွဲခွာခြင်းအမျိုးမျိုး၊ ရုပ်သံဖိုင်အမျိုးမျိုး တက်လာကြလို့ ကြည်နူးခံစားမိရပါတယ်။ ဟူပေကို လာရောက်ကူညီကြတဲ့ ပြည်နယ်အသီးသီးဟာ လူအင်အားသာ

mgyoe.com

mgyoe.com
SAMPLE BOOK


မကဆေးပစ္စည်းကိရိယာတွေ၊ အကာအကွယ်ပစ္စည်းတွေပါ ပါလာကြတယ်လို့ ကြားရပါတယ်။ ဆီတွေ၊ ဆားတွေ၊ ကြာညို့တွေ၊ ရှာလကာရည်တွေအစ မိမိဘာသာ ပြင်ဆင်လာခဲ့ကြတာတဲ့။ ဒေသခံတွေအပေါ် ဘာဝန်ထုပ် ဝန်ပိုးအပိုမှ ထပ်ပြီး မပိစေဘူးတဲ့။ ဟူပေသူ ဟူပေသားတို့မှာ ကျေးဇူးတင်လွန်းလို့ မျက်ရည်တောင် ကျမိပါတယ်။ ဟူပေကို ရောက်လာကြတဲ့ ကျန်းမာရေးဝန်ထမ်း အရေအတွက်ဟာ နှစ်သောင်းလောက် ရှိတယ်။ ဒီမေတ္တာတရားဟာ ဘယ်လောက်တောင် ကြီးမားလိုက်ပါသလဲ။

အဲဒီထဲမှာ ဟော့အဖြစ်ဆုံးကတော့ ကျန်းစူးပဲပေါ့ (ကျွန်မက ကျန်းစူး ပြည်နယ်က နန်ကင်းမြို့မှာ မွေးလို့ ဖောင်ဖြည့်တိုင်း 'ကျန်းစူး' ဆိုတာကို ဖြည့်ရလို့ အဲဒီဒေသဟာ ကျွန်မအတွက် သိပ်ကို ရင်းနှီးနေခဲ့တာပေါ့)။ သူ့ကို 'မဟာစူး' လို့လည်း ခေါ်ကြတယ်၊ 'မင်း ဆယ့်သုံးပါး' လို့လည်း ခေါ်ကြတယ်။ ပြက်လုံးတွေကတော့ အမျိုးကို စုံနေတာပါပဲ။ နန်ကင်းကိုလည်း ချွေးမလေးတစ်ယောက်ပမာ ဖြစ်အောင် ပြက်ထားလိုက်တာ။ ကျွန်မ လုပ်ဖော်ကိုင်ဖက် ချောင်ကျွင့်ချိန့်တို့ အိမ်က ရှောက်ကန်မှာ။ သူက လိုင်းပေါ် သိပ်မတက်တော့ ကျွန်မတို့လည်း အဲဒီဟာတွေကို သူ့ဆီ ပို့ပေးလိုက်တယ်။ အကုန် စုပြီး ကြည့်လိုက်တဲ့အခါ ပိုလို့တောင် ရယ်စရာကောင်းသေးတယ်။ ကျွန်မတို့က သူ့ကို ပြောတယ်၊ ခုတော့ နင်တို့ဆီမှာ ဖက်စရာ ခြေထောက် ရှိလာပြီပေါ့လေ၊ ဖက်စရာ ခြေထောက်တွေမှ အများကြီးပဲလို့။

ဝူဟန်က ကျန်းမာရေးဝန်ထမ်းတွေ အထိအခိုက် ကြမ်းတာ ကျွန်မတို့ အစောကြီးကတည်းက သိပြီးသားပါ။ ရှေ့ရက်တွေ မှတ်တမ်းတင်တုန်းကလည်း ရေးခဲ့ဖူးပါတယ်။ အခု စစ်ကူရောက်လာပါပြီ။ ရောက်လာတာမှ အလုံးအရင်းနဲ့ကို ရောက်လာတာပါ။ အသက်ရှူချောင်လာတာ ကျန်းမာရေးဝန်ထမ်းတွေသာ မဟုတ်ပါဘူး။ ဟူပေသူ ဟူပေသားတွေ အားလုံးလည်း ခုမှပဲ အသက်ရှူ ချောင်လာခဲ့တာပါ။ ခြေကုန်လက်ပန်းကျကာ ရေရှည်တိုက်ပွဲဝင်ဖို့ မတတ်နိုင်တော့တဲ့ နယ်ခံဆရာဝန်တွေ ခုတော့ ခဏနားနိုင်ပါပြီ။ ရက်အတန်ကြာ ငြိမ်နေခဲ့တဲ့ ပြက်လုံးဆရာတွေလည်း လိုင်းအသီးသီးပေါ်ကနေ တစ်ဖန်ပြန်၍ ပြက်လာကြပါပြီ။

အခြေအနေ ပြန်ကောင်းလာခြင်းဟာ တစ်တိုင်းပြည်လုံး အင်အားနဲ့လာရောက်ကူညီခြင်းကြောင့် ဖြစ်ပါတယ်။ ဖန်းချန်းဆေးရုံတွေ တိုးချဲ့မှု၊ ခုတင်နေရာတွေ ထပ်မံဖြည့်တင်းမှု၊ စစ်ကူတွေ ရောက်ရှိလာမှု၊ ထိရောက်စွာ သီးသန့်

mgyoe.com

ခွဲခြား ထားရှိလာနိုင်မှု၊ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လာနိုင်မှု၊ နောက်ပြီး ဂူဟာန်မြို့နေ ပြည်သူတို့ရဲ့ အစွမ်းကုန် ပူးပေါင်းပါဝင်မှုတို့ဖြင့် ဘက်ပေါင်းစုံကနေ ဗိုင်းတိုက်လိုက်တဲ့အခါ ဗိုင်းရပ်စ်ပြန့်ပွားမှု အညွှန့်ကို သိသိသာသာ ချိုးလာနိုင်ခဲ့ပါပြီ။ နောက်ထပ် ရက်အနည်းငယ်အကြာမှာ ပိုပြီးတော့ မြင်သာထင်ရှားလာနိုင်မှာပါ။ ဆရာဝန်မိတ်ဆွေကလည်း ပြောပါတယ်။ အမြန်ဆုံး ပြန်ကောင်းလာတော့မှာပါတဲ့၊ ဘာတွေဘယ်လိုပြောပြော ဂူဟာန် လော့ဒေါင်းကာလ ဒီလောက်ကြာသွားရတဲ့ အဓိက အကြောင်းရင်းကတော့ –

(၁) အစောပိုင်းကာလမှာ နှောင့်နှေးကြန့်ကြာခဲ့လို့ ဗိုင်းရပ်စ်ပိုး ပျံ့နှံ့လာခဲ့ခြင်း၊

(၂) သီးသန့်ခွဲခြားထားရှိတဲ့ နည်းလမ်း မမှန်ကန်လို့ ကူးစက်မှု ပိုမိုပြင်းထန်လာခဲ့ခြင်း၊

(၃) ဆေးရုံတွေမှာ အရင်းအမြစ် ပြတ်လပ်ကာ ကျန်းမာရေးဝန်ထမ်းတွေပါ ဖျားနာ လဲကျကုန်လို့ ကုသပေးနိုင်မှု နှောင့်နှေးလာခဲ့ခြင်းတို့ပဲ ဖြစ်တယ်။

အခု ဒါတွေအားလုံး ပြောင်းလဲလာနေပါပြီ။ အလှည့်အပြောင်းက အချိန်မရွေး ထွက်ပေါ်လာတော့မှာပါ။

လိုင်းပေါ်က ကောမန့်တစ်ခုကို ဖတ်ရတယ်။ ဟုန်ဆန်း အားကစားရုံမှာ တည်ထားတဲ့ ဖန်းချန်းဆေးရုံကပဲ။ လူနာတစ်ယောက်က သူတို့မိသားစု သုံးယောက်စလုံး ဖန်းချန်းမှာတဲ့။ နောက်နှစ်ရက်နေရင် ဆေးရုံ ဆင်းရတော့မယ်တဲ့။ နောက်ပြီး ပြောသေးတယ်၊ နောက် ရက်အနည်းငယ်အတွင်းမှာ ဖန်းချန်းဆေးရုံကနေ လက္ခဏာပျောက်လူနာတွေ အများကြီး သက်သာပျောက်ကင်းလို့ ဆေးရုံဆင်းလာကြရဖို့ ရှိပါသတဲ့။ ကုထုံးကတော့ တရုတ်တိုင်းရင်းဆေးနဲ့ အနောက်တိုင်းဆေး ပေါင်းစပ်ကုထုံးပါ။ တရုတ်ဆေးရော၊ အင်္ဂလိပ်ဆေးရော အကုန်စားရပါတယ်။ ဖန်းချန်းက စားစရာတွေကလည်း ယန့်ယန်းထျန်းက စပွန်ဆာ ပေးထားတာပါတဲ့။ ယန့်ယန်းထျန်း ဆိုတာ ဂူဟာန်က နာမည်ကြီး စားသောက်ဆိုင် တစ်ဆိုင်ပဲ။ သူ့ဆိုင်က ဟင်းတွေက အထူးကို စားလို့ကောင်းတယ်။ လူနာပြောပြချက်အရ သူတို့အိမ်မှာ စားရတာထက် အများကြီး စားလို့ကောင်းတယ်တဲ့၊ ဝိတ်တွေတောင် မနည်းတက်လာပြီတဲ့။ သူ့ကောမန့်ကို လူတချို့အတွက် အားပေးမှု ရရှိစေခဲ့တယ်။ လူနာတွေ တော်တော်များများက ဖန်းချန်း ဆေးရုံကို

mgyoe.com

မသွားရဲကြဘူး၊ ဟိုမှာ ပင်ပန်းဆင်းရဲလိမ့်မယ်လို့ ထင်ကြတာကြောင့် အိမ်မှာပဲ နေချင်ကြတယ်လို့ ကျွန်မ တောက်လျှောက်ကြားခဲ့ရတယ်။ အခု ကြည့်ရတာ တော့ နောက်ပိုင်း အားဖြည့်မှုတွေ ရှိလာပြီးတဲ့နောက်မှာ ဖန်းချန်းဟာ ဒီလောက် ကြီး မဆိုးရွားတော့ပါဘူး၊ ဘာပဲပြောပြော ကျန်းမာရေးဝန်ထမ်းတွေ စောင့်ရှောက် မှု ပေးနေတာမို့ အိမ်မှာ ကျိတ်ကုနေတာထက်တော့ အများကြီး သာပါတယ်။ ဖန်းချန်းဆေးရုံက နေရာ ကျယ်ကျယ်ဝန်းဝန်း ရှိတော့ ကခုန်လို့ ရတယ်။ ဆေးရုံ တက်နေရတဲ့ အဒေါ်ကြီးတွေလည်း အားအားမနေပါဘူး၊ ဒီဥစ္စာကို ကောင်း ကောင်း အသုံးချကြရမှာပေါ့။ အဲဒီရုပ်သံဖိုင်ကို ကြည့်ပြီး ကျွန်မ အထူးပဲ အံ့သြ ဝမ်းသာမိပါတယ်။ ဝူဟန်က အဒေါ်ကြီးတွေ တကယ့်ကို စိတ်ဓာတ် ကြံ့ခိုင်ကြ တာပဲ။ ရောဂါကိုပဲ ကြံ့ကြံ့ခံ ခုခံနေတာ မဟုတ်ဘဲ ပန်းခြံရင်ပြင်တွေမှာ သူတို့ က,နေကျဖြစ်တဲ့ 'ရင်ပြင်အက' ကိုပါ ကြံ့ကြံ့ခံပြီး ဆက်ကနေကြတာပါလား။ အဲဒီအကကို 'ဖန်းချန်းအက' လို့ ခေါ်နိုင်လေမလား။

တင်သမျှပို့စ်တွေ ဖျက်ချခံရဖန် များလာတော့ ကျွန်မလည်း သတင်း ကောင်းပဲ တင်ပြပြီး သတင်းဆိုး မတင်ပြသူတစ်ယောက် ဖြစ်လာတော့မယ် ထင်တယ်။ တကယ်တော့ အဲဒီသတင်းကောင်းတွေကို တကယ့် စိတ်ရင်း စေတနာ နဲ့ အားလုံးကို မျှဝေပေးချင်တာပါ။ ဒါဟာ ကျွန်မတို့ အချိန်ကြာမြင့်စွာ မျှော်လင့် စောင့်စားခဲ့ရတဲ့ သတင်းပေပဲလေ။ အွန်လိုင်းပေါ်မှာ အမျိုးမျိုး ပြောနေကြတာ တွေ ရှိတယ်၊ လူတွေ ကြောက်အောင် အမျိုးမျိုး ခြောက်နေကြတာတွေ ရှိတယ်၊ နောက်ပြီး ပညာရှင်တွေရဲ့ ဟုတ်ဟုတ်ငြားငြား ခွဲခြမ်းစိတ်ဖြာပြတာတွေလည်း ရှိတယ်။ ဒါတင်မက အဆုံးစွန်ထိအောင် စိတ်ပျက်ဖို့ကောင်းတဲ့ ကောလာဟလ တွေလည်း ရှိသေးတယ်။ ဝူဟန်မှာ ရှိနေသူတွေကတော့ အဲဒီလိုဟာတွေကို မကြား ချင် မသိချင်တော့ပါဘူး။ ခုချိန်မှာ ကျွန်မတို့ မိမိကိုယ်ကိုပဲ ဂရုစိုက်ပါတယ်။ လူနာတွေ နည်းသွားပြီလား၊ ဆေးရုံတက်သင့်သူတွေ ဆေးရုံရောက်သွားပြီလား၊ ထိရောက်တဲ့ ကုသမှုတွေ ရရှိပြီလား၊ သေဆုံးသူ အရေအတွက် ကျဆင်းလာ နေပြီလား၊ နောက်ပြီး၊ ဈေးဝယ်ပို့ပေးတဲ့လူ ဘယ်အချိန် ရောက်လာမှာလဲ၊ ငါတို့ ဘယ်နေ့ အိမ်ပြင်ထွက်ခွင့် ရလာတော့မလဲ တို့ကိုသာ စိတ်ဝင်စားပါတော့တယ်။

သတင်းဆိုးကတော့ စိတ်မချမ်းမြေ့စရာ ကောင်းနေဆဲပါ။ ထုန်ကျိ ဆေးရုံက ကိုယ်အင်္ဂါ အစားထိုးခွဲစိတ်ကု ဆရာဝန်ကြီး ပါမောက္ခ လင်းကျိန့်ပင်း ဒီနေ့ နေ့လယ်မှာ ကွယ်လွန်သွားရှာပါတယ်။ အသက် ၆၂ နှစ်။ သန်မာဖျတ်လတ်

mgyoe.com

တုန်း၊ အတွေ့အကြုံ အရင့်ကျက်ဆုံး အရွယ်ကောင်းမှာ ကွယ်လွန်သွားလို့ အင်မတန် နှမြောစရာ၊ ဝမ်းနည်းစရာ ကောင်းပါတယ်။ ထုန်ကျိဆေးရုံက ဟွာကျုံး နည်းပညာတက္ကသိုလ် လက်အောက်ခံ ဆေးရုံ။ သုံးရက်အတွင်း ဆရာကြီး နှစ်ယောက် ဆုံးပါးသွားတဲ့အတွက် ဟွာကျုံးနည်းပညာတက္ကသိုလ်က လူတွေ ဝမ်းမနည်းဘဲ မနေပါဘူး။ ဒေါက်တာလီဝန်လျန် အမှုထမ်းခဲ့တဲ့ ဗဟိုဆေးရုံကြီး မျက်စိအထူးကုဌာနမှာလည်း ဆရာဝန်နှစ်ယောက် အသက်ရှူပိုက် ထည့်ပြီး ကုသရတဲ့ အဆင့်ကို ရောက်နေပြီလို့ ကြားရပါတယ်။ ပိုဆိုးတာက လီဝန်လျန် ကွယ်လွန်သွားတဲ့အတွက် အလှူရှင်တချို့က ဗဟိုဆေးရုံကြီးကို ဒေါသဖြစ်ကြ တာကြောင့် လှူဒါန်းတဲ့အခါ ဗဟိုဆေးရုံကြီးကို မလှူပါလို့ အတိအလင်း ပြော တာတွေ ရှိလာပါတယ် (ဒီသတင်း မှန်၊ မမှန် မသိရပါ)။ ဗဟိုဆေးရုံကြီးမှာလည်း ရှိရှိသမျှ ဆေးပစ္စည်းတွေ အကုန်ပြတ်လပ်သွားပြီမို့ အရေးပေါ်အခြေအနေ ဖြစ် နေပါပြီ။

အင်း... ဒေါက်တာလီဝန်လျန်သာ ကောင်းကင်ဘုံကနေ ဒီလိုသတင်းမျိုး ကြားရလို့ရှိရင် အားလုံးထက် သူ ပိုပြီးစိတ်မကောင်း ဖြစ်မိမှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

## တရုတ်နှစ်ဆန်း ဆယ့်ရှစ်ရက်နေ့ (ဖေဖော်ဝါရီ ၁၁)

### သက်ရှိအသစ် ရောက်ရှိလာခြင်းဟာ ဘုရားပေးတဲ့ အကောင်းဆုံး မျှော်လင့်ချက်ပါပဲ

ဒီနေ့ ရာသီဥတုက မနေ့က အတိုင်းပဲ။ မိုးအုံ့ပေမယ့် မှောင်မည်းနေတာမျိုးတော့ မဟုတ်ဘူး။

နေ့လယ်တုန်းက ဓာတ်ပုံတစ်ပုံ တွေ့လိုက်ရတယ်။ ဂျပန်က ပို့လာတဲ့ ကူညီရေးပစ္စည်းမှာ ရေးထားတဲ့ ကဗျာတစ်ပုဒ်။ တောင်ပြာတန်းလည်း တစ်မိုးတည်းအောက်၊ လဝန်းသည်လည်း နယ်စည်းမခြား။ ကြည်နူးမိပါတယ်။ ရုပ်သံဖိုင်တစ်ခု ကြည့်လိုက်ရသေးတယ်။ အော်စကာဆုရ မင်းသားကြီးတစ်ယောက်ရဲ့ ဆုရ ခံစားချက်စကား၊ သူက အသံမထွက်နိုင်သူတွေအတွက် စကားပြောမယ်ဆိုပြီး ဆို့နင့်သံကြီးနဲ့ ပြောသွားတာ။ ကြည်နူးရပါတယ်။ တစ်ယောက် ရေးထားတဲ့ ဆောင်းပါးကိုလည်း ဖတ်မိသေးတယ်၊ အဲဒီမှာ ဗစ်တာဟူးဂိုးရဲ့ အဆိုအမိန့်ကို ကိုးကားထားတယ်။ အချို့သော ဆိတ်ဆိတ်နေခြင်းဟာ မုသား ပြောခြင်းနဲ့ အတူတူပဲတဲ့။ ဒီဟာကိုတော့ မကြည်နူး မိတော့ဘဲ အရှက်ပဲ ရမိပါ တယ်။

ဟုတ်ပါတယ်၊ ကျွန်မအနေနဲ့ အရှက်ရဖို့ကိုသာ ရွေးချယ်နိုင်ခဲ့ပါတယ်။ ကူပါ ကယ်ပါ တစာစာ အော်နေတဲ့၊ ဆဲဆိုအော်ဟစ်နေတဲ့ ရုပ်သံဖိုင်

mgyoe.com

mgyoe.com

တွေကို ကျွန်မ နောက်ထပ် မကြည့်ချင်တော့ပါဘူး။ ကျွန်မ ကိုယ့်အကြောင်း ကိုယ် သိတယ်။ ကျွန်မ ဘယ်လောက်ပဲ ဆင်ခြင်တုံဉာဏ် အားကောင်းနေစေကာမူ သည်းမခံနိုင်တဲ့ တစ်ချိန်တော့ ရှိလာမှာပါ။ ကျွန်မလောက် ဆင်ခြင်တုံဉာဏ် အားမကောင်းတဲ့လူတွေဆိုရင် ပိုလို့တောင် ဆိုးပါလိမ့်မယ်။ ကျွန်မတို့ အခု အရေးတကြီး လုပ်ရမှာက ခေါင်းမော့ကာ မျှော်လင့်ချက်ဆီသို့ မျက်နှာမူ ကြည့်ကြရမှာ ဖြစ်ပါတယ်။ အခက်အခဲတွေ ရင်ဆိုင်နေရတဲ့ကြားထဲက ကြိုးစားရုန်းကန်နေကြသေးတဲ့သူတွေကို မျက်နှာမူ ကြည့်ကြရမှာ ဖြစ်ပါတယ်။ ဥပမာ–မီးနတ်တောင် မိုးကြိုးနတ်တောင် ဆေးရုံ ဆောက်လုပ်သူတွေကိုပေါ့။ ဘ၀ကို ရုန်းကန်ရင်း အားထုတ်နေရဆဲ ဖြစ်နေသူတွေကို မျက်နှာမူ ကြည့်ရမှာ ဖြစ်ပါတယ်။ ဥပမာ–ကိုယ်ကိုယ်တိုင် ဆင်းရဲမွဲတေနေပေမယ့် မိမိတစ်သက်စာ စုထားသမျှ ရှိစုမဲ့စုကို ဆင်းရဲမွဲတေတဲ့ သက်ကြီးရွယ်အိုတို့အား လှူဒါန်းသူတွေကိုပေါ့ (သူတို့ဆီက ပိုက်ဆံ မယူကြဖို့ ဆော်ဩချက်ကို ကျွန်မလည်း ထောက်ခံပါတယ်)။ ခြေကုန်လက်ပန်းကျနေပေမယ့် မိမိတာဝန်ကို ကျေပွန်စွာ ဆက်လက် ထမ်းဆောင်နေသူတွေကို မျက်နှာမူ ကြည့်ရမှာ ဖြစ်ပါတယ်။ ဥပမာ– ကူးစက်ခံရနိုင်တဲ့ အန္တရာယ်ကို အမှုမထားဘဲ တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ နောက်ပြီး လမ်းတွေပေါ်မှာ နေ့ညမနား ပြေးလွှားလှုပ်ရှားကာ ဝန်ဆောင်မှုအမျိုးမျိုး ပေးနေကြတဲ့ စေတနာ့ဝန်ထမ်းတွေကိုပေါ့။ နောက်ပြီး... အများကြီး အများကြီး ရှိပါသေးတယ်။ သူတို့တစ်တွေကို ကြည့်ရင် နားလည်လာပါလိမ့်မယ်။

ဒီကနေ့လို အချိန်မှာ ကျွန်မတို့ဟာ စိုးရိမ်ထိတ်လန့် လွန်ကဲခြင်း၊ ဆောက်တည်ရာမရ ဖြစ်ခြင်းတို့ လုံးဝ ဖြစ်လို့ မရပါဘူး။ အကယ်၍ ကျွန်မတို့ စိုးရိမ်ထိတ်လန့် လွန်ကဲပြီး ဆောက်တည်ရာမရ ဖြစ်လာခဲ့လို့ရှိရင် သူတို့ ကြိုးစားခဲ့သမျှ အားလုံးဟာ သဲထဲရေသွန် ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်မို့ ဘယ်လောက်ပဲကြေကွဲဖွယ်ကောင်းတဲ့ ရုပ်သံဖိုင်တွေကြောင့်ပဲ ဖြစ်ဖြစ်၊ ဘယ်လောက်ပဲ ကြောက်စရာကောင်းတဲ့ ကောလာဟလတွေကြောင့်ပဲဖြစ်ဖြစ် စိုးရိမ်ထိတ်လန့် လွန်ကဲတာတွေ လုံးဝ မဖြစ်ဖို့ လိုသလို ဆောက်တည်ရာမရ ဖြစ်တာမျိုးတွေ သာလို့တောင် မဖြစ်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ တစ်ခုတည်းသော လုပ်နိုင်တာကတော့ မိမိကိုယ်ကိုယ် စောင့်ရှောက်ပါ၊ အိမ်သားတွေကို စောင့်ရှောက်ပါ။ ညွှန်ကြားမှုကို လိုက်နာပါ၊ အပြည့်အဝ ပူးပေါင်းပါဝင်ပါ။ အံကြိတ်ပြီးတော့ အိမ်တံခါး ပိတ်ထားပါ။ အကျယ်ကြီး အော်ငိုချင် ငိုလိုက်ပါ။ ကပ်ရောဂါအကြောင်း အာရုံမစိုက်ချင်

mgyoe.com

mgyoe.com

တော့ဘူး ဆိုလည်း ဖြစ်ပါတယ်။ တီဗီကြည့်ပါ၊ ရုပ်ရှင်ကြည့်ပါ၊ ဟိုတုန်းက အဆဲခံရဖူးတဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ ကြည့်ပါ။ မိမိကိုယ်ကိုယ် ဒီတောင်ကို ကျော်နိုင်ပါစေ။ ဒါဟာ ကျွန်မတို့စွမ်းဆောင်နိုင်တဲ့ အရာတွေပဲ ဖြစ်လောက်မှာပါ။

ဘာပဲပြောပြော ခုချိန်မှာ အခြေအနေက အမှန်ပဲ ပြန်ကောင်းစ ပြုလာနေပါပြီ။ လူတွေ မျှော်လင့်ထားသလောက် မြန်မြန်ကြီး မဟုတ်ပေမယ့်လို့ ပြန်ကောင်းစ ပြုလာပြီ ဆိုတာကိုက မျှော်လင့်ချက်ပဲ မဟုတ်ပါလား။ ဟူပေကလွဲလို့ ကျန်တဲ့ ပြည်နယ်တွေက ကပ်ရောဂါအခြေအနေဟာ အချိုးအကွေ့ကို ကျော်လာခဲ့ပါပြီ။ ဟူပေမှာတော့ ဘက်ပေါင်းစုံက ကူညီလာတဲ့အတွက် အချိုးအကွေ့ဆီသို့ ချီတက်နေပါပြီ။ ဒီနေ့ ဖန်းချန်းဆေးရုံကနေ ဆေးရုံဆင်းတဲ့ လူတွေ အများကြီးပါပဲ။ သက်သာပျောက်ကင်းသူတွေရဲ့ မျက်နှာမှာ အပြုံးပန်းတွေ ဝေလို့နေပါတယ်။ ဒါဟာ ဟန်ဆောင်လုပ်ယူထားတဲ့ အပြုံး မဟုတ်ပါဘူး။ တကယ့်ကို ရင်ထဲက ဖြစ်ပေါ်လာတဲ့ အပြုံးတွေပါ။ ဒီလို အပြုံးတွေဟာ ဟိုးလွန်ခဲ့တဲ့ မကြာသေးမီ အချိန်က မြို့ထဲလမ်းပေါ်က လူတိုင်းဆီမှာ မြင်နိုင်ခဲ့ရပေမယ့် ဒီကနေ့ မြင်ရတဲ့ အခါမှာတော့ တော်တော်ကြာခဲ့ပါပြီလားဆိုတဲ့ ခံစားချက်မျိုး ဖြစ်ပေါ်မိပါတယ်။ ဒါပေမဲ့ ကျွန်မ ထင်တယ်၊ ဒီလို အစမျိုး ရှိလာပြီးတဲ့နောက်မှာ တစ်မြို့လုံး၊ တစ်လမ်းလုံး ပြုံးပန်းဝေတဲ့ နေ့ရက်ဟာ များမကြာမီ အမြန်ဆုံး ပြန်ရောက်လာတော့မှာ မဟုတ်ပါလား။

ပြောရရင် ဝူဟန်ဆိုတဲ့ ဒီမြို့မှာ ကျွန်မ နေလာတာလည်း နှစ်ပေါင်း ခြောက်ဆယ်ကျော် ရှိပါပြီ။ နှစ်နှစ်သမီးအရွယ်မှာ မိဘတွေနဲ့အတူ နန်ကင်းကနေ ဒီကို ရောက်လာပြီးတဲ့နောက် ဒီကနေ တစ်ခါမှ မခွဲခွာဖြစ်တော့ပါဘူး။ ကျွန်မဟာ ဒီမှာပဲ မူကြိုတက်၊ မူလတန်းတက်၊ အလယ်တန်းတက်၊ အထက်တန်းတက်၊ တက္ကသိုလ်တက်ခဲ့ပြီး အလုပ်ဝင်ခဲ့တာပါ။ ဒီမှာ သယ်ပို့ဝန်ထမ်းလုပ် (ပိုင်ပုထိန်မှာပဲလေ)၊ သတင်းထောက်လုပ်၊ အယ်ဒီတာလုပ်၊ စာရေးဆရာ လုပ်ခဲ့တာပါ။ ကျန်းပေ(မြစ်မြောက်ပိုင်း)က ဟန်ခိုမှာ ကျွန်မ နှစ်သုံးဆယ်ကျော် နေခဲ့ဖူးပါတယ်။ ကျန်းနန်(မြစ်တောင်ပိုင်း)က ဝူချန်းမှာလည်း ကျွန်မ နေလာခဲ့တာ နှစ်သုံးဆယ် ရှိပါပြီ။ ကျန်းအန့်မြို့နယ်မှာ နေထိုင်၊ ဟုန်ဆန်းမြို့နယ်မှာ ပညာသင်၊ ကျန်းဟန်မြို့နယ်မှာ အလုပ်လုပ်၊ ဝူချန်းမြို့နယ်မှာ အခြေချ၊ ကျန်းသျှမြို့နယ်မှာ အခန်းအောင်းစာရေးခဲ့ပါတယ်။ တက္ကသိုလ်ကဘွဲ့ရပြီးနောက် နှစ်သုံးဆယ်ကျော် ကာလတစ်လျှောက် ကျွန်မဟာ အလုပ်တာဝန်အမျိုးမျိုးနဲ့ အစည်းအဝေးပေါင်း

mgyoe.com

SAMPLE BOOK

မရေမတွက်နိုင်အောင် တက်ခဲ့ဖူးပါတယ်။ ကျွန်မရဲ့ အိမ်နီးချင်းတွေ၊ ကျောင်းနေဖက်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ခင်မင်ရင်းနှီးသူတွေ၊ မိတ်ဆွေတွေ အားလုံးဟာ ဒီမြို့ကြီးရဲ့ နေရာတိုင်းမှာ အမြစ်တွယ် နေထိုင်နေကြတာပါ။ တကယ့်ကို လမ်းထွက်တာနဲ့ သိတဲ့လူနဲ့ တွေ့ရတာပါပဲ။ အင်တာနက်ပေါ်မှာ ဒိုင်ယာရီ ရေးပြီး အဖေ့ကို ကယ်တင်ဖို့ ငိုယိုအကူအညီတောင်းတဲ့ ဟိုကောင်မလေးကို ကျွန်မ မှတ်မိပါပြီ။ သူ့အဖေကို ကျွန်မ သိပါတယ်။ စာရေးသူတစ်ယောက်ပါပဲ။ ၈၀ ပြည့်လွန်နှစ်တုန်းက ကျွန်မ ရုပ်သံဌာနမှာအလုပ်လုပ်နေချိန်မှာ အဲဒီလူနဲ့ သိကျွမ်းခဲ့ဖူးပါတယ်။ ဒီရက်ပိုင်းတွေမှာ ကျွန်မခေါင်းထဲ သူ့အဖေရဲ့ ပုံရိပ်တွေ တစ်ချိန်လုံး ပေါ်လာနေပါတယ်။ သူ ကွယ်လွန်သွားရှာတဲ့ သတင်းကိုသာ မကြားခဲ့ရလို့ ရှိရင် သူ့ကို ကျွန်မ မှတ်မိတော့မှာတောင် မဟုတ်ပါဘူး။

ကျွန်မအမြဲပြောဖူးပါတယ်။ ကျွန်မရဲ့ ရှိရှိသမျှသော မှတ်ဉာဏ်တွေဟာ ဒီမြို့ကြီးမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေပါတယ်။ ကျွန်မ ကလေးဘဝကနေ အသက်ကြီးပိုင်းဘဝအထိ သိကျွမ်းခဲ့သမျှ ဝူဟာန်သူ၊ ဝူဟာန်သားတွေနဲ့အတူ အမြစ်တွယ်နေခဲ့တာပါ။ ကျွန်မဟာ ရေမရောတဲ့ ဝူဟာန်သူစစ်စစ် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ရက်က အွန်လိုင်းမိတ်ဆွေတစ်ယောက် ကျွန်မဆီကို ပရိုက်ဗိတ်မက်ဆေ့ ပို့လာတယ်။ ကျွန်မဆီကို စာတစ်ပိုဒ် ပို့ပေးတာပါ။ ကျွန်မကိုယ်တိုင်တောင် မေ့နေပြီ ဖြစ်တဲ့ စာတစ်ပိုဒ်ပါ။ အဲဒါ လွန်ခဲ့သော ရာစုနှစ်ရဲ့ နှစ်တစ်နှစ်မှာ ချန်ရှောင်ချိန်း တရုတ်ဗဟိုရုပ်သံဌာန မှတ်တမ်းရုပ်ရှင်ဌာနမှာ အမှုထမ်းတုန်းက တင်ဆက်ခဲ့တဲ့ 'လူတစ်ယောက်၊ မြို့တစ်မြို့' အစီအစဉ်မှာ ကျွန်မ ဝူဟာန်အတွက် ရေးခဲ့တဲ့ စာသားဖြစ်ပါတယ်။ ကျွန်မ ရေးခဲ့တာက–

"ကျွန်မ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် မေးကြည့်တယ်။ ကမ္ဘာပေါ်က တခြားမြို့ကြီးတွေနဲ့ ယှဉ်လိုက်ရင် ဝူဟာန်ဟာ လူနေထိုင်လို့ကောင်းတဲ့နေရာတစ်ခုတော့ မဟုတ်ပါဘူး၊ အထူးသဖြင့် ရာသီဥတုက ဆိုးပါတယ်။ ဒါဖြင့်ရင် ကျွန်မက ဘာလို့ သူ့ကို သဘောကျနေရသေးတာလဲ။ သူ့ရဲ့ သမိုင်းယဉ်ကျေးမှုကြောင့်လား။ ဒါမှမဟုတ် သူ့ရဲ့ ရေမြေသဘာဝ၊ လူ့စရိုက် သဘာဝကြောင့်လား။ ဒါမှမဟုတ် သူ့ရဲ့ ရေမြေတောင်တော ရှုခင်းအလှကြောင့်လား။ တကယ်တော့ ဒါတွေ အားလုံးကြောင့် မဟုတ်ပါဘူး။ ကျွန်မ သူ့ကို သဘောကျရတဲ့ အကြောင်းရင်းက ကျွန်မ ရင်းနှီးကျွမ်းဝင်နေခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်ကမ္ဘာလုံးက မြို့ကြီးတွေကို ကျွန်မရှေ့ ချပြထားတဲ့အခါ ကျွန်မက သူ့ကိုပဲ

mgyoe.com